ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန









# ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## ပူတာအိုခရိုင်၊ ကချင်ပြည်နယ်

၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၂၅ - ၂၀၂၆ ခုနှစ်အထိ

## စီမံကိန်း အပိုင်း(၁)

ပြုစုသူ
ဦးစိုးဝင်း *B.Sc(Forestry)*
လက်ထောက်ညွှန်ကြားရေးမှူး

မတ်လ၊ ၂၀၁၆ ခုနှစ်

ကန့်သတ်

# သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | စီမံကိန်းအကျဉ်းချုပ် | ၁ | ၅ |
| | အပိုင်း (၁) လက်ရှိအခြေအနေ | ၆ | - |
| ၁ | နိဒါန်း | ၆ | ၇ |
| ၂ | အခြေခံအချက်အလက်များ | ၇ | - |
| | ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ | ၇ | ၁၄ |
| | ၂.၂ မြေအသုံးချမှု | ၁၄ | ၁၉ |
| | ၂.၃ သစ်တောသယံဇာတအရင်းအမြစ် | ၁၉ | - |
| | ၂.၃.၁ သစ်တောအမျိုးအစားများနှင့်ဧရိယာအကျယ်အဝန်း | ၁၉ | ၂၁ |
| | ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ | ၂၁ | - |
| | ၂.၃.၂.၁ ကြိုးဝိုင်းတောများ | ၂၁ | ၂၃ |
| | ၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ | ၂၃ | ၂၄ |
| | ၂.၃.၂.၃ ကြိုးပြင်တောများ (သစ်တောဖုံးလွှမ်းလျှက်ရှိသည့်အစိုးရမြေ) | ၂၄ | ၂၆ |
| | ၂.၃.၃ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ | ၂၆ | ၂၉ |
| | ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ | ၂၉ | - |
| ၃ | **လူဦးရေဆိုင်ရာအချက်အလက်များ** | ၃၀ | ၃၁ |
| ၄ | **ယခင်အုပ်ချုပ်လုပ်ကိုင်မှု** | ၃၁ | - |
| | ၄.၁ ထုတ်လုပ်ခြင်း | ၃၁ | - |
| | ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့်အုပ်ချုပ်လုပ်ကိုင်ခြင်း | ၃၁ | ၃၃ |
| | ၄.၃ လုပ်ငန်းဖွဲ့စည်းပုံနှင့်စီမံခန့်ခွဲခြင်း | ၃၄ | ၃၆ |
| | ၄.၄ လေ့ကျင့်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး | ၃၇ | - |
| | ၄.၅ အခွန်တော်ငွေနှင့်အသုံးစရိတ် | ၃၇ | ၃၉ |
| ၅ | **ယခင်လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ခြင်း** | ၃၇ | - |
| | ၅.၁ ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်မှု | ၃၇ | - |
| | ၅.၂ လူမှုရေးနှင့်လူ့အဖွဲ့အစည်းဆိုင်ရာပြဿနာများ | ၃၇ | - |
| | ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ | ၃၇ | - |
| | ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၄၀ | - |
| | ၅.၅ ပြင်ပအကြောင်းအရပ်များ၏ အကျိုးသက်ရောက်မှု | ၄၀ | - |
| | ၅.၆ လိုအပ်ချက်နှင့်ဖြည့်ဆည်းပေးနိုင်မှု | ၄၀ | - |
| | ၅.၇ အခွန်တော်ငွေနှင့်အသုံးစရိတ် | ၄၀ | - |
| | ၅.၈ လုပ်ငန်းဆိုင်ရာအခက်အခဲအတားအဆီးများ | ၄၀ | - |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၅.၉ အထွေထွေ | ၄၀ | ၄၁ |
| ၆ | **နိဂုံး** | ၄၁ | - |
| | အပိုင်း (၂) အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု | ၄၂ | - |
| ၇ | **သစ်တောမူဝါဒ** | ၄၂ | ၄၃ |
| ၈ | **အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ** | ၄၃ | - |
| | ၈.၁ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များ (၁၀ နှစ်ကာလအတွက်) | ၄၃ | - |
| | ၈.၂ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၄၄ | ၄၅ |
| ၉ | **အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲခြင်း** | ၄၅ | - |
| | ၉.၁ ထုတ်လုပ်ရေး သဘာဝသစ်တောများ | ၄၅ | - |
| | ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၄၅ | - |
| | ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ | ၄၆ | - |
| | ၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ် | ၄၆ | - |
| | ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ | ၄၆ | - |
| | ၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ | ၄၆ | - |
| | ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၄၆ | - |
| | ၉.၂.၂.၁ စိုက်ခင်းများအလုပ်တိုက်နယ် | ၄၆ | ၄၇ |
| | ၉.၂.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၄၇ | - |
| | ၉.၂.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၄၇ | - |
| | ၉.၃ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ | ၄၈ | - |
| | ၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၄၈ | - |
| | ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ | ၄၈ | - |
| | ၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ် | ၄၈ | ၅၄ |
| | ၉.၃.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း, ဥပဒေနှင့် စည်းမျဉ်း စည်းကမ်း များ ဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၅၅ | - |
| | ၉.၃.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၅၅ | - |
| | ၉.၄ ရေဝေရေလဲ သစ်တောများ | ၅၅ | - |
| | ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၅၅ | - |
| | ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၅၅ | ၅၇ |
| | ၉.၄.၂.၁ ရေဝေရေလဲသစ်တောများ အလုပ်တိုက်နယ် | ၅၇ | ၆၁ |
| | ၉.၅ သစ်မဟုတ်သည့်သစ်တောထွက် ပစ္စည်းများ | ၆၁ | - |

## စီမံကိန်းအကျဉ်းချုပ်

### စီမံကိန်းအမည်

၁။ ဤစီမံကိန်းသည် ပူတာအိုခရိုင်၊ ကချင်ပြည်နယ်အတွက် ရေးဆွဲထားသော သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ဖြစ်ပါသည်။

### စီမံကိန်းကာလ

၂။ စီမံကိန်းကာလမှာ ( ၁၀နှစ် ) (၂၀၁၆-၁၇ ခုနှစ်မှ ၂၀၂၅-၂၆ ခုနှစ်အထိ) ဖြစ်ပါ သည်။

### စီမံခန့်ခွဲမှုအခွင့်အာဏာ

၃။ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး ၏ ခွင့်ပြုချက်ကို ရယူပြီး စီမံခန့်ခွဲမှု အခွင့်အာဏာများကို ကျင့်သုံးမည် ဖြစ်ပါသည်။

### စီမံကိန်းရည်ရွယ်ချက်

၄။ ဤစီမံချက်ကို ပူတာအိုခရိုင်၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းဟု ခေါ်တွင်စေရ မည် ဖြစ်ပါသည်။ စီမံကိန်းကာလမှာ (၂၀၁၆-၁၇) ခုနှစ်မှ (၂၀၂၅-၂၆)ခုနှစ်အထိ (၁၀)နှစ် ကာလ ဖြစ်ပါသည်။ သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များ၊ သစ်တော အက်ဥပဒေ၊ သစ်တောနည်းဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေ များထိန်းသိမ်းရေး ဥပဒေ များဖြင့် စီမံခန့်ခွဲဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ပူတာအိုခရိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းကို ရေးဆွဲရာတွင် အောက်ပါ ရည်ရွယ်ချက်များ ပါရှိပါသည်။

(က) သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲ၍ အုပ်ချုပ်လုပ်ကိုင်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်ထောက်ခံချက်ပြုရေးကော်မတီမှ သတ် မှတ်ထားသော စံချိန်စံညွှန်းများဖြင့် ကိုက်ညီသည့် သစ်တောများ ကို ထာဝစဉ် တည်မြဲစေရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုအပေါ် အထောက်အကူဖြစ်စေရန်၊

(ဂ) သဘာဝဝန်းကျင်တည်ငြိမ်မှုနှင့်ဂေဟစနစ်မျှတမှုကိုပြန်လည်ရရှိ စေရန်၊

(ဃ) ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ဖြေရှင်း ရာ၌ အထောက်အပံ့ ဖြစ်စေရန်၊

(င) ပြည်သူလူထု တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကို သစ်တော မရှိသော နေရာများ၊ သစ်တောပျက်စီးပြုန်းတီးသွားသော နေရာများတွင် သစ်တောများ ပြန်လည် စိုက်ပျိုးတည်ထောင်ရန်၊

(စ) သစ်တောများ၌ ပျော်ပါးနေသော တောရိုင်းတိရစ္ဆာန်၊ ကျေးငှက် များအား သဘာဝထိန်းသိမ်းရေး နယ်မြေများ သတ်မှတ်ထိန်းသိမ်းရန်၊

(ဆ) သစ်များကို နှစ်စဉ်စနစ်တကျ ခုတ်လှဲပိုင်းဖြတ်၍ နိုင်ငံတော်၏ စီးပွားရေးကို ဖြည့်တင်းပေးနိုင်ရန်၊

(ဇ) ပြည်သူလူထုနှင့် နိုင်ငံခြားသားဧည့်သည်များ၊ ပညာရှင်များ၊ သဘာဝ ထိန်းသိမ်းရေး နယ်မြေများတွင် အပန်းဖြေခြင်း၊ သုတေသန ပြုလုပ်ခြင်းများ လာရောက်ဆောင်ရွက်နိုင်ရန်၊ သစ်တောရေးရာကိစ္စများ ထိန်းသိမ်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် မူဝါဒသဘောထားများ၊ နည်းဥပဒေ၊ အက်ဥပဒေ ဆိုင်ရာဥပဒေများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေများနှင့် လည်းကောင်း၊ နိုင်ငံတော် အစိုးရက ချမှတ်ထားသော စိုက်ခင်းများ ပြုစုပျိုးထောင်ရာတွင် ဒေသနှင့် ကိုက်ညီပြီး အဖိုးတန်သစ်တောများ ဖြစ်ပေါ်လာရေး၊ လူမှုစီးပွားရေး တိုးတက် ခြင်းနှင့် ထင်းစိုက်ခင်းများစိုက်ပျိုးခြင်းအား ပြည်သူလူထုနှင့် ပူးပေါင်းစိုက်ပျိုး ပြီး ဒေသခံပြည်သူများ လိုအပ်သည့် သစ်၊ ထင်း၊ တိုင်၊ မျော များ ထုတ်ယူသုံးစွဲ နိုင်ခြင်းစသည်တို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ခရိုင်သစ်တော စီမံချက်များအရ ဒေသခံ ပြည်သူများနှင့်ပူးပေါင်း၍ သစ်တော စိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောမရှိသောနေရာ၊ ပျက်စီးပြုန်းတီး သွားသောနေရာများတွင် ကျေးရွာသုံး ဒေသခံပြည်သူအဖွဲ့ပိုင်သစ်တောစိုက်ခင်း များတည်ထောင်ခြင်း၊ ၄င်းစိုက်ခင်းများတွင် ကျေးရွာပြည်သူလူထုနှင့် ပူးပေါင်း ပြီး ဒေသနှင့်ကိုက်ညီသည့် ဒညင်းပင်၊ လိမ္မော်ပင်၊ ဂရိတ်ဖရုပင်၊ ကြက်မောက် ပင်၊ နာနတ်ပင်၊ ရော်ဘာပင် စသည်တို့ကို သီးနှံသစ်တောအဖြစ် လည်းကောင်း၊ ဒေသခံပြည်သူလူထု အစုအဖွဲ့ပိုင် စားသုံးသစ်ပင်သစ်တောများ ဖော်ထုတ်ပေး ခြင်းဖြင့်လည်းကောင်း၊ ဓမ္မတာမျိုးဆက်နည်းဖြင့် သစ်တောများကို ပြန်လည် ပြုစုပျိုးထောင်ပေးခြင်းတို့ ပြုလုပ်ခြင်းဖြင့် နဂိုစီမံကိန်းအတွင်း ဒေသခံ ပြည်သူများ ထင်း၊ တိုင်၊ မျောများ ထုတ်ယူ အသုံးပြုနိုင်၍ စားသုံး သီးပင် တို့မှာလည်း အသီးများ ဝေဆာစွာဆွတ်ခူးရယူပြီး ရောင်းချရသော အမြတ် အစွန်းငွေများကြောင့် လူမှုစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။ ရေရှည်အကျိုးမျှော်ကိုးပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သီးနှံရောနှော စိုက်ခင်း များ၊ ပုဂ္ဂလိကပိုင် စားသုံးသစ်ပင်များ စိုက်ပျိုးလုပ်ကိုင်လာ၍ သစ်တောသစ်ပင် များ စည်ပင်လာပြီး တောပျက်များ၊ ဖုန်းဆိုး တောများ ကွယ်ပျောက်သွားမည် ဖြစ်ပါသည်။ ပူတာအိုခရိုင်တွင် စီမံကိန်းကာလအတွင်း သစ်တော သစ်ပင်များ ဖြင့် စည်ပင်သာယာ လှပ လာမည်ဖြစ်ပါသည်။

**အကျယ်အဝန်းနှင့်လူဦးရေ**

၅။ ပူတာအိုခရိုင်တွင် ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ခေါင်လံဖူး၊ ဆွမ်ပရာဘွမ် မြို့နယ်များအပါအဝင် မြို့နယ်ပေါင်း(၅)မြို့နယ် ရှိပါသည်။ ခရိုင်၏ ဧရိယာ အကျယ်အဝန်းမှာ (၆၇၉၀၈၅၆) ဧကဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ ခရိုင်၏ လူဦးရေမှာ (၉၁၂၅၇) ဖြစ်ပါသည်။

**မြေမျက်နှာသွင်ပြင်**

၆။ ပူတာအိုခရိုင်၏ မြေမျက်နှာသွင်ပြင် အနေအထားမှာ မြင့်မားသည့် တောင်တန်းများရှိပြီး မေခ၊ မလိခမြစ်၏ အရှေ့ဘက်နှင့်အနောက်ဘက်ကမ်းတစ်လျှောက် သွယ်တန်းလျက် ရှိပါသည်။ အမြင့်ဆုံးတောင်များမှာ ခါကာဘိုရာဇီတောင်ဖြစ်ပြီး ပင်လယ် ရေမျက်နှာပြင်အထက် အမြင့် ၁၉၂၉၆ပေ မြင့်ပါသည်။ အခြားထင်ရှားသောတောင်များမှာ မဒွယ်ရာဇီတောင် (၁၅၁၅၈) ပေ၊ ဖုန်ကန်ရာဇီတောင်(၁၁၅၀၀)ပေတို့ ဖြစ်ကြပါသည်။ ထုံးကျောက်လှိုင်ဂူများနှင့် ရေတံခွန်များလည်း ရှိပါသည်။ ပူတာအိုခရိုင်အတွင်း ဧရာဝတီမြစ်၏ မြစ်ဖျားဖြစ်သော မေခ၊ မလိခမြစ်သည် မြောက်မှ တောင်သို့ ဖြတ်သန်း စီးဆင်းလျှက် ရှိပါသည်။

**ရာသီဥတု**

၇။ လွန်ခဲ့သော (၁၀)နှစ်တာကာလ အတွင်း ပူတာအိုခရိုင်၏ အမြင့်ဆုံးနှင့် အနိမ့်ဆုံး အပူချိန်များမှာ ၃၅.၃၈ နှင့် ၃.၀၀ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး၊ ပျမ်းမျှအပူချိန်မှာ ၂၂.၁၃ ဒီဂရီ စင်တီဂရိတ် ဖြစ်ပါသည်။ ပျမ်းမျှစိုထိုင်းစမှာ ၉၁.၄၁ % ဖြစ်ပါသည်။ ပျမ်းမျှမိုးရေချိန်မှာ (၁၀.၈၇) လက်မ ဖြစ်ပါသည်။

**သစ်တောမြေအသုံးချမှု**

၈။ ၂၀၁၅ ခုနှစ်တွင် ပူတာအိုခရိုင်၏ သစ်တောမြေအသုံးချမှုအခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| စဉ် | အမျိုးအစား | အရေ အတွက် | ဧရိယာ (ဧက) | ခရိုင် ဧရိယာ ၏ (%) |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ကြိုးဝိုင်းတော | ၁ | ၄၆၀၆၉ | ၀.၆၇ |
| ၂ | ကြိုးပြင်ကာကွယ်တော | ၅ | ၁၂၄၁၆၅၅ | ၁၈.၂၈ |
| ၃ | သဘာဝထိန်းသိမ်းရေးနယ်မြေ | ၃ | ၂၀၆၈၄၈၀ | ၃၀.၄၆ |
| | **စုစုပေါင်း** | **၉** | **၃၃၅၆၂၀၄** | **၄၉.၄၂** |

**တောအမျိုးအစားနှင့်သစ်၊ ကြိမ်၊ ဝါးများ**

၉။ ပူတာအိုခရိုင်အတွင်း အဓိကရှိသည့် တောအမျိုးအစားမှာ တောင်ပေါ်တော၊ အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှောတော၊ ထင်းရှူးတောမျိုးများဖြစ်ပြီး တောင်ပေါ်တောတွင် တွေ့ရသော အပင်များမှာ လောက်ယား၊ စကားဝါ၊ အုံတုံ။ သစ်ချ၊ သစ်အယ်၊ ကျီးလန်၊ ကရဝေးနှင့် သစ်ဂျပိုးပင်တို့ပေါက်ပါသည်။ အမြဲစိမ်းတောတွင် ကညင်၊ ကန့်ကော်၊ ကျီးလန်၊ ပိုးဇာ၊ တောင်တမာ၊ သဖန်း၊ စက်ကတုံး၊ စကားဝါ၊ မအူလက်တံရှည်၊ အောက်ချင်းစာ (ခလောင်)နှင့် ဝါးအမျိုးမျိုးတို့ ပေါက်ရောက်ပါသည်။ ရွက်ပြတ်ရောနှောတောတွင် တမလန်း၊ ထောက်ကြံ့၊ သရက်၊သဖန်း ၊ ကြက်ရိုး တို့ပေါက်ရောက်ပြီး ဝါးအမျိုးမျိုးတို့ပေါက်ပါသည်။ ထင်းရှူးတောတွင် ထင်းရှူး၊ ထင်းရှူးပြာတို့ ပေါက်ရောက်ပါသည်။ ပူတာအိုခရိုင်အတွင်း ယမထာကြိမ်၊ ရေကြိမ်၊ တောင်ကြိမ်တို့ အများအပြားပေါက်ရောက်ပြီး ကြိမ်နီ၊ ကြက်ဥကြိမ် တို့လည်း ပေါက်ပါသည်။

**လွန်ခဲ့သည့်(၁၀)နှစ်တာကာလအတွင်းထုတ်လုပ်မှု**

၁၀။ ပူတာအိုခရိုင်အတွင်း ယခင်က သစ်ထုတ်လုပ်မှု မရှိခဲ့ပါသဖြင့် ဖော်ပြနိုင်ခြင်း မရှိပါ။

**သစ်အခြေခံစက်မှုလုပ်ငန်းများ**

၁၁။ ပူတာအိုခရိုင်အတွင်း သစ်အခြေခံစက်မှုလုပ်ငန်းများ တည်ထောင် လုပ်ကိုင်လျက် ရှိပြီး ပုဂ္ဂလိကပိုင် စက်သေး(၁၄)စက်နှင့် အိမ်တွင်းစက်မှုလက်မှု (၃)စက် ရှိပါသည်။

**အလုပ်တိုက်နယ်များ**

၁၂။ ပူတာအိုခရိုင်ကို အောက်ဖော်ပြပါအတိုင်း အလုပ်တိုက်နယ်များ ဖွဲ့စည်း တည်ထောင်ထားပြီး ချမှတ်ရေးဆွဲထားသော လုပ်ငန်းအစီအစဉ်များနှင့်အညီ သိပ္ပံနည်းကျ အုပ်ချုပ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

**(က) ထုတ်လုပ်ရေးအလုပ်တိုက်နယ်**

ဖွဲ့စည်းထားခြင်းမရှိပါ။

**(ခ) စိုက်ခင်းများအလုပ်တိုက်နယ်**

ဖွဲ့စည်းထားခြင်းမရှိပါ။

**(ဂ) ဒေသထောက်ပံ့ရေးသစ်တောများအလုပ်တိုက်နယ်**

ဤအလုပ်တိုက်နယ်ကို ဧရိယာ(၄၁၇၂၆၅)ဧကဖြင့် ဖွဲ့စည်းထားပါသည်။ စိုက်ကွက်စဉ် (၇) ခု ပါဝင်ဖွဲ့စည်းထားပါသည်။

**(ဃ) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ်**

ဤအလုပ်တိုက်နယ်ကို ဧရိယာ(၂၃၆၄၉၃)ဧကဖြင့် ဖွဲ့စည်းထားပါသည်။ ကြိမ်အလုပ်တိုက်နယ် တစ်ခုတည်းကိုသာ ဖွဲ့စည်းထားပါသည်။

(င) ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို ဧရိယာ(၂၁၁၇၄၄၇)ဧကဖြင့် ဖွဲ့စည်းထားပါသည်။ လုပ်ကွက်စဉ်(၅)ခု ဖြင့် ဖွဲ့စည်းထားပါသည်။

**တည်ထောင်ပြီးစိုက်ခင်းများ**

၁၃။ စိုက်ခင်းတည်ထောင်မှုအနေဖြင့် ၂၀၀၉-၁၀ခုနှစ်အထိ၊ ကျေးရွာထင်းစိုက်ခင်း (၈၆၀) ဧကနှင့် ရေဝေရေလဲစိုက်ခင်း(၁၂၁၁)ဧက၊ စုစုပေါင်း(၂၀၇၁)ဧကတို့ကို တည်ထောင်ပြီးဖြစ်ပါသည်။

**သဘာဝထိန်းသိမ်းရေးနယ်မြေများ**

၁၄။ ပူတာအိုခရိုင်အတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေ(၃)ခု ဖွဲ့စည်းတည်ထောင်ထားရှိပြီး ဧရိယာ(၂၀၆၈၄၈၀)ဧက ဖြစ်ပါသည်။ သဘာဝအနေအထားအရ ဖြစ်ပေါ် တည်ရှိနေသည့် ဂေဟစနစ်ကို ကာကွယ် ထိန်းသိမ်းလျှက် သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုလုပ်ရန်အတွက်လည်းကောင်း၊ ရှုခင်းပသာဒနှင့် ကိုယ်စိတ်အပန်းဖြေစေရန်အတွက်လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အတွက်လည်းကောင်း၊ ဖွဲ့စည်းတည်ထောင်အုပ်ချုပ်လုပ်ကိုင်ခြင်း ဖြစ်ပါသည်။ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကို သဘာဝအနေအထားအတိုင်း ထိန်းသိမ်း ကာကွယ်ထားပါသည်။ ရှားပါးတိရစ္ဆာန်များဖြစ်သည့် ကတိုးကောင်၊ တားကင်(သားမင်း)၊ ဝက်ဝံ၊ တောဆိတ်၊ တောင်ဆိတ်၊ ဂျီ၊ ဆတ်၊ တောဝက်များ မျိုးပွားပေါက်ဖွားနိုင်ပါသည်။

**သစ်တောခရိုင်ဖွဲ့စည်းပုံ**

၁၅။ ပူတာအိုခရိုင်တွင်(ခ)အဆင့်မြို့နယ်(၁)မြို့နယ်ပါဝင်ပြီး၊မြို့နယ်ဦးစီးဌာနမှူး (၁)ဦး၊ တောအုပ်(၂)ဦး၊ တောခေါင်း (၅)ဦးအပါအဝင် စုစုပေါင်း ဝန်ထမ်း(၁၀)ဦး ဖြင့် ဖွဲ့စည်း ထားပါသည်။

# အပိုင်း(၁)
# လက်ရှိအခြေအနေ

**၁။ နိဒါန်း**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၏ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၅-၁၆ ခုနှစ်အထိ (၁၀)နှစ်တာကာလအတွက် စတင်ရေးဆွဲခဲ့ပါသည်။ ထိုစဉ်က ကချင်ပြည်နယ်၊ သစ်တောဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးမင်းဒင်မှ ဦးဆောင်၍ မြစ်ကြီးနား၊ သစ်တောခရိုင်ဦးစီးမှူး၊ ဦးကျော်တင့် (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် ပူတာအိုမြို့နယ်၊ သစ်တောဦးစီးဌာနမှူး ဦးမောင်ဆွေ တို့ ပူးပေါင်းရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၀ ခုနှစ်၊ ဧပြီလ(၂၆)ရက်နေ့တွင် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ပြန်လည် ပြုစုရေးဆွဲရေးဆိုင်ရာ အစည်းအဝေးတွင် သစ်တောဦးစီးဌာန၏ သစ်တောခရိုင်များအလိုက် ရေးဆွဲခဲ့ပြီးသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ပြန်လည်သုံးသပ်ရာတွင် လက်ရှိ အခြေအနေနှင့် လိုက်လျောညီထွေ ရှိစေရန်အတွက် ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်လျှက် ရှိပါကြောင်းနှင့် စီမံကိန်းများကို လက်ရှိ အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် သစ်တောများ ထာဝစဉ်တည်တံ့စေသော အုပ်ချုပ်လုပ်ကိုင်မှု နည်းစနစ်များနှင့်အညီ ပြန်လည်ပြုစုရေးဆွဲနိုင်ရေးအတွက် အားလုံးက အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း လမ်းညွှန်ချက်အရ ပြည်နယ် သစ်တောဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး၊ ဦးစိုးဝင်း(၃)မှ ဦးဆောင်၍ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးတင်မောင်လွင် နှင့် ပူတာအိုမြို့နယ်၊ သစ်တောဦးစီးအရာရှိ၊ ဦးမောင်ဆွေတို့ ပြန်လည် ပြင်ဆင်ရေးဆွဲခြင်း ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် မေလ (၂၅) ရက်နေ့မှ (၂၇) ရက်နေ့ထိ ဦးစီးရုံးချုပ်၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ပြန်လည်ပြုစု ရေးဆွဲရေးဆိုင်ရာ အစည်းအဝေးတွင် သစ်တောဦးစီးဌာန၏ သစ်တောခရိုင်များအလိုက် ရေးဆွဲခဲ့ပြီးသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများကို ပြန်လည်သုံးသပ်ရာတွင် လက်ရှိ အခြေအနေနှင့် လိုက်လျောညီထွေ ရှိစေရန်အတွက် ပြန်လည် ပြင်ဆင်ရေးဆွဲရန် လိုအပ်လျှက် ရှိပါကြောင်းနှင့် စီမံကိန်းများကို လက်ရှိ အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် သစ်တောများ ထာဝစဉ်တည်တံ့စေသော အုပ်ချုပ်လုပ်ကိုင်မှု နည်းစနစ်များနှင့်အညီ ပြန်လည်ပြုစု ရေးဆွဲနိုင်ရေးအတွက် အားလုံးက အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း လမ်းညွှန်ချက်အရ ပြည်နယ် သစ်တောဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး၊ ဦးသိန်းမြင့်မှ ဦးဆောင်ကြီးကြပ်မှုဖြင့် ပူတာအိုခရိုင်ရှိ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ ပြင်ဆင် ရေးဆွဲရန်အတွက် **(working group)** ဖွဲ့စည်း၍ ကချင်ပြည်နယ်ရုံး၊ ဦးစီးအရာရှိ ဦးစိုးဝင်းမှ ညွှန်ကြားရေးမှူး၏ တာဝန်ပေးချက်အရ ကူညီအားဖြည့်ကာ ပူတာအိုမြို့နယ်၊ မြို့နယ် ဦးစီးဌာနမှူး ဦးနိုင်လင်းစိန်မှ ပြန်လည် ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

ပူတာအိုခရိုင်သည် ဧရိယာကျယ်ဝန်းသည့်အပြင် တောတောင် ထူထပ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် နယ်မြေလုံခြုံရေးအခြေအနေ စိတ်မချရခြင်း အပြင် လက်ရှိ ဂန်ထမ်းအင်အားနှင့် အသေးစိတ် ကွင်းဆင်းသွားရောက် နိုင်ခြင်းမရှိပါ။ မြို့နယ်နီးကပ်၍ လုံခြုံရေးအရ သွားလာနိုင်သောနေရာများသို့ ကွင်းဆင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အချိန်တိုအတွင်း ရေးဆွဲခြင်းဖြစ်သဖြင့် အားနည်းချက်များ ပါရှိပါသည်။ နောင်ဆက်လက်ရေးဆွဲပါက ပိုမိုပြည့်စုံကောင်းမွန်မည့် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတစ်ခု ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်းတင်ပြ အပ်ပါသည်။

## ၂။ အခြေခံအချက်အလက်များ

### ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ

#### ၂.၁.၁ တည်နေရာ၊ ဧရိယာနှင့် ဥပဒေအကျိုးသက်ရောက်မှု

(က) ပူတာအိုခရိုင်အတွင်း ပူတာအိုမြို့နယ်၊ မချမ်းဘောမြို့နယ်၊ နောင်မွန်း မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆွမ်ပရာဘွမ် မြို့နယ် တို့ ပါဝင်ပါသည်။

(ခ) ပူတာအိုခရိုင်သည် မြောက်လတ္တီတွဒ် ၂၆ ဒီဂရီ ၂၅ မိနစ် နှင့် ၂၈ ဒီဂရီ ၄၈ မိနစ်ကြား အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ၊ ၉၈ဒီဂရီ ၄၀ မိနစ်ကြား အတွင်း တည်ရှိပါသည်။

ပူတာအိုခရိုင်၏

| | | |
|---|---|---|
| မြောက်ဘက်တွင် | - | တရုတ်ပြည်သူ့သမ္မတနိုင်ငံ |
| အရှေ့ဘက်တွင် | - | တရုတ်ပြည်သူ့သမ္မတနိုင်ငံ |
| တောင်ဘက်တွင် | - | မြစ်ကြီးနားခရိုင် |
| အနောက်ဘက်တွင် | - | အိန္ဒိယနိုင်ငံတို့ ဝန်းရံလျက်ရှိပါသည်။ |

ပူတာအိုခရိုင်သည် ဧရိယာ အကျယ်အဝန်းအားဖြင့် (၆၇၉၀၈၅၆)ဧကေ ရှိပါ သည်။ ကြိုးဝိုင်းတော(၁)ခု၊ ဧရိယာအားဖြင့် (၄၆ဝ၆၉)ဧကေ ရှိပြီး သဘာဝထိန်းသိမ်းရေးနယ်မြေ(၃)ခု ဧရိယာအားဖြင့် (၂၀၆၈၄၈၀) ဧကရှိပါသည်။ ကြိုးပြင်ကာကွယ်တော(၅)ခု ဧရိယာအားဖြင့် (၁၂၄၁၆၅၅)ဧက ရှိပါသည်။ ပူတာအိုခရိုင်အတွင်းရှိ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများကို **ဇယား(၂.၁.၁)** တွင် ဖော်ပြအပ်ပါ သည်။

# ပူတာအိုခရိုင်အတွင်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/သဘာဝထိန်းသိမ်းရေးနယ်မြေစာရင်း

ဇယား (၂.၁.၁)

| စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/ သဘာဝထိန်းသိမ်းရေးနယ်မြေအမည် | ဧရိယာ (ဧက) | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | **ကြိုးဝိုင်းတော** | | | |
| ၁ | နမ်ထုံ | ၄၆၀၆၉ | ၂၃(၂၀-၁-၉၅) | |
| | **ကြိုးပြင်ကာကွယ်တော** | | | |
| ၁ | နမ့်ပလပ်(ပူတာအို) | ၁၃၈၂၄၀ | ၄၈(၂၂-၁၂-၂၀၀၄) | |
| ၂ | မူလာဒီး(ပူတာအို) | ၃၇၃၄၄၀ | ၄၇(၂၂-၁၂-၂၀၀၄) | |
| ၃ | ထီခ(မချမ်းဘော) | ၂၂၁၈၄၄ | ၂၆(၂၆-၉-၂၀၀၅) | နောင်မွန်း |
| ၄ | ရှန်ခ(မချမ်းဘော) | ၂၂၅၃၃၄ | ၀၂ (၁၂-၁-၂၀၁၂) | ၁၆၂၄၄၂ |
| ၅ | ဂျိတ်ခ(မချမ်းဘော) | ၂၈၂၇၉၇ | ၀၁(၁၂-၁-၂၀၁၂) | |
| | **ပေါင်း** | **၁၂၄၁၆၅၅** | | |
| | **သဘာဝထိန်းသိမ်းရေးနယ်မြေ** | | | |
| ၁ | ခါကာဘိုရာဇီ(နောင်မွန်) | ၉၄၂၀၈၀ | ၃(၃၀-၁-၉၆) | |
| ၂ | ဖုန်ကန်ရာဇီ(ပူတာအို၊မချမ်းဘော၊နောင်မွန်း) | ၆၆၈၁၆၀ | ၄၇(၂၁-၈-၂၀၀၁) | ပူတာအို, ၄၀၉၆၀၀ နောင်မွန်း, ၁၇၄၈၀၈ မချမ်းဘော, ၈၃၇၅၂ |
| ၃ | ဘွမ်ဖာဘွမ်း(ဆွမ်ပရာဘွမ်) | ၄၅၈၂၄၀ | ၄၀(၉-၈-၂၀၀၄) | |
| | **ပေါင်း** | **၂၀၆၈၄၈၀** | | |
| | **ခရိုင်ပေါင်း** | **၃၃၅၆၂၀၄** | | |

ဇစ်မြစ်-သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်

## ၂.၁.၂ မြေမျက်နှာသွင်ပြင်

ပူတာအိုခရိုင်၏ မြေမျက်နှာပြင်အနေအထားမှာ များသောအားဖြင့် မြင့်မားသော တောင်တန်းကြီးများ၊ တောင်ကုန်းမြင့်များ ရှိသော်လည်း မြေပြန့် ချိုင့်ဝှမ်း၊ မြေနိမ့် ဒေသများလည်းရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်းများကို များသောအားဖြင့် မတ်စောက်သော တောင်တန်းများက ဝန်းရံလျှက်ရှိပြီး တောင်တန်းများသည် အရှေ့မြောက်ဘက်မှ အနောက်တောင်သို့ သွယ်တန်းလျှက် ရှိကြပါသည်။ ထင်ရှားသောမြေနိမ့်ချိုင့်ဝှမ်းလွင်ပြင်မှာ ပူတာအိုလွင်ပြင်ဖြစ်ပြီး အကျယ်အဝန်း ဧက (၁၅၀၀၀) ခန့်ရှိပါသည်။ မလိခမြစ်၊ မေခမြစ်၊ မူလာချောင်း၊ နမ့်ပလပ်ချောင်း ဝဲ/ယာတို့တွင်လည်း မြေနိမ့်မြေပြန့်များ တည်ရှိကြပြီး အများအားဖြင့် တောင်များ ဝန်းရံထားကြပါသည်။

## ၂.၁.၃ ဘူမိဗေဒနှင့် မြေဆီလွှာ

ပူတာအိုခရိုင်တွင်နီညိုတောမြေ၊ တောင်မြင့်နီညိုတောမြေ၊ ကမ္ဘာမြေမဲနှင့် ကျောက်ပြုန်းမြေ(အများဆုံး)၊ ဝါညိုတောမြေ (အသင့်အတင့်)၊ လယ်မြေ (အနည်းငယ်)၊ မြစ်ချောင်းများ ဝဲယာရှိ မြေနိမ့်အရပ်များတွင် နုန်းတင်မြေနု(အနည်းငယ်)များ တွေ့ရှိနိုင်ပါသည်။ ပူတာအိုမြို့နယ်၊ အထက်ဆန်ဂေါင်ကျေးရွာ အနီးတွင် အစိမ်းရောင်ရှိ ကျောက်များ တူးဖော်ခြင်း၊ ပူတာအို၊ မချမ်းဘောမြို့၊ နောင်မွန်မြို့၊ ဆွမ်ပရာဘွမ်မြို့နှင့် ခေါင်လန်ဖူးမြို့နယ်များတွင် ရွှေကျင်ခြင်းများ ပြုလုပ်ကြပါသည်။ မြို့နယ်အလိုက်တွေ့ရှိနိုင်သော မြေအမျိုးအစားများကိုဇယား(၂-၁-၃)ဖြင့်ဖော်ပြထားပါသည်။

**ပူတာအိုခရိုင်အတွင်းမြို့နယ်/ကြိုးဝိုင်းအလိုက် တွေ့ရှိရသောမြေအမျိုးအစား**

ဇယား(၂.၁.၃)

| စဉ် | မြို့အမည် | ကြိုးဝိုင်းအမည် | မြေအမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | မြန်မာ အမည် | FAO အမည် | Land Use အမည် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ပူတာအို | နမ်ထုံ | သဲနှင့်ကျောက် အနည်းငယ် ပါဝင်သောညိုဝါ ရွှံ့စေးမြေ သဲနှင့်ကျောက်ပို၍ အနည်းငယ်ပါဝင် သောညိုဝါရွှံ့စေးမြေ သဲအနည်းပါ အညိုရောင်ရွှံ့စေးမြေ အညိုရောင်နှင့် မဲရင့်ရောင်ရှိသော သဲဆန်သည့်ရွှံ့စေးမြေ | | Yellowish Brown Clayey SILT, Some sand Some Gravel Yellowish Brown Clayey SILT, Some sand Trace Gravel Brown clayeySILT some sand Dark Brownish Gravey,sandy SILT | |

ဇစ်မြစ်-သစ်တောဦးစီးဌာန၊ပူတာအိုခရိုင်

## ၂.၁.၄ ရာသီဥတု

ပူတာအိုခရိုင်သည် မြောက်ဘက် ပေ(၉၀၀၀)ကျော်မြင့်သော တောင်တန်း ဒေသများတွင် သမပိုင်း ရာသီဥတု၊ တောင်ဘက် ပေ(၉၀၀၀)ထက်နိမ့်သော တောင်ပေါ်ဒေသများတွင် အပူလျော့ပိုင်း ရာသီဥတုနှင့် အချို့မြေပြန့် အနိမ့် ပိုင်းဒေသတွင် အပူပိုင်းရာသီဥတု ရှိပါသည်။ ပူတာအိုခရိုင်၏ ထူးခြားချက်မှာ နွေဥတုဟူ၍ ပြောပလောက်အောင်မရှိဘဲ ဆောင်းနှင့်မိုးသည် ဆက်စပ်လျှက် ရှိပါသည်။ တောင်တန်းဒေသများတွင် နွေဥတုမှာ မရှိသလောက်ဖြစ်ပြီး မိုးဥတုနှင့် ဆောင်း

ဥတုသာ ရှိပါသည်။ ပူတာအိုခရိုင်၏ ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လစဉ်ပျမ်းမျှ မိုးရေချိန်၊ လစဉ်ပျမ်းမျှအပူချိန်၊ အမြင့်ဆုံးအပူချိန်၊ အနိမ့်ဆုံးအပူချိန်၊ စိုထိုင်းဆများကို **ဇယား(၂.၁.၄)**တွင် ဖော်ပြထား ပါသည်။

## ပူတာအိုခရိုင်၂၀၀၆- ၀၇ ခုနှစ်မှ ၂၀၁၅-၁၆ ခုနှစ်အတွင်း နှစ်အလိုက် ရာသီဥတုဆိုင်ရာ ကိန်းဂဏန်းများ

## (၂၀၀၆- ၂၀၀၇ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ)

**မိုးလေဝသစခန်းတည်နေရာ - ပူတာအိုမြို့** **ဇယား(၂.၁.၄)**

| စဉ် | လအမည် | မိုးရေချိန် (လက်မ) | ပျမ်းမျှ အပူချိန် (စင်တီဂရိတ်) | အမြင့်ဆုံး အပူချိန် (စင်တီဂရိတ်) | အနိမ့်ဆုံး အပူချိန် (စင်တီဂရိတ်) | စိုထိုင်းဆ (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ဇန်နဝါရီ | ၀.၅၆ | ၁၃.၇၇ | ၂၄.၅၅ | ၃.၀၀ | ၉၉.၀၀ |
| ၂ | ဖေဖော်ဝါရီ | ၁.၃၃ | ၁၆.၁၂ | ၂၈.၂၂ | ၄.၀၃ | ၉၅.၀၀ |
| ၃ | မတ် | ၂.၂၆ | ၁၉.၉၆ | ၃၂.၂၀ | ၇.၇၂ | ၈၃.၀၀ |
| ၄ | ဧပြီ | ၅.၅၃ | ၂၂.၇၈ | ၃၃.၆၈ | ၁၁.၈၈ | ၈၁.၀၀ |
| ၅ | မေ | ၇.၉၈ | ၂၅.၆၉ | ၃၅.၃၈ | ၁၆.၀၁ | ၈၅.၀၀ |
| ၆ | ဇွန် | ၁၄.၈၆ | ၂၇.၆၉ | ၃၄.၈၈ | ၂၀.၅၀ | ၉၃.၀၀ |
| ၇ | ဇူလိုင် | ၃၈.၉၈ | ၂၈.၀၁ | ၃၄.၅၅ | ၂၁.၄၈ | ၉၈.၀၀ |
| ၈ | ဩဂုတ် | ၂၃.၇၉ | ၂၈.၂၆ | ၃၅.၁၈ | ၂၁.၃၄ | ၉၈.၀၀ |
| ၉ | စက်တင်ဘာ | ၂၈.၀၆ | ၂၇.၃၉ | ၃၄.၇၄ | ၂၀.၀၅ | ၉၅.၀၀ |
| ၁၀ | အောက်တိုဘာ | ၆.၃၄ | ၂၂.၉၃ | ၃၃.၁၀ | ၁၂.၇၆ | ၈၅.၀၀ |
| ၁၁ | နိုဝင်ဘာ | ၀.၅၉ | ၁၈.၅၇ | ၂၉.၁၄ | ၈.၀၀ | ၂၈၃၁.၈ |
| ၁၂ | ဒီဇင်ဘာ | ၀.၂၃ | ၁၄.၄၉ | ၂၅.၅၅ | ၃.၄၄ | ၉၆.၀၀ |

ဇစ်မြစ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူးဦးစီးဌာန၊ ပူတာအိုမြို့နယ်။

## ပူတာအိုခရိုင်အတွင်း နှစ်အလိုက်မိုးရေချိန်စာရင်း

**ဇယား (၂-၁-၄) က**

| ခုနှစ် | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| မိုးရေချိန် | ၁၄၅.၅၆ | ၁၇၄.၁၀ | ၁၅၂.၈၀ | ၁၃၁.၄၉ | ၁၆၃.၁၇ | ၁၇၆ | ၁၈၅.၀၀ | ၁၃၃.၀၀ | ၁၀၆.၀၀ | ၁၃၅.၀၀ |




**ပူတာအိုခရိုင်အတွင်း နှစ်အလိုက် အမြင့်ဆုံးနှင့် အနိမ့်ဆုံးအပူချိန်**

**( ၂၀၀၆- ၂၀၀၇ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ)**




### ၂.၁.၅ ဇလဗေဒ၊ ရေစီးရေလာနှင့်ရေရရှိမှု

ပူတာအိုခရိုင်အတွင်း မြောက်မှတောင်သို့စီးဆင်းနေသော မလိခမြစ်အတွင်း သို့ နမ့်ပလပ်ချောင်း၊ မူလာချောင်း၊ နမ့်ယတ်ချောင်းများသည် မြစ်၏ အနောက်ဘက် မှ စီးဝင်ကြသည်။ မေခမြစ်သည် ခေါင်လန်ဖူးမြို့နယ်အတွင်း မြစ်ဖျားခံလျက် တောင်ဘက်သို့ မြစ်ကြီးနားခရိုင် ဆော့လော်မြို့နယ်အတွင်း ဆက်လက် စီးဆင်း သွားသည်။ ဤခရိုင်အတွင်းရှိ မြစ်ချောင်းများသည် ကျဉ်းမြောင်းကောက်ကွေ့ပြီး ကျောက်ဆောင်များပေါများကာ ရေစီး အလွန်သန် ကြပါသည်။

## ၂.၁.၆ အပင်များ

ပူတာအိုခရိုင်အတွင်း တောင်ပေါ်တော၊ အမြဲစိမ်းသစ်တော၊ ရွက်ပြတ်ရောနှော တော၊ ထင်းရှူးတောများ တွေ့ရပါသည်။ တောင်ပေါ်တောတွင် တွေ့ရသော အပင်များမှာ လောက်ယား၊ စကားဝါ ၊ အုံတုံ၊ သစ်ချ၊ သစ်အယ်၊ ကြီးလန်၊ ထင်းရှူး၊ ကရဝေးနှင့် သစ်ဂျပိုးပင်တို့ပေါက်ပါသည်။ အမြဲစိမ်းတောတွင် ကညင်၊ ကံ့ကော်၊ ကြီးလန်၊ ပိုးစာ၊ တောင်တမာ၊ သဖန်း၊ စက္ကတုံး၊ စကားဝါ၊ မအူလက်တံရှည်၊ အောက်ချင်းစာ၊ (ခလောင်) နှင့် ဝါးအမျိုးမျိုးပေါက်ရောက် ပါသည်။ ရွက်ပြတ်/ရောနှောတောတွင် တမလန်း၊ ထောက်ကြံ့၊ သရက်၊ သဖန်း၊ ကြက်ရိုးတို့ပေါက်ပြီး ဝါးအမျိုးမျိုးတို့ ပေါက်ပါသည်။ ပူတာအိုခရိုင် အတွင်း ယမထာကြိမ်၊ ရေကြိမ်၊ တောင်ကြိမ်တို့ အများအပြားပေါက်ပြီး ကြိမ် နီ၊ ကြက်ဥကြိမ်တို့လည်းပေါက်ရောက်ပါသည်။

## ၂.၁.၇ သားငှက်တိရစ္ဆာန်များ

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအချိန်က ပူတာအိုခရိုင်အတွင်း တောရိုင်းတိရစ္ဆာန်များကို အမြောက်အများတွေ့ရှိခဲ့သော်လည်း စစ်အတွင်းနှင့် စစ်ကြီးပြီးချိန်၌ မသမာသူများ ၏ မတရားပစ်ခတ်သတ်ဖြတ်မှုကြောင့် တောရိုင်းတိရစ္ဆာန် အရေအတွက်များစွာ လျော့နည်းသွားရပါသည်။ လက်ရှိ အခြေအနေတွင် တွေ့ရှိနိုင်သော တိရစ္ဆာန်များမှာ နို့တိုက်သတ္တဝါများအဖြစ် လင်းဆွဲ၊ မျောက်လေပွေ၊ မျောက်မောင်းမ၊ မျောက် မျက်ကွင်းဖြူ၊ မျောက်မြီးရှည်၊ ဖျံ၊ ကြောင်မြင်း၊ ကြောင်ပျံ၊ မွေ့ပါ၊ တောဝက်၊ ဝက်ဝံ၊ ဂျီ၊ ဒရယ်၊ ဆင်၊ ဆတ်၊ ပြောင်၊ စိုင်၊ သားမင်း၊ ယုန်၊ ရှူးပျံ၊ ရှဉ့်၊ ဖြူ၊ ပွေး၊ မြေခွေးတို့ ဖြစ်ကြပါသည်။ ငှက်များမှာ တောကျီးကန်း၊ ငှက်တော်ပြာ၊ ဝါးရောင်းငှက်၊ သစ် ခေါက်ငှက်၊ ငှက်ပြာစိပ်၊ ရွှေပြည်စိုး၊ ဘွတ်ဖင်နီ၊ ကွတ်ကလုံး၊ သပိတ်လွယ်ငှက်၊ ငှက်လက်မ၊ ဆက်ရက်၊ တောဆက်ရက်၊ ပျံလွှား၊ ဥဩ၊ ဘုတ်၊ ကြက်တူရွေး၊ ငှက်ခါး၊ ပုစင်းတိုး၊ ပိန်ညင်း၊ အောက်ချင်း၊ အောင်လောင်၊ မြေဝက်၊ ဇီးကွက်၊ ဒီးဒုတ်၊ တောလုံ၊ စွန်ခေါင်းဖြူ၊ ချိုးသိန်း၊ ငှရွှေဝါ၊ ငု၊ ငုံး၊ ခါ၊ ရေကြက်မ၊ စနိုက်၊ ဇင်ယော်၊ ငှက်ကြီးဝန်ပို၊ ဒင်ကြီး၊ ဖျိုင်းအောင်၊ ရေစစ္စလီ၊ ဖျိုင်းငန်း၊ ဟသ်ာ၊ ဘဲခေါင်းစိမ်း စသည့် ငှက်များကို ပူတာအိုခရိုင် အတွင်း တွေ့ရှိရပါသည်။

## ၂.၁.၈ အခြေခံအဆောက်အဦ

### ၂.၁.၈.၁ အဆောက်အအုံ၊ လမ်းနှင့်တံတားများ

ပူတာအိုခရိုင်များအတွင်းရှိ သစ်တောဦးစီးဌာနပိုင် အဆောက်အအုံများ (ရုံး၊ နေအိမ် အဆောက်အဦများ စာရင်းကို **အတွဲ(၂) ဇယား (၂-၁-၈-၁)က** တွင် ဖော်ပြအပ်ပါသည်။) ပူတာအိုခရိုင်အတွင်း သစ်တောဦးစီးဌာနမှ တာဝန်ယူ

ဖောက်လုပ်သည့် သစ်တောလမ်းများ၊ သစ်ထုတ်လမ်းများ၊ တံတားများ သီးခြား ဖောက်လုပ်ထားခြင်း မရှိပါ။

**၂.၁.၈.၂ ဆက်သွယ်ရေး**

ပူတာအိုခရိုင်အတွင်းရှိ ဆက်သွယ်ရေးစာရင်းများကို မြို့နယ်အလိုက် **ဇယား (၂-၁-၈-၂)** တွင် ဖော်ပြအပ်ပါသည်။

**ခရိုင်အတွင်းရှိ မြို့နယ်အလိုက်ဆက်သွယ်ရေးစနစ်အသုံးပြုမှုဇယား**

**ဇယား(၂-၁-၈-၂)**

| စဉ် | မြို့နယ် | အသုံးပြုသည့်ဆက်သွယ်ရေးစနစ်များ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | တယ်လီဖုန်း | ကြိုးမဲ့ကြေးနန်း | ဖက်စ် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁။ | ပူတာအို | ၀၉၈၄၀၀၂၃၆ | √ | - | မြို့နယ် သစ်တောရုံး |
| ၂။ | မချမ်းဘော | - | √ | - | |
| ၃။ | နောင်မွန်း | - | √ | - | |
| ၄။ | ခေါင်လန်ဖူး (ခေါ်ဘူဒဲ) | - | √ | - | |
| ၅။ | ဆွမ်ပရာဘွမ် | - | √ | - | |

**ဇစ်မြစ် - မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**၂.၁.၈.၃ စက်နှင့်စက်ပစ္စည်းကိရိယာများ**

ခရိုင်အတွင်း လက်ရှိသုံးစွဲနေသော မော်တော်ယာဉ်၊ စက်ကိရိယာများနှင့် ပတ်သက်၍ အရေအတွက်နှင့်လက်ရှိအခြေ အနေများကို **အတွဲ(၂)၊ ဇယား (၂.၁.၈.၃)** တွင် ဖော်ပြ အပ်ပါသည်။

**၂.၁.၉ သစ်တောအခြေခံလုပ်ငန်း**

ပူတာအိုခရိုင်အတွင်းရှိ သစ်တောအခြေခံ လုပ်ငန်းများစာရင်းကို **အတွဲ(၂)၊ ဇယား(၂.၁.၉)** တွင် ဖော်ပြအပ်ပါသည်။

## ပူတာအိုခရိုင်အတွင်းရှိ သစ်အခြေခံလုပ်ငန်းများ စာရင်းချုပ်

ဇယား (၂-၁-၉)

| စဉ် | လုပ်ငန်းအမျိုး အမည် | အမျိုး အစား | တည်နေရာ | အရေ အတွက် | ပိုင်ဆိုင်မှု | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | အသေးစား သစ်ခွဲစက် | စက်သေး | ပူတာအိုမြို့နယ် | ၁၄ | ပုဂ္ဂလိက | |
| ၂ | သစ်အခြေခံ အိမ်တွင်းသစ်စက်ငယ် | အိမ်တွင်း | ပူတာအိုမြို့နယ် | ၂ | ပုဂ္ဂလိက | |
| ၃ | သစ်အခြေခံ အိမ်တွင်း သစ်စက်ငယ် | အိမ်တွင်း | မချမ်းဘော မြို့နယ် | ၁ | ပုဂ္ဂလိက | |
| | **ခရိုင်စုစုပေါင်း** | | | ၁၇ | | |

ဇစ်မြစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ပူတာအို

## ၂.၂မြေအသုံးချမှု

### ၂.၂.၁ လက်ရှိမြေအသုံးချမှု

ပူတာအိုခရိုင်အတွင်းရှိ လက်ရှိမြေအသုံးချထားမှု အခြေအနေများကို ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ သစ်တောဖုံးလွှမ်းလျှက်ရှိသော အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (ကြိုးပြင်တော)၊ လယ်မြေ စသည်တို့အား ဧရိယာ(ဧက)ဖြင့် **ဇယား(၂-၂-၁) က**တွင် ဖော်ပြအပ်ပါသည်။

### ၂.၂.၁ (က) လက်ရှိမြေယာအသုံးချမှု ဇုန်နယ်မြေခွဲခြားခြင်း

လက်ရှိမြေယာအသုံးချမှု ဇုန်နယ်မြေခွဲဝေခြင်းစာရင်းအား ဇယား (၂-၂-၁)ခ တွင် ဖော်ပြအပ်ပါသည်။ မြို့နယ်အလိုက် ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တောများ အလိုက် အသေးစိတ်စာရင်းအား အတွဲ (၂) ဇယား (၂.၂.၁)က တွင် ဖော်ပြအပ်ပါသည်။

### ၂.၂.၂ သစ်တောဖုံးလွှမ်းမှုအခြေအနေ

ပူတာအိုခရိုင်အတွင်း သစ်တောဖုံးလွှမ်းမှုနှင့်မြေအသုံးချမှု ဆိုင်ရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | တောအမျိုးအစား | ဧရိယာ(ဧက) | ရာခိုင်နှုန်း(%) |
|---|---|---|---|
| (က) | ရွက်အုပ်ပိတ်တော | ၄၆၃၂၈၁၇ | ၆၈ |
| (ခ) | ရွက်အုပ်ပွင့်တော | ၁၀၀၄၃၂၆ | ၁၅ |
| (ဂ) | ရေလွှမ်းဧရိယာ | ၂၀၈၄၂ | ၀ |
| (ဃ) | အခြားအသုံးချမြေ | ၃၄၇၁၁၆ | ၅ |
| (င) | စိုက်ပျိုးမြေ | ၄၈၀၈၃၈ | ၇ |
| (စ) | ရေခဲလွှမ်း | ၃၀၄၉၁၈ | ၅ |
| | စုစုပေါင်း | ၆၇၉၀၈၅၆ | ၁၀၀ |

ဖစ်မြစ်၊ GIS Section စီမံကိန်းနှင့်စာရင်းအင်းဌာန



## ပူတာအိုခရိုင်အတွင်းရှိ မြေအသုံးချမှုစာရင်း

ဇယား(၂.၂.၁)

| စဉ် | မြို့နယ် | ကြိုးဝိုင်းတော | ကြိုးပြင် ကာကွယ်တော | သစ်တောဖုံးလွှမ်းလျက် ရှိသော အစိုးရမြေ (ကြိုးပြင်တော) | သဘာဝ ထိန်းသိမ်း ရေးနယ်မြေ | လယ်မြေ/ ယာမြေ | အခြားမြေ | စုစုပေါင်း (ဧရိယာ) |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁။ | ပူတာအို | ၄၆၀၆၉ | ၅၁၁၆၈၀ | ၁၂၆၄၁၂ | ၄၀၉၆၀၀ | ၃၃၆၄၁ | ၂၂၀၀၉၂ | ၁၃၄၇၄၉၄ |
| ၂။ | မချမ်းဘော | - | ၅၆၇၅၃၃ | ၇၃၈၉ | ၈၃၇၅၂ | ၅၃၃၃ | ၄၂၆၉၃ | ၇၀၆၇၀၀ |
| ၃။ | နောင်မွန်း | - | ၁၆၂၄၄၂ | ၃၇၀၃၆၁ | ၁၁၁၆၈၈၈ | ၆၁၉၇ | ၂၇၇၃၈၂ | ၁၉၃၃၂၇၀ |
| ၄။ | ခေါင်လန်ဖူး | - | ၆၁၉၇၉ | ၁၀၉၇၆၁၂ | - | ၁၀၇၂၉ | ၂၂၅၆၇ | ၁၃၃၄၀၀၈ |
| ၅။ | ဆွမ်ပရာဘွမ် | - | | ၇၆၁၃၃၃ | ၄၅၈၂၄၀ | ၈၆၉၀ | ၂၄၁၁၂၁ | ၁၄၆၉၃၈၄ |
| | **ခရိုင်စုစုပေါင်း** | **၄၆၀၆၉** | **၁၂၄၁၆၅၅** | **၂၃၆၃၁၀၇** | **၂၀၆၈၄၈၀** | **၆၄၅၉၀** | **၁၀၀၆၉၅၅** | **၆၇၉၀၈၅၆** |

ဇစ်မြစ်- ခရိုင်မြေစာရင်းဦးစီးဌာန။

## ပူတာအိုခရိုင် မြေယာအသုံးမှုဇုန်နယ်မြေခွဲခြားခြင်း စာရင်းချုပ်

ဇယား (၂-၂-၁) ခ

| စဉ် | မြို့နယ်/ ကြိုးဝိုင်း တောအမည် | ထုတ်လုပ်ရေးဇုန် | ရေဝေရေလဲ ထိန်းသိမ်းဇုန် | စိုက်ခင်းများဇုန် | | | လယ်မြေ ဇုန် | သဘာဝ ထိန်းသိမ်းရေးနယ်မြေဇုန် | ဒေသ ထောက်ပံ့ရေးဇုန် | သယံဇာတ တူးဖော်ရေးဇုန် | ဖွံ့ ဖြိုးရေး ဇုန် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဌာန | ပုဂ္ဂ လိက | စက် မှု | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁။ | ပူတာအိုမြို့နယ် | ၂၄၃၇၈၄ | ၂၀၁၄၅၇ | - | - | - | ၄၄၂၁ | ၄၀၉၆၀၀ | ၁၂၉၆၅၆ | - | - | ၉၈၈၉၁၈ |
| ၂။ | နောင်မွန်း | | ၅၃၀၂၀၉ | - | - | - | | ၁၁၁၆၈၈၈ | - | - | - | ၁၆၄၇၀၉၇ |
| ၃။ | မချမ်းဘော | | ၅၃၀၈၀၄ | - | - | - | | ၈၃၇၅၂ | ၃၆၇၂၉ | - | - | ၆၅၁၂၈၅ |
| ၄။ | ခေါင်လံဖူး | | ၄၁၇၉၆၆ | - | - | - | - | - | ၄၃၉၂၅ | - | - | ၄၆၁၈၉၁ |
| ၅။ | ဆွမ်ပရာဘွမ် | | ၆၀၃၆၄၆ | - | - | - | | ၄၅၈၂၄၀ | ၆၃၇၅၅ | - | - | ၁၁၂၅၆၄၁ |
| | **စုစုပေါင်း** | ၂၄၃၇၈၄ | ၂၂၈၄၀၈၂ | - | - | - | ၄၄၂၁ | ၂၀၆၈၄၈၀ | ၂၇၄၀၆၅ | - | - | ၄၈၇၄၈၃၂ |

ဇစ်မြစ် - သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်

## ၂.၂.၃ မြေအသုံးချမှုဆိုင်ရာပြောင်းလဲမှုများ

ပူတာအိုခရိုင်အတွင်း မြေအသုံးချမှု ပြောင်းလဲမှုများကို ဇယား (၂.၂.၃) တွင် ဖော်ပြအပ်ပါသည်။

**ပူတာအိုခရိုင်အတွင်း ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တော/သဘာဝထိန်းသိမ်းရေး နယ်မြေစာရင်း(၂၀၁၅-၂၀၁၆)**

**ဇယား(၂-၂-၃)**

| စဉ် | ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တော/ သဘာဝထိန်းသိမ်းရေး နယ်မြေအမည် | ကြိုးဝိုင်း တော (ဧက) | ကြိုးပြင် ကာကွယ် တော (ဧက) | သဘာဝ ထိန်းသိမ်း ရေးနယ် မြေ (ဧက) | ဖွဲ့စည်း အမိန့်စာ အမှတ်/ ရက်စွဲ | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | **<u>ဖွဲ့စည်းတည်ထောင်ခြင်း</u>** | | | | | |
| ၁။ | ဂိုတ်ခကြိုးပြင်ကာကွယ်တော | - | ၂၈၂၇၉၇ | - | ၁(၁၂.၁၂.၂၀၁၂) | |
| ၂။ | ရှန်ခကြိုးပြင်ကာကွယ်တော | - | ၂၂၅၃၃၄ | - | ၂(၁၂.၁၂.၂၀၁၂) | |
| | စုစုပေါင်း | - | ၅၀၈၁၃၁ | - | | |
| **စဉ်** | **ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော** | **မူလ ဧရိယာ (ဧက)** | **ပယ်ဖျက် ဧရိယာ (ဧက)** | **လက်ရှိ ဧရိယာ (ဧက)** | **ပယ်ဖျက် အမိန့်စာ အမှတ်နှင့် ရက်စွဲ** | **ပယ်ဖျက်သည့် အကြောင်း ရင်း** |
| | **<u>ပယ်ဖျက်ခြင်း</u>** | | | | | |
| ၁။ | နန့်ထုံကြိုးဝိုင်း | ၄၆၀၆၉ | ၁၁.၀၀ | ၄၆၀၅၈ | ၁၇၆(၁၈.၃.၂၀၁၅) | အိမ်ခြေ (၅၀) အောက် |

**ဇစ်မြစ်-ပူတာအိုခရိုင်၊ သစ်တောဦးစီးဌာန**

## ၂.၂.၄ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်မှုများအခြေအနေ

ပူတာအိုခရိုင်အတွင်းရှိ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်မှုများအား **အတွဲ(၁)၊ ဇယား(၂.၂.၄)ခ** တွင်လည်းကောင်း၊ ကျူးကျော်မှုများစာရင်းချုပ်အား **အတွဲ(၂)၊ ဇယား(၂.၂.၄)က** တွင် လည်းကောင်း ဖော်ပြအပ်ပါသည်။

## ပူတာအိုခရိုင်အတွင်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်မှုများစာရင်း (၂၀၁၄-၂၀၁၅ ခုနှစ်)

ဇယား(၂.၂.၄)ခ

| စဉ် | မြို့နယ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအမည် | ဧရိယာ (ဧက) | ကျူးကျော်ဧရိယာ (ဧက) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | လယ် | ယာ | အခြား | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ပူတာအို | နမ့်ထုံကြိုးဝိုင်း | ၄၆၀၆၉ | ၄၀ | ၃၄၆ | - | |
| ၂ | ॥ | မူလာဒီးကြိုးပြင်ကာကွယ်တော | ၃၇၃၄၄၀ | ၁၅၀ | ၁၉၁၀ | - | |
| ၃ | ॥ | နမ့်ပလပ်ကြိုးပြင်ကာကွယ်တော | ၁၃၈၂၄၀ | ၁၀၂ | ၄၁၃ | - | |
| ၄ | မချမ်းဘော | ထီခကြိုးပြင်ကာကွယ်တော | ၂၂၁၈၄၄ | - | - | - | |
| | | ဂျိတ်ခကြိုးပြင်ကာကွယ်တော | ၂၈၂၇၉၇ | - | - | - | |
| | | ရှန်ခကြိုးပြင်ကာကွယ်တော | ၂၂၅၃၃၄ | - | - | - | |
| | | စုစုပေါင်း | ၁၂၈၇၇၂၄ | ၂၉၂ | ၂၆၆၉ | | |

ဇစ်မြစ်- ပူတာအိုခရိုင်သစ်တောဦးစီးဌာန။

### ၂.၂.၅ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများတွင် ရွှေ/သတ္တု တူးဖော်ခွင့်ပြုသော ဧရိယာများစာရင်း

ပူတာအိုခရိုင်အတွင်း ရွှေ/သတ္တု တူးဖော်ခွင့်ပြုထားခြင်း မရှိပါ။

## ၂.၃ သစ်တောသယံဇာတအရင်းအမြစ်

### ၂.၃.၁ သစ်တောအမျိုးအစားနှင့်ဧရိယာအကျယ်အဝန်း

#### ၂.၃.၁.၁ သဘာဝတောများ

ပူတာအိုခရိုင်အတွင်းရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ ကြိုးပြင်တောများ အတွင်း တွေ့ရှိရသော တောအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) တောင်ပေါ်တော

(ခ) အမြဲစိမ်းတော

(ဂ) ရွက်ပြတ်ရောနှောတော

(ဃ) ထင်းရှူးတောများ

တောအမျိုးအစားလိုက် စာရင်းကောက်ယူထားခြင်း မရှိသည့်အတွက် ဖော်ပြနိုင်ခြင်းမရှိပါ ။ တောအမျိုးအစားများစာရင်းအား **အတွဲ(၂)၊ ဇယား(၂.၃.၁.၁)** တွင် ဖော်ပြထားပါသည်။

| စဉ် | တောအမျိုးအစား | အကျယ်အဝန်း (ဧက) | ရာခိုင်နှုန်း(%) |
|---|---|---|---|
| ၁ | အမြဲစိမ်းတော | ၃၇၆၈၀၉၃ | ၅၅ |
| ၂ | ရွက်ပြတ်ရောနှောတော | ၁၀၈၂၇၇၈ | ၁၆ |
| ၃ | တောင်ပေါ်တော | ၄၃၂၆၀ | ၁ |
| ၄ | ထင်းရှူးတော | ၆၄၃၀၁၀ | ၁၀ |
| ၅ | အခြား | ၁၂၅၃၇၁၅ | ၁၈ |
| | **စုစုပေါင်း** | **၆၇၉၀၈၅၆** | **၁၀၀** |

ဇစ်မြစ်။ ပူတာအိုခရိုင်၊ သစ်တောဦးစီးဌာန




### ၂.၃.၁.၂ သစ်တောစိုက်ခင်းများ

ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်အတွင်း တည်ထောင်ထားသည့် သစ်တောစိုက်ခင်းများစာရင်းကို **အတွဲ(၂)၊ဇယား(၂-၃-၁-၂)က** တွင် လည်းကောင်း၊ ခရိုင်စာရင်းချုပ်အဖြစ် **ဇယား(၂-၃-၁-၂)ခ** တွင်လည်းကောင်း ဖော်ပြအပ်ပါသည်။

**ပူတာအိုခရိုင်အတွင်း တည်ထောင်ထားသည့် စိုက်ခင်းစာရင်းချုပ်**

**ဇယား (၂-၃-၁-၂)ခ**

| စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ကျေးရွာသုံးထင်းစိုက်ခင်း | အော်ရီရှား<br>အခြား | ၁၀၀<br>၇၆၀ | နီးစပ်ရာကျေးရွာအုပ်ချုပ်ချုပ်ရေးမှူးများထံ အပ်နှံပြီး။ |
| | | **ပေါင်း** | **၈၆၀** | |
| ၂ | ရေဝေရေလဲစိုက်ခင်း | အော်ရီရှား<br>မယ်ဇလီ<br>အခြား | ၁၀၀<br>၅၀၀<br>၆၁၁ | ဦးစီးရုံးချုပ်၏ ၁၇-၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ လင/ စခ/ ၀၀၄ (၁၅၀၂-၅၀၄ /၂၀၁၄) အရ ပယ်ဖျက်ခွင့်ပြုပြီး |
| | | **ပေါင်း** | **၁၂၁၁** | |
| | **စုစုပေါင်း** | | **၂၀၇၁** | |

ဇစ်မြစ် - သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်

### ပူတာအိုခရိုင်အတွင်းရှိ တည်ထောင်ထားသည့် ပုဂ္ဂလိကစိုက်ခင်းစာရင်းချုပ်

**ကျွန်းနှင့်သစ်မာမျိုးစုံ** **ဇယား ( ၂-၃-၁-၂) ဃ**

| စဉ် | တည်ထောင်သည့်ခုနှစ် | မြို့နယ် | သစ်မျိုး | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | ---မရှိပါ--- | | | | |

ဇစ်မြစ် - သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်

### ပူတာအိုခရိုင်အတွင်းရှိ တည်ထောင်ထားသည့် ပုဂ္ဂလိကစိုက်ခင်းစာရင်းချုပ်

ရာဘာ၊ ဆီအုန်း၊ ကြံနှင့်အခြား ဇယား (၂-၃-၁-၂) စ

| စဉ် | တည်ထောင်သည့်ခုနှစ် | မြို့နယ် | သစ်မျိုး | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | ---မရှိပါ--- | | | | |

ဇစ်မြစ် - သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်

#### ၂.၃.၁.၃ အခြားသစ်တောများ

၂၀၁၅-၂၀၁၆ ခုနှစ် မြစ်ကြီးနား-ပူတာအို လမ်းဘေး ဝဲ/ယာကျွန်း (၁၃၀၀)ပင် တို့အား စိုက်ပျိုးတည်ထောင် ထားရှိခဲ့ပါသည်။ ၂၀၁၄–၁၅ ခုနှစ်တွင် ကျေးရွာ (၃)ရွာ၊ အိမ်ထောင်စု (၁၀၀၀)၊ အပင်ပေါင်း (၃၀၀၀)၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တစ်ရွာတစ်ဧကစိုက်ခင်း (၃၀၀)ပင်၊ တစ်အိမ်ထောင်သစ်မာ(၂၀)ပင် အိမ်ထောင်စု (၂၀၀)အတွက် အပင်ပေါင်း (၄၀၀၀)၊ တစ်အိမ်ထောင် ကျွန်း(၃) ပင် အိမ်ထောင်စု (၂၀၀)၊ အပင်ပေါင်း (၆၀၀) တည်ထောင်စိုက်ပျိုး ထားရှိပါ သည်။ ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်းများ လျာထားချက်စာရင်းအား **အတွဲ(၂)၊ ဇယား (၂.၃.၁.၃)** ဖြင့် ဖော်ပြအပ် ပါသည်။

## ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

### ၂.၃.၂.၁ ကြိုးဝိုင်းတောများ

#### ၂.၃.၂.၁.၁ ထုတ်လုပ်ရေးသစ်တောများ

##### ၂.၃.၂.၁.၁.၁ သဘာဝတောများ

**၂.၃.၂.၁.၁.၁.၁ ကြီးထွားနှုန်း**

ပူတာအိုခရိုင်အတွင်း သဘာဝတောများမှ သစ်ပင်များ၏ ကြီးထွားနှုန်းအသင့်အတင့်ကောင်းမွန်ပါသည်။

**၂.၃.၂.၁.၁.၁.၂ သေကြေပျက်စီးနှုန်း**

ပူတာအို ခရိုင်အတွင်းတွင် ဒေသခံပြည်သူများ၏ နေအိမ်၊ ပရိဘောဂပြုလုပ်ရန်နှင့် ထင်းလောင်စာအဖြစ် ထုတ်ယူသုံးစွဲသဖြင့် သဘာဝသစ်တောများ၏ သေကြေပျက်စီးနှုန်းမှာ ၂% ခန့်သာရှိပါသည်။

**၂.၃.၂.၁.၁.၁.၃ မျိုးဆက်မှု**

ပူတာအိုခရိုင်အတွင်းရှိ သဘာဂတောများအတွင်း မျိုးဆက်မှု အခြေအနေ ကို လေ့လာမှတ်တမ်းတင်ထားခြင်း မရှိပါ။

**၂.၃.၂.၁.၁.၁.၄ ပင်ထောင်ဇယား**

ထုတ်လုပ်ရေးသစ်တောများမရှိသဖြင့် ပင်ထောင်ဇယားများ ထည့်သွင်း ဖော်ပြခြင်း မပြုပါ။

**၂.၃.၂.၁.၁.၁.၅ ထုထည်ဇယား**

ထုတ်လုပ်ရေးသစ်တောများ မရှိသဖြင့် ထုထည်ဇယားများ ထည့်သွင်း ဖော်ပြခြင်း မပြုပါ။

**၂.၃.၂.၁.၁.၂ သစ်တောစိုက်ခင်းများ**

ကြိုးဝိုင်းတောများအတွင်း ယနေ့တိုင် စိုက်ခင်းတည်ထောင်ခြင်း မရှိသေးပါ။

**၂.၃.၂.၁.၁.၂.၁ ကြီးထွားနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၂.၂ သေကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၂.၃ စိုက်ခင်းဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၂ ရေဝေရေလဲသစ်တောများ**

ပူတာအိုခရိုင်အတွင်း နမ့်ထုံချောင်းရေဝေရေလဲဧရိယာဖြစ်သော နမ့်ထုံကြိုးဝိုင်း (၄၆၀၆၉)ဧကအား နမ့်ထုံချောင်းရေအားလျှပ်စစ် အမှတ်(၁) နှင့်(၂) ဓါတ်အားပေး စက်ရုံများအတွက် ရေဝေရေလဲသစ်တောများ

ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ တည်ထောင်ထားပါသည်။ နမ့်ထုံ ကြိုးဝိုင်းအတွင်း သစ်ထုတ်လုပ်မှု မရှိပါ။

**၂.၃.၂.၁.၃ ဒေသထောက်ပံ့ရေးသစ်တောများ**

ပူတာအိုခရိုင် ကြိုးဝိုင်းတောများအတွင်း၌ ဒေသထောက်ပံ့ရေး သစ်တောများ တည်ထောင်ထားခြင်း မရှိသေးပါ။

**၂.၃.၂.၁.၄ ဒေသခံပြည်သူများပြည်သူအစုအဖွဲ့ပိုင်သစ်တောများ**

ပူတာအိုခရိုင်အတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်း စာရင်းအား **အတွဲ(၂)၊ဇယား(၂-၃-၁-၃)** တွင် ဖော်ပြအပ်ပါသည်။

**၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ(အဆိုပြုကြိုးပြင်ကာကွယ်တောများအပါအဝင်)**

**၂.၃.၂.၂.၁ ထုတ်လုပ်ရေးသစ်တောများ**

**၂.၃.၂.၂.၁.၁ သဘာဝတောများ**

**၂.၃.၂.၂.၁.၁.၁ ကြီးထွားနှုန်း**

ပူတာအိုခရိုင်တွင် ကြိုးပြင်ကာကွယ်တော (၅)ခု ရှိပြီး ၄င်းတောများမှ သစ်ပင်များ၏ ကြီးထွားနှုန်း အသင့်အတင့် ကောင်းမွန်ပါသည်။

**၂.၃.၂.၂.၁.၁.၂ သေကြေပျက်စီးနှုန်း**

ပူတာအိုခရိုင်အတွင်းရှိ ကြိုးပြင်ကာကွယ်တောများ၏ သေကြေပျက်စီးနှုန်းမှာ ရာသီဥတု ဆိုးရွားခြင်းကြောင့်သာ လျှင် ဖြစ်ရပြီး (ဥပမာ- မိုးသည်းထန်စွာ ရွာသွန်း၍ တောင်ပြို ခြင်း) ရာခိုင်နှုန်း အားဖြင့် ၂% ခန့်သာရှိပါသည်။

**၂.၃.၂.၂.၁.၁.၃ မျိုးဆက်မှု**

မျိုးဆက်မှု အခြေအနေကို လေ့လာမှတ်တမ်း တင်ထားခြင်း မရှိပါ။

**၂.၃.၂.၂.၁.၁.၄ ပင်ထောင်ဇယား**

ထုတ်လုပ်ရေးသစ်တောများ မရှိသဖြင့် ပင်ထောင်ဇယားများ ထည့်သွင်း ဖော်ပြခြင်း မပြုပါ။

**၂.၃.၂.၂.၁.၁.၅ ထုထည်ဇယား**

ထုတ်လုပ်ရေးသစ်တောများ မရှိသဖြင့် ထုထည်ဇယားများ ထည့်သွင်း ဖော်ပြ ခြင်း မပြုပါ။

**၂.၃.၂.၂.၁.၂ သစ်တောစိုက်ခင်းများ**

ကြိုးပြင်ကာကွယ်တောများ အတွင်း စိုက်ခင်းများ တည်ထောင်ခြင်း မရှိပါ။

**၂.၃.၂.၂.၂ ရေဝေရေလဲသစ်တောများ**

ပူတာအိုခရိုင်အတွင်း နမ့်ပလပ်ကြိုးပြင် ကာကွယ်တော (၈၇၄၀၅) ဧက၊ ထီခကြိုးပြင်ကာကွယ်တော (၁၈၁၅၂၄) ဧက၊ ရှန်ခကြိုးပြင် ကာကွယ်တော (၂၂၄၆၈၄)ဧက၊ ဂျိတ်ခကြိုးပြင် ကာကွယ်တော (၂၈၂၇၉၇)ဧက၊ စုစုပေါင်း (၇၇၆၄၁၀)ဧကအား ရေဝေရေလဲဒေသဖြစ်သော မေခ၊ မလိခမြစ်ရေဝေရေလဲသစ်တောများ ထိန်းသိမ်းရေးအတွက် တည်ထောင်ထားရှိပါသည်။ ယခင်က သစ်ထုတ်လုပ်ခြင်း မရှိပါ။

**၂.၃.၂.၂.၃ ဒေသထောက်ပံ့ရေးသစ်တောများ**

ပူတာအိုခရိုင်အတွင်း နမ့်ပလပ်ကြိုးပြင်ကာကွယ်တော (၅၀၈၃၅)ဧက၊ မူလာဒီး ကြိုးပြင်ကာကွယ်တော (၁၃၆၉၄၇)ဧက၊ ထီခကြိုးပြင်ကာကွယ်တော(၄၀၃၂၀)ဧက၊ ရှန်ခကြိုးပြင်ကာကွယ်တော(၆၅၀)ဧက စုစုပေါင်း(၂၂၈၇၅၂)ဧကအား ပူတာအိုဒေသနှင့် မချမ်းဘောဒေသတို့ရှိ ကျေးလက်နေ ဒေသခံပြည်သူများ၏ အခြေခံ စားဝတ်နေရေး လိုအပ်ချက်များဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျော၊ ဝါး စသည်တို့ကို စနစ် တကျ စဉ်ဆက်မပြတ်ထုတ်ယူ သုံးစွဲနိုင်ရေးအတွက် တည်ထောင် ထားရှိပါသည်။

**၂.၃.၂.၂.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ**

မူလာဒီးကြိုးပြင်ကာကွယ်တောအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း (၈၀၀)ဧက၊ ထီခကြိုးပြင် ကာကွယ်တောအတွင်း (၂၀၀)ဧက၊ ရှန်ခကြိုးပြင်ကာကွယ်တောအတွင်း (၆၅၀)ဧက တည်ထောင်ထားပြီး ဖြစ်ပါသည်။

**၂.၃.၂.၂.၅ အခြားသစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃ ကြိုးပြင်တောများ(သစ်တောဖုံးလွှမ်းလျှက်ရှိသည့်အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ)**

**၂.၃.၂.၃.၁ ထုတ်လုပ်ရေးသစ်တောများ**

**၂.၃.၂.၃.၁.၁ သဘာဝတောများ**

**၂.၃.၂.၃.၁.၁.၁ ကြီးထွားနှုန်း**

ပူတာအိုခရိုင်အတွင်း သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (ကြိုးပြင်တော)များ ရှိသော်လည်း

သစ်ပင်များ၏ ကြီးထွားနှုန်း အသင့်အတင့် ကောင်းမွန်ပါသည်။

**၂.၃.၂.၃.၁.၁.၂ သေကြေပျက်စီးနှုန်း**

သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ(ကြိုးပြင်တော)များ၏ သေကြေပျက်စီးနှုန်းမှာ ရာသီဥတု ဘေးအန္တရာယ်ကြောင့်သာလျှင်ဖြစ်ပြီး (၂%) ခန့်သာရှိပါသည်။

**၂.၃.၂.၃.၁.၁.၃ မျိုးဆက်မှု**

ပူတာအိုခရိုင်အတွင်းရှိ သဘာဝတောများအတွင်း မျိုးဆက်မှုအခြေအနေကို လေ့လာ မှတ်တမ်း တင်ထားခြင်းမရှိပါ။

**၂.၃.၂.၃.၁.၁.၄ ပင်ထောင်ဇယား**

ထုတ်လုပ်ရေးသစ်တောများမရှိသဖြင့် ပင်ထောင်ဇယားများ ထည့်သွင်း ဖော်ပြခြင်း မပြုပါ။

**၂.၃.၂.၃.၁.၁.၅ ထုထည်ဇယား**

ထုတ်လုပ်ရေးသစ်တောများ မရှိသဖြင့် ထုထည်ဇယားများ ထည့်သွင်း ဖော်ပြခြင်းမပြုပါ။

**၂.၃.၂.၃.၁.၂ သစ်တောစိုက်ခင်းများ**

ပူတာအိုခရိုင်အတွင်း စီးပွားရေးစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများ၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများအား ကြိုးပြင်တောအတွင်း တည်ထောင်ထား ခြင်းမရှိပါ။

**၂.၃.၂.၃.၁.၂.၁ ကြီးထွားနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃.၁.၂.၂ သေကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃.၁.၂.၃ စိုက်ခင်းဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃.၂ ရေဝေရေလဲသစ်တောများ**

ပူတာအိုခရိုင်အတွင်း နမ့်ထုံကြိုးပြင်တော(၂၇၄၇၅)ဧက၊ နောင်မွန်းကြိုးပြင်တော(၂၆၄၃၀၀)ဧက၊ ခေါင်လံဖူးကြိုးပြင်တော (၃၅၃၇၄၀) ဧက၊ ဆွမ်ပရာဘွမ် ကြိုးပြင်တော(၆၅၁၃၅၃)ဧက၊ စုစုပေါင်း(၁၂၉၈၀၇၉)ဧကအား မေခ၊ မလိခမြစ် ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းရေး

အတွက် တည်ထောင်ထားရှိပါသည်။ ထို့ပြင် နမ်ထုံချောင်း ရေအား လျှပ်စစ်ရေဝေဧရိယာ (နမ့်ထုံကြိုးပြင်တော) အတွင်း ရေဝေရေလဲ စိုက်ခင်းများ (၁၂၁၁) ဧကကို ဦးစီးရုံးချုပ်၏ ၁၇-၂-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ လင/စခ/၀၀၄ (၁၅၀၂-၅၀၄/၂၀၁၄) အရ ပယ်ဖျက်ထားရှိပြီး ဖြစ်ပါသည်။

**၂.၃.၂.၃.၃ ဒေသထောက်ပံ့ရေးသစ်တောများ**

ပူတာအိုခရိုင်အတွင်း ဒေသထောက်ပံ့ရေးသစ်တောကို နောင်မွန်း ကြိုးပြင်တော(၉၅၂၆၄)ဧက၊ ခေါင်လံဖူးကြိုးပြင်တော (၃၀၉၁၈) ဧက နှင့် ဆွမ်ပရာဘွမ်ကြိုးပြင်တော(၅၉၅၇၁)ဧက၊ စုစုပေါင်း(၁၈၆၆၁၃)ဧက အား နောင်မွန်း၊ ခေါင်လံဖူး၊ ဆွမ်ပရာဘွမ်းဒေသတို့ရှိ ဒေသခံပြည်သူ များ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျော၊ ဝါး စသည်တို့ဖြည့်ဆည်းရန်အတွက် ဒေသထောက်ပံ့ရေး သစ်တောများ အဖြစ် ထိန်းသိမ်းထားရှိပါသည်။ ထို့ပြင်ဒေသခံပြည်သူများ လိုအပ်သော ထင်းကို ထောက်ပံ့နိုင်ရန်အတွက် ဒေသထောက်ပံ့ရေး ထင်းစိုက်ခင်း (၈၆၀)ဧကကို ပူတာအိုကြိုးပြင်တောတွင် တည်ထောင်ထားရှိပါသည်။

**၂.၃.၂.၃.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ**

ကြိုးပြင်တောများအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ဧရိယာ (၈၁၁)ဧက တည်ထောင် စိုက်ပျိုးပြီး ဖြစ်ပါသည်။

**၂.၃.၂.၃.၅ အခြားသစ်တောများ**

၂၀၁၅-၂၀၁၆ခုနှစ် မြစ်ကြီးနား-ပူတာအို လမ်းဘေးဝဲ/ယာကျွန်း (၁၃၀၀)ပင် စိုက်ပျိုးထားရှိခဲ့ပါသည်။ သုတေသန စိုက်ခင်းများ တည်ထောင်ထားရှိခြင်း မရှိပါသဖြင့် ဖော်ပြနိုင်ခြင်းမရှိပါ ။

**၂.၃.၃ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ**

**၂.၃.၃.၁ ဝါးများ**

ပူတာအိုခရိုင်အတွင်းတင်းဝါး၊ ဝါးဘိုးဝါး၊ ဝါးဘိုးမျက်ဆံကျယ်၊ ဝါးနက်၊ ဝါးနွယ် စသည်တို့ပေါက်ရောက်ပါသည်။ စီးပွားဖြစ် ထုတ်လုပ်မှု လုံး၀ မရှိပါ။ ဒေသခံပြည်သူများ မိမိအိမ်သုံးအဖြစ်သာ ထုတ်ယူသုံးစွဲကြပါသည်။ ဝါးသုဉ်း သည့် မှတ်တမ်းများလည်း မတွေ့ရှိပါသဖြင့် ဖော်ပြနိုင်ခြင်း မရှိပါ။

**၂.၃.၃.၂ ကြိမ်များ**

ပူတာအိုခရိုင်အတွင်းရေကြိမ်၊ ကြက်ဥကြိမ်၊ တောင်ကြိမ်၊ ယမထာ ကြိမ်များ ပေါက်ရောက် ပါသည်။ ဒေသခံပြည်သူများ မိမိအိမ်သုံး အဖြစ်သာ ထုတ်လုပ် ခဲ့ကြပြီး ယခုအခါ ၁၉၉၆-၉၇ ခုနှစ်မှ စတင်၍ စီးပွားဖြစ် ထုတ်လုပ်နေပြီ

ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ကြိမ်လုံးရေ (၅၀၀၀၀၀)လုံးထုတ်လုပ်ရန် လျာထား ပြီးဖြစ်ပါသည်။

## ပူတာအိုခရိုင်အတွင်းကြိမ်ထုတ်လုပ်မှုပမာဏ

**ဇယား(၂.၃.၃.၂)**

| စဉ် | မြို့နယ်အမည် | ခုနှစ် | ကြိမ်ထုတ်လုပ်မှု | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ပူတာအိုမြို့နယ် | ၂၀၁၀-၁၁ မှ ၂၀၁၄-၁၅ | ၂၂၅၀၀၀ | အခြား၄မြို့နယ် ကြိမ်ထုတ်လုပ်မှုမရှိပါ။ |
| **ခရိုင်စုစုပေါင်း** | | | **၂၂၅၀၀၀** | |

ဇစ်မြစ် - သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်

# ဒေသထောက်ပံ့ရေးထင်းစိုက်ခင်းဇယား

ဇယား(၂.၃.၂.၃.၃)

| အမှတ်စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | တည်ထောင်သည့်ခုနှစ် | ဧရိယာလက်ရှိ (ဧက) | စုစုပေါင်းအပင်အရေအတွက် | ပျမ်းမျှ လုံးပတ် (လက်မ) | ပျမ်းမျှ အမြင့် (ပေ) | အမြင့်ဆုံးအပင်များ၏ပျမ်းမျှအမြင့် (ပေ) | ဒေသအတန်းအစား | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | ထင်းစိုက်ခင်း | အော်ရီရှား | ၁၉၈၅ | ၅၀ | ၇၅၂၅ | ၁၂″ | ၂၀′ | ၂၅′ | | |
| ၂ | ။ | ။ | ၁၉၉၁ | ၁၀၀ | ၁၅၀၅၀ | ၁၀″ | ၁၈′ | ၂၀′ | | |
| ၃ | ။ | ။ | ၁၉၉၄ | ၁၀၀ | ၁၅၀၅၀ | ၈″ | ၁၀′ | ၂၀′ | | |
| ၄ | ။ | ရေနံ | ၁၉၉၅ | ၁၀၀ | ၄၉၀၃၀ | ၁၂″ | ၁၅′ | ၁၈′ | | |
| ၅ | ။ | ။ | ၁၉၉၆ | ၁၅၀ | ၇၂၃၆၀ | ၈″ | ၁၂′ | ၁၈′ | | |
| ၆ | ။ | ။ | ၁၉၉၇ | ၁၀၀ | - | ၈″ | ၁၂′ | ၁၆′ | | |
| ၇ | ။ | ။ | ၁၉၉၈ | ၁၀၀ | - | ၇″ | ၁၁′ | ၁၆′ | | |
| ၈ | ။ | ။ | ၁၉၉၉ | ၁၀၀ | - | ၇″ | ၁၁′ | ၁၄′ | | |
| ၉ | ။ | ။ | ၂၀၀၀ | ၃၀ | - | ၆″ | ၁၀′ | ၁၄′ | | |
| ၁၀ | ။ | ။ | ၂၀၀၁ | ၃၀ | - | ၆″ | ၁၀′ | ၁၄′ | | |
| | **စုစုပေါင်း** | | | **၈၆၀** | **၁၅၉၀၁၅** | | | | | |

**မှတ်ချက်။** ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ လွှဲပြောင်းပေးပြီး။

ဇစ်မြစ်- သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်

### ၂.၃.၃.၃ အခြားသစ်တောထွက်ပစ္စည်းများ

ပူတာအိုခရိုင်အတွင်း သစ်မဟုတ်သည့် အခြားသစ်တောထွက် ပစ္စည်းများ စီးပွားဖြစ် ထုတ်လုပ်နိုင်မှု မရှိပါ။ ရှားစေး၊ ချိတ်၊ သစ်စေး၊ ငှက်သိုက်၊ ဇယောင်း၊ အင်တွဲ၊ ပွဲညှက်၊ သစ်ခေါက်စသည်တို့ လုံးဝ မထွက်ရှိပါ။ ပျားရည် တစ်ခုတည်းသာလျှင် ထွက်ရှိပြီး နှစ်စဉ် ပိဿာ (၁၀၀) ခန့်သာ ထုတ်လုပ်နိုင်ပါသည်။

## ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ

### ၂.၃.၄.၁ ဂေဟစနစ်များ အုပ်ချုပ်လုပ်ကိုင်မှု

ပူတာအိုခရိုင်အတွင်းရှိသစ်တောများနှင့်သက်ရှိပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ် တည်တံ့ရေးအတွက် အုပ်ချုပ်လုပ်ကိုင်မှုများအဖြစ် သစ်တောရေးရာဝန်ကြီး ဌာန၏ ၃၀-၁-၉၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၉၆ ဖြင့် တည်ထောင်ထားသော နောင်မွန်းမြို့နယ်အတွင်းရှိ ခါကာဘိုရာဇီ သဘာဝထိန်းသိမ်းရေး နယ်မြေ၊ ပူတာအို၊ မချမ်းဘော၊ နောင်မွန်းမြို့နယ် နယ်နိမိတ်များအတွင်း တည်ရှိသော ဖုန်ကန်ရာဇီ တိရစ္ဆာန်ထိန်းသိမ်းရေးဘေးမဲ့တော (၆၆၈၁၆၀)ဧကကို (၄၇/၂၀၀၁) အမိန့်ကြော်ငြာစာဖြင့် လည်းကောင်း၊ ဆွမ်ပရာဘွမ်မြို့နယ် အတွင်း ဘွမ်ဖာဘွမ်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော (၄၅၈၂၄၀) ဧကကို (၉-၈-၂၀၀၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၀၄) ဖြင့် တည်ထောင်ထားကြောင်းကို ဒေသခံပြည်သူများ သိရှိနိုင်ရန် ဆက်လက်ကြေငြာခြင်း ၊ ဒေသအတွင်းရှိ ဂေဟစနစ်များ တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများအား ဆောင်ရွက်လျှက်ရှိပါသည်။

### ၂.၃.၄.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်မှု

ပူတာအိုခရိုင်အတွင်းရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး နှင့်သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအတိုင်း ခါကာဘိုရာဇီ အမျိုးသား ဥယျာဉ်သဘာဝတော ထိန်းသိမ်းရေးနယ်မြေ၊ ဖုန်ကန်ရာဇီ တောရိုင်း တိရစ္ဆာန် ထိန်းသိမ်းရေးဘေးမဲ့တောနှင့် ဘွမ်ဖာဘွမ်တော ရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများအား စနစ်တကျ ထိန်းသိမ်းရေး၊ ကာကွယ် စောင့်ရှောက်ရေး၊ သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ ဗဟုသုတများကို ဒေသခံပြည်သူများ သိရှိနားလည်စေရန် အခါအားလျော်စွာ အသိပညာပေးလျက်ရှိပြီးအခြား ထူးခြားသည့် ဆောင်ရွက်မှုမျိုး မစတင်နိုင် သေးပါ။

## ၃။ လူဦးရေဆိုင်ရာအချက်အလက်များ

### ၃.၁ လူဦးရေ

ပူတာအိုခရိုင်အတွင်းရှိ လူဦးရေကို မြို့နယ်၊ အသက်အပိုင်းအခြား၊ အိမ်ထောင်စု ဦးရေ၊ ကျား/မ စသည်ဖြင့် **ဇယား(၃-၁)**တွင်ဖော်ပြထားပါသည်။ လူဦးရေတိုးပွားနှုန်းမှာ (၀.၈၉%) ဖြစ်ပါသည်။

**ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်အလိုက်လူဦးရေစာရင်း(၂၀၁၄-၂၀၁၅)ခုနှစ်**

ဇယား(၃-၁)

| စဉ် | မြို့နယ် | အိမ်ထောင်စု | လူဦးရေ | | | | စုစုပေါင်း | မြို့နေ | ကျေးနေ | တိုးပွားနှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | ၁၈ နှစ်အောက် | | ၁၈ နှစ်အထက် | | | | | |
| | | | ကျား | မ | ကျား | မ | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | ပူတာအို | ၁၀၇၄၃ | ၁၁၇၀၇ | ၁၁၇၉၀ | ၁၇၈၂၀ | ၁၉၇၅၈ | ၆၁၀၇၅ | ၁၅၉၇၈ | ၄၅၀၉၇ | |
| ၂ | ဆွမ်ပရာဘွမ် | ၄၇၉ | ၄၄၇ | ၅၀၃ | ၇၄၅ | ၈၅၁ | ၂၅၄၆ | ၁၁၃၇ | ၁၄၀၉ | |
| ၃ | မချမ်းဘော | ၁၇၁၉ | ၁၆၇၀ | ၁၈၀၉ | ၂၄၄၃ | ၂၉၃၆ | ၈၈၅၈ | ၂၃၁၅ | ၆၅၄၃ | |
| ၄ | ခေါင်လန်ဖူး | ၁၇၁၁ | ၁၈၄၇ | ၁၉၄၆ | ၃၇၁၄ | ၄၁၄၈ | ၁၁၆၅၅ | ၄၅၀ | ၁၁၂၀၅ | |
| ၅ | နောင်မွန်း | ၁၂၁၂ | ၁၃၇၅ | ၁၄၄၅ | ၂၂၁၇ | ၂၀၈၆ | ၇၁၂၃ | ၂၂၃၆ | ၄၈၈၇ | |
| | **စုစုပေါင်း** | **၁၅၈၆၄** | **၁၇၀၄၆** | **၁၇၄၉၃** | **၂၆၉၃၉** | **၂၉၇၇၉** | **၉၁၂၅၇** | **၂၂၁၁၆** | **၆၉၁၄၁** | |

ဇစ်မြစ်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ၊
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်းအားဦးစီးဌာန၊ ပူတာအိုခရိုင်

### ၃.၂ ကဏ္ဍအလိုက်အလုပ်အကိုင်ရရှိမှု

ပူတာအိုခရိုင်အတွင်းရှိ လုပ်ငန်းကဏ္ဍအလိုက် အလုပ်အကိုင်ရရှိမှု အခြေအနေကို **ဇယား(၃.၂)** တွင်ဖော်ပြထားပါသည်။

ဇယား(၃-၂)

| စဉ် | ကဏ္ဍ | လူဦးရေ | | | ကဏ္ဍအလိုက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကျား | မ | စုစုပေါင်း | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | သစ်တောကဏ္ဍ | ၇၀၃၁ | ၁၅၉၄ | ၈၆၂၅ | ၈.၇၅ | |
| ၂ | စိုက်ပျိုးရေးကဏ္ဍ | ၂၄၇၈ | ၃၅၀၈၈ | ၃၇၅၆၆ | ၃၈.၁၁ | |
| ၃ | ကူးသန်းရောင်းဝယ်ရေးကဏ္ဍ | ၁၇၉၀ | ၂၇၁၄ | ၄၅၀၄ | ၄.၅၇ | |
| ၄ | စက်မှုလက်မှုကဏ္ဍ | ၁၇၆ | ၃၇၆ | ၅၅၂ | ၀.၅၆ | |
| ၅ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၅၂၈၃ | - | ၅၂၈၃ | ၅.၃၆ | |
| ၆ | အခြားကဏ္ဍ | ၃၂၀၃၈ | ၁၀၀၀၄ | ၄၂၀၄၂ | ၄၂.၆၅ | |

ဇစ်မြစ်-မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပူတာအိုခရိုင်

### ၃.၃ ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်း

ပူတာအိုခရိုင်အတွင်း ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းကို **အတွဲ(၂)၊ ဇယား(၃.၃)က** တွင် ဖော်ပြထားပါသည်။ ကျေးရွာအုပ်စုအလိုက် လူဦးရေ စာရင်းချုပ်ကို အောက်ဖော်ပြပါ **ဇယား(၃.၃)ခ** ဖြင့် ဖော်ပြထားပါသည်။

**ပူတာအိုခရိုင်အတွင်းရှိ ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းချုပ်**

ဇယား(၃.၃)ခ

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု ပေါင်း | အိမ်ထောင်စု | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ပူတာအို | ၁၂ | ၂၆၃၀ | ၂၂၅၃၁ | ၂၂၅၆၆ | ၄၅၀၉၇ | |
| ၂ | မချမ်းဘော | ၈ | ၁၀၉၈ | ၃၁၇၁ | ၃၃၇၂ | ၆၅၄၃ | |
| ၃ | နောင်မွန်း | ၈ | ၈၀၉ | ၂၈၀၁ | ၂၀၈၆ | ၄၈၈၇ | |
| ၄ | ခေါင်လံဖူး | ၁၈ | ၁၀၅၉ | ၅၅၄၉ | ၅၆၅၆ | ၁၁၂၀၅ | |
| ၅ | ဆွမ်ပရာဘွမ်း | ၂၀ | ၂၅၁ | ၇၀၃ | ၇၀၆ | ၁၄၀၉ | |
| | စုစုပေါင်း | ၆၆ | ၅၈၄၇ | ၃၄၇၅၅ | ၃၄၃၈၆ | ၆၉၁၄၁ | |

ဇစ်မြစ်- လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန။

## ၄။ ယခင်အုပ်ချုပ်လုပ်ကိုင်မှု

### ၄.၁ ထုတ်လုပ်ခြင်း

#### ၄.၁.၁ သစ်ထုတ်လုပ်ခြင်း

ပူတာအိုခရိုင်အတွင်း လွန်ခဲ့သော (၁၀)နှစ်တာကာလအတွင်း ကျွန်းနှင့် သစ်မာ ထုတ်လုပ်မှု မရှိသဖြင့်ဖော်ပြနိုင်ခြင်း မရှိပါ။

#### ၄.၁.၂ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

ပူတာအိုခရိုင်အတွင်း လွန်ခဲ့သော (၁၀)နှစ်တာကာလအတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုကို **ဇယား (၄-၁-၂)**တွင် နှစ်အလိုက် ဖြည့်စွက် ဖော်ပြအပ်ပါသည်။

### ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့်အုပ်ချုပ်လုပ်ကိုင်ခြင်း

ပူတာအိုခရိုင်အတွင်း လွန်ခဲ့သော **၂၀၀၆-၂၀၀၇** ခုနှစ်မှ ယနေ့အထိ သဘာဝတောများနှင့် စိုက်ခင်းများတွင် ဆောင်ရွက်ခဲ့သော သစ်တောစိုက်ပျိုးပြုစုခြင်း လုပ်ငန်းများကို **ဇယား(၄.၂)** တွင် ဖော်ပြအပ်ပါသည်။

# ပူတာအိုခရိုင်အတွင်းအခြားသစ်တောထွက်ပစ္စည်းထုတ်လုပ်မှုစာရင်း

ဇယား(၄-၁-၂)

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၀၈-၀၉ | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁ | ကျွန်းနှင့်သစ်မာတိုင် | လုံးရေ(ထောင်ပေါင်း) | | | | | | | | | | |
| ၂ | ကျွန်းနှင့်သစ်မာမျော | ။ | | | | | | | | | | |
| ၃ | ထင်း | ကုဗတန်(ထောင်ပေါင်း) | | | | | | | | | | |
| ၄ | မီးသွေး | ။ | | | | | | | | | | |
| ၅ | ဝါး | လုံးရေ(ထောင်ပေါင်း) | | | | | | | | | | |
| ၆ | ကြိမ် | ။ | ၁၀၆၀ | ၄၃၀ | ၂၆၀ | ၁၁၀ | ၇၅ | ၆၀ | ၂၀ | ၇၀ | - | |
| ၇ | ရှားစေး | ပိဿာ(ထောင်ပေါင်း) | | | | | | | | | | |
| ၈ | သစ်ခေါက် | ။ | | | | | | | | | | |
| ၉ | လျှော် | ။ | | | | | | | | | | |
| ၁၀ | ကရမက် | ။ | | | | | | | | | | |
| ၁၁ | အင်တွဲ-ပွဲညက် | ။ | | | | | | | | | | |
| ၁၂ | သနပ်ခါး | ။ | | | | | | | | | | |
| ၁၃ | ထင်းရှူးဆီ | ။ | | | | | | | | | | |
| ၁၄ | သက်ကယ် | ဖျစ်(ထောင်ပေါင်း) | ၅၁ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၅ | ၅၀ | ၅၀ | |
| ၁၅ | ငှက်သိုက် | ပိဿာ(ထောင်ပေါင်း) | | | | | | | | | | |
| ၁၆ | သစ်ခွ(အပင်) | ပင်ရေ(ထောင်ပေါင်း) | | | | | | | | | | |
| ၁၇ | လင်းနို့ချေး | ပိဿာ(ထောင်ပေါင်း) | | | | | | | | | | |
| ၁၈ | သင်ပေါင်းသား | လုံး(သန်း) | | | | | | | | | | |
| ၁၉ | ပျားရည် | ပိဿာ | ၅၀၀ | ၂၀၀ | ၂၀၀ | ၂၀၀ | ၂၀၀ | ၂၀၀ | ၂၀၀ | ၂၀၀ | ၂၅၀ | |
| ၂၀ | ပျားဖယောင်း | ပိဿာ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃ | ၃၀ | ၃၀ | |

ဇစ်မြစ်၊ ပူတာအိုခရိုင်၊ သစ်တောဦးစီးဌာန

၃၂

# ပူတာအိုခရိုင်အတွင်းဆောင်ရွက်ခဲ့သော သစ်တောလုပ်ငန်းများစာရင်း

ဇယား(၄-၂)

| ခုနှစ် | ကျွန်း စိုက်ခင်း မှတ် ခြင်း (ပင်) | သစ်မာ ပင်ထောင် ရိုက်မှတ် ခြင်း (ပင်) | ပဝတ္တိ မျိုးဆက် ခြင်း (ဧက) | ဓမ္မတာ မျိုးဆက် ခြင်း (ဧက) | အုပ်မိုး ကာဆိုင်း လှဲခြင်း (ဧက) | ပေါင်း သင် ရှင်း လင်း ခြင်း (ဧက) | ပင် ကြပ် နုတ် ခြင်း (ဧက) | နွယ်ဖြတ် ညောင် ပတ် လှဲခြင်း (ဧက) | သစ်တော လမ်း ပြင်ဆင် ခြင်း (မိုင်) | ကြိုးဝိုင်း နယ် နိမိတ် ပြင်ခြင်း (မိုင်) | အကွက် နယ်နိမိတ် ပြင်ခြင်း (မိုင်) | မီး ကာကွယ် ခြင်း (ဧက) | ကြိုးဝိုင်း တိုးချဲ့ ဖွဲ့စည်း ခြင်း (စ/မိုင်) | သဘာဝ တော တန်ဖိုး မြင့် စိုက် ပျိုးခြင်း (ဧက) | ပင်ပူး ခွာ ကိုင်း ချိုင် ခြင်း (ဧက) | ဒေသခံ ပြည်သူ အစုအဖွဲ့ ပိုင် စိုက် ခင်းတည် ထောင် ခြင်း (ဧက) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) |
| ၂၀၀၆-၂၀၀၇ | | | | | | | | | | | | | | | | |
| ၂၀၀၇-၂၀၀၈ | | | | | | | | | | | | | | | | |
| ၂၀၀၈-၂၀၀၉ | | | | | | | | | | | | | | | | |
| ၂၀၀၉-၂၀၁၀ | | | | | | | | | | | | | | | | |
| ၂၀၁၀-၂၀၁၁ | | | | | - စီမံကိန်းကာလတွင် ဆောင်ရွက်မှုမရှိပါ - | | | | | | | | | | | |
| ၂၀၁၁-၂၀၁၂ | | | | | | | | | | | | | | | | |
| ၂၀၁၂-၂၀၁၃ | | | | | | | | | | | | | | | | |
| ၂၀၁၃-၂၀၁၄ | | | | | | | | | | | | | | | | |
| ၂၀၁၄-၂၀၁၅ | | | | | | | | | | | | | | | | |
| ၂၀၁၅-၂၀၁၆ | | | | | | | | | | | | | | | | |

ဇစ်မြစ် - သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်

## ၄.၃ ဖွဲ့စည်းပုံနှင့်စီမံခန့်ခွဲခြင်း

၁။ ၁၈၅၆ ခုနှစ်မတိုင်မီ ရှေးမြန်မာမင်းများလက်ထက်နှင့် ကိုလိုနီအုပ်ချုပ်ရေး ခေတ်တို့တွင် သီးခြားဝန်ကြီးဌာနအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း မရှိဘဲ၊ သစ်တောဌာန အဖြစ်သာ တည်ထောင်လျက် အုပ်ချုပ်ရေးဌာနများမှ ပုဂ္ဂိုလ် များနှင့်တွဲဖက်၍ သစ်တောရေးရာ ကိစ္စရပ်များကို ကြီးကြပ် ဆောင်ရွက် ခဲ့ကြသည်။

၂။ ၁၈၅၆- ခုနှစ်တွင် သစ်တောဌာနကို စနစ်တကျတည်ထောင်ပြီး သစ်တော ပေါက်ရောက်မှု များကို တိုင်းတာစာရင်းကောက်ယူခြင်း၊ သစ်တောအုပ်ချုပ် လုပ်ကိုင်မှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ မြန်မာ့သစ်တောများကို သိပ္ပံနည်းကျ စနစ်တကျ အုပ်ချုပ်လုပ် ကိုင်လာခဲ့ပါသည်။

၃။ ၁၉၂၃- ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် အိန္ဒိယမှ ခွဲထုတ်၍ သီးခြားအုပ်ချုပ်ခဲ့ပြီးနောက် သစ်တောဝန်ကြီးဌာနကို သီးခြား ဖွဲ့စည်း တည်ထောင် ခဲ့ပါသည်။

၄။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် လယ်ယာနှင့် သစ်တောဝန်ကြီး ဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလျက် သစ်တောရေးရာကိစ္စရပ်များကို စီမံဆောင်ရွက်ခဲ့ပါ သည်။

၁၉၇၂- ခုနှစ်တွင် သစ်တောဌာနကို သစ်တောဦးစီးဌာနအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါ သည်။ မြန်မာတစ်နိုင်ငံလုံးရှိ သစ်တောများကိုလည်း သစ်တောတိုင်းကြီး **(Forest Circle)** (၈) ခုနှင့် သစ်တောခရိုင် (၃၆) ခုအဖြစ် ခွဲခြား၍ စီမံအုပ်ချုပ်ခဲ့ပါသည်။ သစ်တော နယ်တစ်ခုစီအတွက် သစ်တော အုပ်ချုပ်မှု စီမံကိန်း **(Working Plans)**များ ရေးဆွဲပြီး အုပ်ချုပ်ခဲ့ပါသည်။

၁၉၈၃- ခုနှစ်တွင် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၏ ၁၉၈၂-ခုနှစ်၊ ဇူလိုင်လ(၂)ရက် နေ့ ရက်စွဲပါစာအမှတ် ၁/ ၁၈၀(ဂ) (၇) (၁၃၆၆/ ၈၂)နှင့် ၁၉၈၃- ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆)ရက်နေ့ ရက်စွဲပါစာအမှတ် ဒ၀တ/ သစ်တော/ ၈၃ တို့အရ နယ်ဘက်အုပ်ချုပ်ရေး **(Civil Administration)** နှင့်လိုက်လျောညီထွေ ရှိစေရန် သစ်တောခရိုင်**(Forest Division)**များကို ဖျက်သိမ်း၍ ဗဟို ပြည်နယ်/ တိုင်း၊ မြို့နယ်များအဖြစ် သစ်တောဦးစီး ဌာနကို ဝန်ထမ်းဦးရေ (၃၈၅၉)ဦးဖြင့်ပင် ပြန်လည် ပြင်ဆင်ဖွဲ့စည်း ခဲ့ပါသည်။ ၁၉၈၈ - ခုနှစ်တွင် သစ်တောဦးစီးဌာန၏ ဖွဲ့စည်းပုံကို ဝန်ထမ်း အင်အား စုစုပေါင်း(၁၄၇၅၁)ဖြင့် ပြန်လည် ဖွဲ့စည်းခဲ့ပါသည်။ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး လုပ်ငန်း ဆောင်ရွက်ရေး ကိစ္စများ တွင် ပြည်နယ်/တိုင်းများမှ အဆိုပြုတင်ပြချက်များကို ဗဟိုမှ စိစစ်၍ ချမှတ် ဆောင်ရွက် စေပါသည်။

၅။ ၁၉၉၂- ခုနှစ် မတ်လ (၅)ရက်နေ့ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇/ ၉၂ အရ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနကို သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအဖြစ် သီးခြားစီ ပြင်ဆင်ဖွဲ့စည်းခဲ့ပါ သည်။

၁၉၉၄- ခုနှစ် ဇူလိုင်လ(၁၁)ရက်နေ့တွင် တိုင်း/ ခရိုင်/ မြို့နယ်ရုံးများ ဖွဲ့စည်း၍ အုပ်ချုပ်ရေးစနစ်အမျိုးမျိုးပြောင်းလဲပြီး သစ်တောများကို အုပ်ချုပ်လုပ်ကိုင်ခဲ့ ပါသည်။ ယခုအခါ သစ်တောလုပ်ငန်းများနှင့် စပ်လျဉ်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်မှ တာဝန်ယူဆောင်ရွက်၍ အချို့ကို ပြည်နယ်/ တိုင်းသစ်တောဦးစီးဌာနများအား တာဝန်ပေး ဆောင်ရွက စေပါ သည်။

၆။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၃- ခုနှစ်၊ စက်တင်ဘာလ(၁၀) ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၁/၉၃ ဖြင့် သစ်တော ပြုစုထိန်းသိမ်းရေး ကော်မတီနှင့် ဒေသဆိုင်ရာ သစ်တောပြုစုထိန်းသိမ်းရေး ကော်မတီများကိုဖွဲ့စည်းပြီး နိုင်ငံတော်ပိုင်သစ်တောများ မပြုန်းတီးရေး၊ သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ရေး၊ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများ ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောနှင့်ပတ်သက်သည့်မသမာမှုများ ကင်းရှင်းရေးတို့အတွက် စီမံဆောင်ရွက်ရန်၊ လက်ရှိသစ်တောဧရိယာအမှန်စာရင်း ရရှိရေးအတွက် ကွင်းဆင်းတိုင်းတာစစ်ဆေးပြုစုပေးရန် စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်သွား မည်ဖြစ်ပါသည်။

ပူတာအိုခရိုင်အတွင်း သစ်တောဦးစီးဌာနမှူးရုံးအဖြစ် ပူတာအိုမြို့တွင်သာ တစ်ရုံးတည်း တည်ဆောက်ပြီး ၁၉၈၅-၈၆ ခုနှစ်မှစပြီး အောက်ပါဖွဲ့စည်းပုံ အတိုင်း သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ၊ သစ်တောထိန်းသိမ်းရေး ကဏ္ဍများကို စီမံခန့်ခွဲအုပ်ချုပ်ခဲ့ပါသည်။

ပူတာအိုခရိုင်၏ လက်ရှိဝန်ထမ်းဖွဲ့စည်းပုံကို **ဇယား(၄.၃)** တွင်ဖော်ပြထားပါသည်။

## ပူတာအိုခရိုင်ဝန်ထမ်းဖွဲ့စည်းပုံဇယား

ဇယား(၄-၃)




| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| လက်ထောက်ညွှန်ကြားရေးမှူး | ၁ | - |
| တောအုပ်ကြီး | ၁ | - |
| တောအုပ် | ၂ | - |
| တောခေါင်း | ၂ | - |
| ရုံးအဖွဲ့ | ၁၃ | - |
| ပေါင်း | ၂၁ | - |

၃၆

### ၄.၄ လေ့ကျင့်ရေး၊

ပူတာအိုခရိုင်အတွင်းရှိ လက်ရှိဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေးအတွက် သစ်တောဦးစီးဌာနမှ အခါအားလျော်စွာ ဖွင့်လှစ်သည့် သင်တန်းများသို့ စေလွှတ်သင်ကြားစေနိုင်မှုကို **အတွဲ (၂) ဇယား (၄.၄)**တွင် ဖော်ပြအပ်ပါသည်။

### ၄.၅ အခွန်တော်ငွေနှင့်အသုံးစရိတ်

လွန်ခဲ့သော (၁၀)နှစ်တာကာလအတွင်း ရရှိသည့် အခွန်တော်ငွေနှင့် အသုံးစရိတ် ငွေများကို **ဇယား (၄-၅)**တွင် ဖော်ပြထားပါသည်။

## ၅။ ယခင်လုပ်ငန်းဆောင်ရွက်မှုများအပေါ်သုံးသပ်ခြင်း

### ၅.၁ ရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု

ပူတာအိုခရိုင်သည် လွန်ခဲ့သော (၂၀)နှစ်တာကာလအတွင်းမှသာ စတင်ပြီး ရုံးဖွင့် လှစ်ကာ သစ်တောရည်မှန်းချက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နှစ်စဉ် ရည်မှန်းချက် များအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

### ၅.၂ လူမှုရေးနှင့်လူ့အဖွဲ့အစည်းဆိုင်ရာပြဿနာများ

ပူတာအိုခရိုင်အတွင်းနေထိုင်ကြသော ဒေသခံတိုင်းရင်းသားများမှာ မိမိတို့၏ မိရိုးဖလာတောင်သူလုပ်ငန်းကို အချိန်ပြည့်ဆောင်ရွက်လျက်ရှိရာ သစ်တောလုပ်ငန်း အချို့အတွက် လုပ်သားအင်အားရရှိမှု အနည်းငယ်ခက်ခဲသည်ကို တွေ့ရပါသည်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ညှိနှိုင်းချက်များအရသာ လုပ်သားအင်အားကို ရရှိသုံးစွဲရပါ သည်။

### ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ

လွန်ခဲ့သော (၂၀)နှစ်တာကာလအတွင်း ပူတာအိုခရိုင်ရှိ ဒေသခံပြည်သူများသည် သစ်တောဆိုင်ရာဥပဒေများ မသိရှိ/မလေ့လာသည့်အပြင် မလေးစားဘဲ ဆောင်ရွက်လျက်ရှိရာ အုပ်ချုပ်မှု အားနည်းခဲ့ပါသည်၊ ယခုအခါ အခါအားလျော်စွာ အသိပညာ ပေးမှုကြောင့် အတော်အသင့်သိရှိနားလည်ပြီဟု ယူဆရသော အခြေအနေတွင် ရောက်ရှိနေပြီ ဖြစ်ပါသည်။

# အခွန်တော်ငွေနှင့်အသုံးစရိတ်

(ပြည်ထောင်စု)

ဇယား (၄-၅)က

| ခုနှစ် | အခွန်တော်ငွေ (ကျပ်ထောင်ပေါင်း) | | | | | အသုံးစရိတ် (ကျပ်ထောင်ပေါင်း) | | | | | | | | အခွန်တော်အပေါ် သုံးစွဲမှုရာနှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | သစ် | ထင်း/မီးသွေး | ဝါး/ကြိမ် | အခြား | ပေါင်း | ငွေလုံးငွေရင်း | | | သာမန် | | | | စုစုပေါင်း | |
| | | | | | | အဆောက်အဦး | သစ်တောစိုက်ခင်း | ပေါင်း | ဝန်ထမ်းလစာ နှင့် အသုံးစရိတ် | လုပ်အားခများ | အခြားအသုံး စရိတ် | ပေါင်း | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| ၂၀၀၆-၀၇ | ၁၃၆.၀၀၀ | - | ၇၇၂၀.၀၀၀ | ၉၅၆.၀၆၀ | ၈၈၁၂.၀၆၀ | - | - | - | ၂၈၂၇.၀၀၀ | ၂၀၉.၃၅၃ | ၁၃၀.၀၀၀ | ၃၁၆၆.၃၅၀ | ၃၁၆၆.၃၅၀ | |
| ၂၀၀၇-၀၈ | - | - | ၄၃၀၀.၀၀၀ | ၃၂၁.၁၉၆ | ၄၆၂၁.၁၉၆ | - | - | - | ၂၈၂.၅၀၀ | ၂၃၂.၄၂၀ | ၁၉၂၀.၇၇၀ | ၄၉၇၈.၁၉၀ | ၄၉၇၈.၁၉၀ | |
| ၂၀၀၈-၀၉ | - | - | ၁၀၅၀၀.၀၀၀ | ၇၄၂.၇၈၅ | ၃၀၇၂.၈၁၅ | - | - | - | ၂၆၆၄.၀၀၀ | ၄၂၀.၆၇၀ | ၁၁၉.၀၀၀ | ၃၂၀၃.၆၇၀ | ၃၂၀၃.၆၇၀ | |
| ၂၀၀၉-၁၀ | ၃၃၉.၈၀၀ | - | ၁၀၀၀.၀၀၀ | ၆၅၃.၁၂၅ | ၂၀၉၂.၉၂၅ | - | - | - | ၄၀၄၄.၀၀၀ | ၁၄၅၃.၃၀၀ | ၂၈၀.၀၇၅ | ၅၇၇၇.၃၇၅ | ၅၇၇၇.၃၇၅ | |
| ၂၀၁၀-၁၁ | ၁၉၆.၀၀၀ | - | ၇၅၀.၀၀၀ | ၁၉၂၃.၅၄၀ | ၂၈၆၉.၅၄၀ | - | - | - | ၆၅၄၇.၀၀၀ | ၆၁၈.၂၅၀ | ၄၁၈၈.၃၀၀ | ၁၁၃၅၃.၅၅၀ | ၁၁၃၅၃.၅၅၀ | |
| ၂၀၁၁-၁၂ | - | - | - | - | - | - | - | - | - | ၁၀၈.၆၀၀ | ၁၃၃.၉၀၀ | ၂၄၂.၅၀၀ | ၂၄၂.၅၀၀ | |
| ၂၀၁၂-၁၃ | ၃၂၅.၀၀၀ | - | - | ၅၆၈.၁၀၀ | ၈၉၃.၁၀၀ | - | - | - | - | ၃၂၂.၃၈၀ | ၁၁၆.၃၀၀ | ၅၃၈.၆၈၀ | ၅၃၈.၆၈၀ | |
| ၂၀၁၃-၁၄ | ၁၇၂၉.၅၇၆ | - | - | - | ၁၇၂၉.၅၇၆ | - | - | - | - | ၁၈၆.၀၀၀ | - | ၁၈၆.၀၀၀ | ၁၈၆.၀၀၀ | |
| ၂၀၁၄-၁၅ | ၁၉၅၅.၇၅၃ | - | - | - | ၁၉၅၅.၇၅၃ | - | - | - | - | ၃၀.၀၀၀ | ၁၀.၀၀၀ | ၄၀.၀၀၀ | ၄၀.၀၀၀ | |
| ၂၀၁၅-၁၆ | | - | - | - | | - | - | - | | - | - | | | |
| **ပေါင်း** | ၄၆၇၈.၈၂၉ | - | ၂၄၂၇၀.၀၀၀ | ၅၁၆၄.၈၀၆ | ၂၆၀၄၆.၉၆<br>၅ | - | - | - | ၁၆၃၆၄.၅၀၀ | ၃၅၈၀.၉၇၀ | ၆၈၉၈.၃၄၅ | ၂၉၄၈၆.၃၁၅ | ၂၉၄၈၆.၃၁၅ | |

၃၈

ဇစ်မြစ် - ပူတာအိုခရိုင်၊ သစ်တောဦးစီးဌာန။

# အခွန်တော်ငွေနှင့်အသုံးစရိတ်

## ပြည်နယ်/ တိုင်းဒေသကြီး

ဇယား (၄-၅)က

| ခုနှစ် | အခွန်တော်ငွေ (ကျပ်ထောင်ပေါင်း) | | | | | အသုံးစရိတ် (ကျပ်ထောင်ပေါင်း) | | | | | | | | အခွန်တော် အပေါ် သုံးစွဲမှု ရာနှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ငွေလုံးငွေရင်း | | | သာမန် | | | | စုစုပေါင်း | |
| | သစ် | ထင်း/ မီးသွေး | ဝါး/ ကြိမ် | အခြား | ပေါင်း | အဆောက် အဦး | သစ်တော စိုက်ခင်း | ပေါင်း | ဝန်ထမ်း လစာ နှင့် အသုံး စရိတ် | လုပ်အား ခများ | အခြား အသုံး စရိတ် | ပေါင်း | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| ၂၀၀၆-၀၇ | - | - | - | - | - | - | - | - | - | - | - | - | - | |
| ၂၀၀၇-၀၈ | - | - | - | - | - | - | - | - | - | - | - | - | - | |
| ၂၀၀၈-၀၉ | - | - | - | - | - | - | - | - | - | - | - | - | - | |
| ၂၀၀၉-၁၀ | - | - | - | - | - | - | - | - | - | - | - | - | - | |
| ၂၀၁၀-၁၁ | - | - | - | - | - | - | - | - | - | - | - | - | - | |
| ၂၀၁၁-၁၂ | - | - | ၆၀၀.၀၀၀ | ၃၀၆၄.၂၅၀ | ၃၆၆၄.၂၅၀ | - | - | - | ၈၆၂၁.၂၂၅ | ၁၀၆၉.၄၂၀ | ၉၈၈.၇၀၀ | ၈၈၇၉.၃၄၅ | ၈၈၇၉.၃၄၅ | |
| ၂၀၁၂-၁၃ | - | - | ၂၀၀.၀၀၀ | ၂၃၅၃.၈၀၀ | ၂၅၅၃.၈၀၀ | - | - | - | ၁၈၆၂၂.၈၀၅ | ၁၈၇၁.၅၄၀ | ၇၆၄.၄၀၀ | ၂၁၂၅၈.၇၄၅ | ၂၁၂၅၈.၇၄၅ | |
| ၂၀၁၃-၁၄ | - | - | ၇၀၀.၀၀၀ | ၈၅၄၄.၀၇၅ | ၉၂၄၄.၀၇၅ | - | - | - | ၂၁၄၂၀.၈၈၀ | ၂၂၂၁.၀၈၀ | ၁၁၂၇.၆၀၀ | ၂၄၇၆၉.၅၆၀ | ၂၄၇၆၉.၅၆၀ | |
| ၂၀၁၄-၁၅ | - | - | - | ၃၆၁၇၅.၄၃၅ | ၃၆၁၇၅.၄၃၅ | - | - | - | ၂၈၄၀၁.၈၆၈ | ၄၄၇.၅၀၃၂ | ၁၇၅၆.၆၅၀ | ၃၄၆၃၃.၅၅၀ | ၃၄၆၃၃.၅၅၀ | |
| ၂၀၁၅-၁၆ | - | - | - | - | - | - | - | - | - | - | - | - | - | |
| **ပေါင်း** | - | - | ၁, ၅၀၀.၀၀၀ | ၅၀,၁၃၇,၅၆၀ | ၅၁,၆၃၇,၅၆၀ | - | - | - | ၇၇,၀၆၆.၇၇၈ | ၉,၆၃၇.၀၇၂ | ၄,၆၃၇.၅၃၅၀ | ၈၉,၅၄၁.၂၀၀ | ၈၉,၅၄၁.၂၀၀ | |

ဇစ်မြစ် - ပူတာအိုခရိုင်၊ သစ်တောဦးစီးဌာန။

၃၉

## ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု

လွန်ခဲ့သော (၂၀)နှစ်ကာလအတွင်း ပူတာအိုခရိုင်တွင် ဝန်ထမ်းအင်အား ပြည့်စုံမှု မရှိခြင်း၊ ယာဉ်၊ ယန္တရားနှင့် စက်ကိရိယာများ လုံလောက်မှုမရှိခြင်း၊ ဝန်ထမ်းများအား အသိပညာ ပေးသင်တန်းများ စေလွှတ်နိုင်မှုအားနည်းခြင်း၊ သစ်တော ဥပဒေ မူဝါဒများ ကျယ်ပြန့်စွာ သက်ရောက်နိုင်ရေး အားနည်းခြင်းစသော အားနည်း ချက်များ တွေ့ရှိရပါသည်။

## ၅.၅ ပြင်ပအကြောင်းအရပ်များ၏ အကျိုးသက်ရောက်မှု

ဒေသခံပြည်သူများအနေဖြင့် သစ်တောဆိုင်ရာ ဥပဒေ၊မူဝါဒများ ကောင်းစွာသိရှိ နားလည် ခြင်းမရှိသဖြင့် သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တော ဝန်ထမ်းများအား ဒေသခံပြည်သူများက ၄င်းတို့၏ တောတောင်များအား ဝင်ရောက် ချယ်လှယ်သည်ဟု အမြင်မှားမှု သဘောများ တွေ့နေရကြောင်း သုံးသပ်မိ ပါသည်။

## ၅.၆ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု

ပူတာအိုခရိုင်အတွင်း ဒေသခံပြည်သူတို့၏ အဓိကလိုအပ်ချက်မှာ လောင်စာအတွက် ထင်းဖြစ်သည်။ ယင်းလိုအပ်ချက်အား လိုအပ်သည်ထက် ပိုမိုထုတ်ယူ သုံးစွဲမှု မရှိ စေရေး အတွက် ကြပ်မတ်ဆောင်ရွက် လျက်ရှိပါသည်။

## ၅.၇ အခွန်တော်ငွေနှင့်အသုံးစရိတ်

ပူတာအိုခရိုင်အတွင်း ကျွန်းနှင့်သစ်မာများ ထုတ်လုပ်မှုမရှိခြင်း သစ်နှင့်သစ်မဟုတ် သည့် သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ် ထုတ်လုပ်မှု မရှိခြင်းတို့ကြောင့် အသုံး စရိတ်နှင့် အခွန်တော်ငွေရရှိမှု မညီမျှ ကြောင်းတွေ့ရပါသည်။

## ၅.၈ လုပ်ငန်းများဆိုင်ရာ အခက်အခဲအတားအဆီးများ

ပူတာအိုခရိုင်သည်ဝေးလံခေါင်းပါးသော ဒေသဖြစ်ခြင်းကြောင့် ကုန်ပစ္စည်းရှားပါးခြင်း၊ ဈေးနှုန်း ကြီးမြင့်ခြင်း၊ လေယာဉ်လမ်းတစ်ခုတည်းသာ အားကိုးရသဖြင့် ပစ္စည်း ဈေးများ အဆမတန် ကြီးမြင့်ခြင်း ဖြစ်ပေါ်ရပါသည်။ နိုင်ငံတော်မှ ချမှတ်ပေးသည့် လုပ်အားခများဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲ၊ အတားအဆီးများ ဖြစ်ပေါ် စေကြောင်း တွေ့ရပါသည်။

## ၅.၉ အထွေထွေ

သစ်ပင်ပွဲတော် ဖြန့်ဝေစိုက်ပျိုးမှုမှာ ပူတာအိုခရိုင်အတွင်း ပူတာအိုမြို့နယ်ရှိ မြို့ပေါ် လမ်းဘေးဝဲယာ၊ ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ မြို့ပြင် လမ်းဘေး ဝဲယာများတွင် သစ်တော ဦးစီးဌာနမှ ဦးဆောင် စိုက်ပျိုး လျှက်ရှိပါသည်။

မချမ်းသော မြို့နယ်သို့လည်း ပျိုးပင်များပေးပို့ဖြန့်ဝေ စိုက်ပျိုး လျက်ရှိပါသည်။ နောင်မွန်၊ ခေါင်လန်ဖူး၊ ဆွမ်ပရာဘွမ်မြို့နယ်များတွင် ဒေသထွက်သစ်မျိုးများ ကိုသာ ရှာဖွေစိုက်ပျိုး လျက် ရှိပါသည်။

**၆။ နိဂုံး**

ပူတာအိုခရိုင်အတွင်း လူမှုရေး၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးမှုဆိုင်ရာများအဖြစ် မိမိသုံးသစ် ထုတ်ပေးခြင်း၊ ကြိမ်လုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့အစည်းများကိုတင်ပြ၍ ရေဝေရေလဲ စိုက်ခင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းများတွင် ပြည်သူလူထုများပါဝင် ဆောင်ရွက်လာစေရေးနှင့် အထူးသဖြင့် ပူတာအိုခရိုင်တွင် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ဖုန်ကန်ရာဇီ ဘေးမဲ့တောနှင့် ဘွမ်ဖာဘွမ်ဘေးမဲ့တောစသည့် သစ်တောဂေဟစနစ်များ ကိုကျယ် ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးနှင့် သဘာဝတောတောင်အလှရေခဲများ လွှမ်းခြုံသည့် သဘာဝတောင်များ၏ အလှအပများနှင့်ယင်းဒေသရှိရှားပါးသည့် တောရိုင်း တိရစ္ဆာန်များကို တန်ဖိုးထားစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမို ကျယ်ပြန့်စွာ ဆောင်ရွက်စေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု နိဂုံး ချုပ်တင်ပြအပ်ပါသည်။

# အပိုင်း(၂)

# အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု

## ၇။ သစ်တောမူဝါဒ

၁၉၉၂- ခုနှစ်၊ သစ်တောဥပဒေပုဒ်မ (၁၀)(ခ)တွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် စီမံကိန်းများကိုရေးဆွဲ၍ သစ်တောရေးရာဝန်ကြီးထံ တင်ပြရမည် ဖြစ်ပါသည်။

၁၉၉၅- ခုနှစ် မြန်မာ့သစ်တောမူဝါဒ သဘောထားကြေငြာချက်အခန်း **၃-၆** အရ သစ်တော ကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ ယေဘူယျလမ်းညွှန်ချက်များနှင့် ရည်မှန်း ချက် များ ချမှတ်ပေးနိုင်မည့် (၁၀)နှစ် စီမံကိန်းတစ်ရပ်ရေးဆွဲသွားရန် မူဝါဒလုပ်ငန်း တစ်ရပ်အဖြစ်ဖော်ပြထားပါသည်။

ထို့အပြင် ၁၉၉၅- ခုနှစ်၊ အမျိုးသားသစ်တော ရေးရာဆောင်ရွက်မှုစီမံချက်၊ သစ်တော အုပ်ချုပ်လုပ်ကိုင်မှုအပိုင်းတွင် ဖော်ပြထားသည့်အုပ်ချုပ်လုပ်ကိုင်မှု နယ်မြေတစ်ခုစီ အတွက် ဘက်စုံအသုံး ချအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းများကို ရေးဆွဲရန် အကြံပြု ထား ပါသည်။

သို့ဖြစ်ပါ၍ ဤအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၉၉၅- ခုနှစ်၊ မြန်မာ့သစ်တောမူဝါဒ၊ သဘော ထားကြေငြာချက်တွင် ချမှတ်ထားသည့် ပဓာနကျသည့် အချက်(၆)ချက်ကို အကောင်အထည် ဖော် ဆောင်ရွက်ရန်ရည်ရွယ်၍ ရေးဆွဲခြင်းဖြစ်ပါသည်။

စနစ်တကျရေးဆွဲထားသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများမရှိဘဲ သစ်တောများကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်နိုင်မည်မဟုတ်ပါ။ ထို့အပြင် သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်း ရေးဆွဲ၍ အုပ်ချုပ်လုပ်ကိုင်ခြင်းမှာ အပြည် ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်အဖွဲ့ **(International Tropical Timber Organization /ITTO)**ကသတ်မှတ်ထားသော သစ်တောများကို ထာဝစဉ် တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်ခြင်း**(Sustainable Forest Management SFM)** ၏ စံချိန်စံညွှန်း **(Indicator)**တစ်ခုလည်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၉၉၅- ခုနှစ် မြန်မာ့သစ်တောမူဝါဒ ကြေငြာချက် တွင် ချမှတ်ထားသည့်ပဓာနကျသော အချက်(၆)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရယ်ရွယ်၍ ရေးဆွဲခြင်းဖြစ်ပါသည်။

(က) **ကာကွယ်ခြင်း** ။ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရပါမည်။

(ခ) **ထာဝစဉ်တည်တံ့စေခြင်း** ။လက်ရှိ ပြည်သူလူထုနှင့် နောင်လာ နောက်သား များပါ သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တော သယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေး အတွက် ထိန်းသိမ်းရပါမည်။

(ဂ)**အခြေခံစားဝတ်နေရေးလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း** ပြည်သူလူထု၏လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်း ဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့် ဆည်း ပေးရပါမည်။

(ဃ) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း** သစ်တောသယံဇာတများမှ ရရှိနိုင်သည့် အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝ အသုံးချနိုင်ရန် စီမံရပါမည်။

(င) **ပြည်သူလူထုတို့က ပူးပေါင်းပါဝင် ဆောင်ရွက်လာစေခြင်း** သစ်တောများပြုစု ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချ ရေးဆိုင်ရာ လုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြ စေရန် ဆောင် ရွက်သွားရပါမည်။

(စ) **ပြည်သူအတွင်းနိုးကြားထကြွသည့်အသိရှင်သန်နေစေခြင်း** နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိက အခန်းမှပါဝင် နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြား သည့်အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော် သွားရပါမည်။

## ၈။ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ

### ၈.၁ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များ

#### ၈.၁.၁ လူမှုစီးပွားရေး

သစ်တောကဏ္ဍကိုအခြေခံ၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော သစ်နှင့် အခြား သစ်တောထွက်ပစ္စည်းများ ဖူလုံစေရေးနှင့်ဝင်ငွေရရှိစေရန်။

#### ၈.၁.၂ သစ်တောဖွံ့ဖြိုးရေး

စီမံကိန်းများရေးဆွဲ၍ သစ်တောများကို စနစ်တကျအုပ်ချုပ်ပြုစု ထိန်းသိမ်းခြင်းဖြင့် သစ်တောသယံဇာတများကို အကျိုးရှိစွာအသုံးချလာနိုင်ပြီး သစ်တောကဏ္ဍ ပိုမို ဖွံ့ဖြိုး တိုးတက်လာစေရန်။

#### ၈.၁.၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

သစ်တောများကိုစီမံကိန်းချမှတ်၍ စနစ်တကျအုပ်ချုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူ ဖြစ်စေရန် နှင့် စဉ်ဆက် မပြတ် အကျိုးစီးပွား ခံစားနိုင်စေရန်။

#### ၈.၁.၄ သဘာဝဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်မျှတရေးကို ဆောင်ရွက် သွားရန်။

## ၈.၂ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

### ၈.၂.၁ လူမှုစီးပွားရေးဖွံ့ဖြိုးမှု

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောကဏ္ဍသည် အဓိကအခန်းမှ ပါဝင်နေကြောင်း၊ ပြည်သူတို့အတွင်း နိုးကြားသည့် အသိစိတ်ရှင်သန်နေစေရေးကို စည်းရုံးလှုံ့ဆော်သွားရန်နှင့် သစ်တောကဏ္ဍ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်အတွက် လူမှုစီးပွား ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

### ၈.၂.၂ သစ်တောဖွံ့ဖြိုးမှု

လူမှုရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များအစွမ်းကုန် ရရှိခံစားနိုင်ရေး၊ ဂေဟစနစ်များ မျှတမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက် သစ်တောများပြန်လည်စိုက်ပျိုးပြုစုရန်နှင့် သစ်တောများကို ထာဝစဉ်ညီ တောထွက်စနစ်ဖြင့် စီမံအုပ်ချုပ်နိုင်ရေးအတွက် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ အစဉ်တည်မြဲနေစေရေးကို ဆောင်ရွက်သွားရန်။ နိုင်ငံတော်ဧရိယာ၏ စုစုပေါင်း (**၃၀%**)ကို ကြိုးဝိုင်းတောများအဖြစ် လည်းကောင်း၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းဆောင်ရွက်ရာ၌ ရေတိုတွင် နိုင်ငံတော် ဧရိယာ စုစုပေါင်း၏ (**၅%**) ကို လည်းကောင်း၊ ရေရှည်တွင် (**၁၀%**) အထိ လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ရန်။

### ၈.၂.၃ စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဖွံ့ဖြိုးမှု

#### ၈.၂.၃.၁ သစ်နှင့်သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

သစ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးတို့ကို စွမ်းဆောင်ရည်ထက်မြက်စွာဖြင့်ထုတ်ယူ၍ ထာဝစဉ်အသုံးချအုပ်ချုပ်လုပ်ကိုင်သွားရန်။

#### ၈.၂.၃.၂ သစ်တောအခြေခံလုပ်ငန်းဖွံ့ဖြိုးမှု

သစ်တောများမှလိုအပ်သော သစ်ကုန်ကြမ်းပမာဏ အမှန်တကယ် ထုတ်ပေးနိုင်သည့် အခြေအနေပေါ် မူတည်၍ သစ်တောအခြေခံလုပ်ငန်းများ ဖွံ့ဖြိုးမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်။

#### ၈.၂.၃.၃ ရောင်းဝယ်ရေးနှင့်ကုန်သွယ်မှု

သစ်တောထွက်ပစ္စည်းများကို ပြည်ပသို့ တန်ဘိုးမြှင့်ပစ္စည်းများအဖြစ် တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတကာသစ်ဈေးကွက်သို့ ဝင်ရောက်ကုန်သွယ်မှုပြုလုပ်ရန်။

### ၈.၂.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝ ဝန်းကျင် ထိန်းသိမ်းမှု

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ယင်းတို့၏ နေရင်းဒေသများ ကာကွယ် ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ သဘာဝထိန်းသိမ်းရေး နယ်မြေများ တည်ထောင် ခြင်းဖြင့် လည်းကောင်း၊ တိရစ္ဆာန်ဉယျာဉ်နှင့် ရုက္ခဗေဒ ဉယျာဉ်များ တည်ထောင် ခြင်းဖြင့် လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုန်းသည့် အန္တရာယ်မှ ကာကွယ် ထိန်းသိမ်းရန်။

## ၉။ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း

ယခုတင်ပြသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ပူတာအိုခရိုင်အတွင်း သစ်တော သယံဇာတများကို စဉ်ဆက်မပြတ် အုပ်ချုပ်လုပ်ကိုင်သွားရန် ရည်ရွယ်၍ ရေးဆွဲထားခြင်း ဖြစ်ပါ သည်။ စီမံကိန်းသက်တမ်း ကာလမှာ (၁၀) နှစ် **(၂၀၁၆-၁၇ ခုနှစ်မှ ၂၀၂၅-၂၆ ခုနှစ် အထိ )** ဖြစ်ပြီး စီမံကိန်းစတင်ပြီး (၅)နှစ် **(၂၀၂၀-၂၀၂၁)**ခုနှစ် အကြာတွင် စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေကို ပြန်လည်သုံးသပ်မည် ဖြစ်ပါသည်။ ပူတာအို ခရိုင်အတွင်း ပေါက်ရောက်လျက်ရှိသော သဘာဝတောများကို သစ်ပင်ပေါက်ရောက်မှု၊ သစ်နှင့် သစ်တောထွက်ပစ္စည်းထွက်ရှိမှု အလားအလာ၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်၊ ဒေသခံပြည်သူ တို့၏ သစ်နှင့်သစ်တောထွက်ပစ္စည်း လိုအပ်ချက်၊ ပတ်ဝန်းကျင်နှင့် ရေမြေထိန်းသိမ်းမှု လိုအပ်ချက်စသည့် အချက်အလက်များကို အခြေခံပြီး အလုပ်တိုက်နယ်များ ဖွဲ့စည်း တည်ထောင်ပြီး စနစ်တကျ စီမံ အုပ်ချုပ် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ အလုပ်တိုက်နယ် အလိုက် အုပ်ချုပ်လုပ်ကိုင်သွားမည့် လုပ်ငန်းများကို အသေးစိတ်ပြင်ဆင် ရေးဆွဲဖော်ပြ ထားပါ သည်။

### ၉.၁ သစ်ထုတ်လုပ်ရေးသဘာဝတောများ

ပူတာအိုခရိုင်အတွင်း သစ်ထုတ်လုပ်နိုင်သည့် သဘာဝတောများ မရှိသဖြင့် ထုတ်လုပ်ရေး တိုက်နယ် ဖွဲ့စည်းတည်ထောင်နိုင်ခြင်းမရှိပါ။

### ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁)ရောင်းတန်းဝင်သစ်များ ထာဝစဉ် စဉ်ဆက်မပြတ် ထုတ်လုပ်ရေး။

(၂)ပါဝင်ပင်များအမျိုးအစားညီညွတ်၍ သဘာဝတောများ၏ တန်ဖိုးကို ထိန်းသိမ်း ရေး။

(၃)သဘာဝတောများ၏ ဂေဟစနစ်မျှတရေးနှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး။

### ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

#### ၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ်

ပူတာအိုခရိုင်တွင် ထုတ်လုပ်ရေးအလုပ်တိုက်နယ် ဖွဲ့စည်းနိုင်ခြင်းမရှိပါ။

##### ၉.၁.၂.၁.၁ အလုပ်တိုက်နယ်နှင့်ခုတ်စဉ်များဖွဲ့စည်းခြင်း

ဖော်ပြရန်မရှိပါ။

###### ၉.၁.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ဖော်ပြရန်မရှိပါ။

###### ၉.၁.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်

ဖော်ပြရန်မရှိပါ။

###### ၉.၁.၂.၁.၁.၃ ခုတ်ပတ်

ဖော်ပြရန်မရှိပါ။

###### ၉.၁.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ဖော်ပြရန်မရှိပါ။

###### ၉.၁.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း

ဖော်ပြရန်မရှိပါ။

###### ၉.၁.၂.၁.၁.၆ သစ်မထုတ်မီ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း

ဖော်ပြရန်မရှိပါ။

###### ၉.၁.၂.၁.၁.၇ သစ်ထုတ်ပြီး သစ်တောသယံဇာတစာရင်းကောက်ယူခြင်း

ဖော်ပြရန်မရှိပါ။

###### ၉.၁.၂.၁.၁.၈ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

ဖော်ပြရန်မရှိပါ။

## ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ

ပူတာအိုခရိုင်အတွင်း သစ်ထုတ်လုပ်နိုင်သည့် သစ်တောစိုက်ခင်းများ မရှိသဖြင့် ဖော်ပြရန်မရှိပါ။

### ၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

ဖော်ပြရန်မရှိပါ။

### ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

#### ၉.၂.၂.၁ စိုက်ခင်းများအလုပ်တိုက်နယ်

ဖော်ပြရန်မရှိပါ။

**၉.၂.၂.၁.၁ အလုပ်တိုက်နယ်နှင့်စိုက်ကွက်စဉ်ဖွဲ့စည်းမှု**

ဖော်ပြရန်မရှိပါ။

**၉.၂.၂.၁.၁.၁ နေရာဒေသရွေးချယ်ခြင်း**

ဖော်ပြရန်မရှိပါ။

**၉.၂.၂.၁.၁.၂ ဒေသနှင့်သစ်မျိုးလိုက်ဖက်မှု**

ဖော်ပြရန်မရှိပါ။

**၉.၂.၂.၁.၁.၃ သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်**

ဖော်ပြရန်မရှိပါ။

**၉.၂.၂.၁.၁.၄ သက်ပတ်**

ဖော်ပြရန်မရှိပါ။

**၉.၂.၂.၁.၁.၅ အုပ်ချုပ်လုပ်ကိုင်မှုပြဋ္ဌာန်းချက်များ**

ဖော်ပြရန်မရှိပါ။

**၉.၂.၂.၁.၁.၅.၁ စိုက်ခင်းမတည်ထောင်မီလုပ်ငန်းများ**

ဖော်ပြရန်မရှိပါ။

**၉.၂.၂.၁.၁.၅.၂ စိုက်ခင်းတည်ထောင်ပြီးလုပ်ငန်းများ**

ဖော်ပြရန်မရှိပါ။

**၉.၂.၂.၁.၁.၆ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း**

ဖော်ပြရန်မရှိပါ။

**၉.၂.၂.၁.၁.၆.၁ ကြားဖြတ်တောထွက်**

ပူတာအိုခရိုင်အတွင်း စီးပွားရေးစိုက်ခင်းများ တည်ထောင်ထားရှိခြင်းမရှိသည့်အတွက် ကြားဖြတ်တောထွက် ထုတ်ယူနိုင်ခြင်းမရှိပါ။

**၉.၂.၂.၁.၁.၆.၂ အပြီးသတ်တောထွက်**

ပူတာအိုခရိုင်အတွင်း စီးပွားရေး စိုက်ခင်းများ တည်ထောင်ထားရှိခြင်း မရှိသည့်အတွက် အပြီးသတ် တောထွက် ထုတ်ယူနိုင်ခြင်းမရှိပါ။

**၉.၂.၃ အဖွဲ့အစည်း၊လုပ်ထုံးလုပ်နည်းနှင့်ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု**

ဖော်ပြရန်မရှိပါ။

**၉.၂.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး**

ဖော်ပြရန်မရှိပါ။

## ၉.၃ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

### ၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

ဒေသထောက်ပံ့ရေး၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်း၏ ရည်ရွယ်ချက် မှာ -

(၁)ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို အထောက်အကူ ဖြစ်စေရန်၊

(၂)ဒေသခံပြည်သူများ၏ ပူပေါင်းဆောင်ရွက်မှုဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း လုပ်ငန်းကို အကောင်အထည် ဖော်ဆောင်ရွက်ရန်၊

(၃)ပြည်သူများ၏ သစ်တောတန်ဘိုးချစ်မြတ်နိုးသည့် အသိစိတ်ဓါတ်များ ပေါ်ပေါက်လာပြီး သစ်တောများ ပျက်စီးပြုန်းတီးမှုကို ဒေသခံပြည်သူများ ကိုယ်တိုင် ပါဝင်ထိန်းသိမ်း တတ်လာစေရန် တို့ဖြစ်သည်။

### ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ခရိုင်အတွင်းရှိ ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဦးတည်လျက် သစ်တောထွက်ပစ္စည်းများဖြစ်သည့် သစ်၊ ထင်း၊ တိုင်၊ မျော၊ ဝါးစသည်တို့ကို သစ်တောများအတွင်းမှ ရေရှည် ထုတ်လုပ်သုံးစွဲနိုင်ရန်နှင့် သစ်တောမရှိသည့် နေရာများ၊ သစ်တောများ ပြုန်းတီး သွားသော နေရာများတွင် ကျေးရွာသုံး၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဓမ္မတာနည်းဖြင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို ဒေသခံပြည်သူလူထု၏ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှုဖြင့် အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများကို သစ်ပင်ပေါက်ရောက်မှုအခြေအနေ၊ ကျင့်သုံးသည့် သစ်တောစိုက်ပျိုး ပြုစုနည်းစနစ်နှင့် သစ်ထုတ်မည့်နည်းစနစ်၊ ချမှတ်ထားသည့်ခုတ်ပတ်၊ ထုတ်လုပ် ခွင့်ပြုသည့် အရွယ်အစားစသည့်အပေါ်မူတည်၍ တောထွက်တွက်ချက်ပြီး လိုအပ်သလို အလုပ်တိုက်နယ်များ၊ လုပ်ကွက်စဉ်၊ ခုတ်စဉ်များ၊ စနစ်တကျ ဖွဲ့စည်း အုပ်ချုပ် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဖွဲ့စည်းထားသည့် လုပ်ကွက်စဉ်များ အတွင်းရှိ သစ်တောထွက်ပစ္စည်းများ၏ ပေါက်ရောက်မှုနှင့် ထွက်ရှိနိုင်မှု အခြေအနေကို သိရှိနိုင်ရန်အတွက် သစ်မထုတ်မီ သယံဇာတ စာရင်းကောက်ယူခြင်း၊ သစ်ထုတ်ပြီး လိုအပ်သော သစ်တော စိုက်ပျိုးပြုစု နည်းစနစ်များ လုပ်ကိုင်နိုင်ရန်အတွက် သစ်ထုတ်ပြီး သယံဇာတစာရင်း ကောက်ယူခြင်းတို့ကို လုပ်ကိုင်သွား မည် ဖြစ်ပါသည်။

#### ၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ အလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို **ဧရိယာ(၄၁၇၂၆၅)ဧက** ဖြင့် ဖွဲ့စည်းထားပါသည်။ ကျေးရွာသုံးထင်းစိုက်ခင်း**(၈၆၀)**ဧက တည်ထောင်ထားရှိပြီး ဒေသခံ

ပြည်သူ့အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း (၄၃၆၁) ဧက တည်ထောင်ခွင့်ပြု ပေးပြီး ဖြစ်ပါသည်။ ဒေသခံပြည်သူများအတွက် ဒေသထောက်ပံ့ရေး သဘာဝ သစ်တောဧရိယာ **(၄၁၀၆၅၅)** ဧက ဖွဲ့စည်း တည်ထောင်ထားပြီး ဖြစ်ပါ သည်။

**၉.၃.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း**

ဒေသတွင်း နေထိုင်သည့် လူဦးရေပမာဏမှာ တစ်သိန်း နီပါးရှိပါသည်။ သစ်တောထွက်ပစ္စည်း အဓိကလိုအပ်ချက်မှာ မိမိသုံးသစ်၊ တိုင်၊ မျော၊ ထင်းနှင့် မီးသွေးတို့ဖြစ်ပါသည်။ ပူတာအိုခရိုင်အတွင်းရှိ ပူတာအို၊ မချမ်းဘော၊နောင်မွန်း၊ခေါင်လန်ဖူးနှင့် ဆွမ်ပရာဘွမ်အစရှိသည့် မြို့နယ် များရှိ ကြိုးပြင်ကာကွယ်တောများ၊ ကြိုးပြင်တောများတွင် ဒေသ ထောက်ပံ့ရေး/ဒေသခံပြည်သူ့အစုအဖွဲ့ပိုင်သစ်တောများအလုပ်တိုက်နယ် ကို လုပ်ကွက်စဉ်(၉)ခု၊ ဧကစုစုပေါင်း(၄၁၇၂၆၅)ဧကဖြင့် ဖွဲ့စည်းပါ သည်။ လုပ်ကွက်စဉ်အလိုက် ထောက်ပံ့ရေး အကွက်နှင့် အနားပေး အကွက် ခွဲဝေမှုကို **ဇယား(၉.၃.၂.၁.၁)က** နှင့် လုပ်ကွက်စဉ် နှစ်စဉ် ထုတ်ယူခွင့်ပြုနိုင်မည့် ဧရိယာနှင့် တောထွက် **(Potential Annual Yield)**ကို **ဇယား(၉.၃.၂.၁.၁)ဂ** တွင် ခုတ်ပတ် (၂၀)နှစ်ဖြင့် တွက်ချက် ဖော်ပြထားပါသည်။ ဒေသ ထောက်ပံ့ရေး အလုပ်တိုက်နယ် အတွင်းရှိ ကျေးရွာသုံး စိုက်ခင်းများနှင့်ဒေသအစုအဖွဲ့ပိုင် စိုက်ခင်းများ၏ နှစ်စဉ် စိုက်ကွက်ဖွဲ့စည်းမှုအား ဇယား **(၉.၃.၂.၁.၁) ဃ** ဖြင့် ဖော်ပြအပ်သည်။

**ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်၊ခုတ်စဉ် အလိုက်ဧရိယာခွဲဝေမှုဇယား**

ဇယား(၉.၃.၂.၁.၁)က

| ခုတ်စဉ် | ကြိုးဝိုင်/ကြိုးပြင်ကာကွယ်တော/ကြိုးပြင်တော | အကွက်အမှတ်များ | ဧရိယာ(ဧက) | | | | |
|---|---|---|---|---|---|---|---|
| | | | ကျေး/သုံးစိုက်ခင်း | အစုအဖွဲ့ | သဘာဝတော | | စုစုပေါင်း (ဧက) |
| | | | | | Effective | Ineffective | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| I | နန့်ပလပ်ကြိုးပြင်ကာကွယ်တော | - | - | ၅၀၀ | ၅၀၃၃၅ | - | ၅၀၈၃၅ |
| II | မူလာဒီးကြိုးပြင်ကာကွယ်တော | - | - | ၂၀၀၀ | ၁၃၄၉၄၇ | - | ၁၃၆၉၄၇ |
| III | ထီခကြိုးပြင်ကာကွယ်တော | - | - | ၇၀၀ | ၃၉၆၂၀ | - | ၄၀၃၂၀ |
| IV | နောင်မွန်းကြိုးပြင်တော | - | - | - | ၉၅၂၆၄ | - | ၉၅၂၆၄ |
| V | ခေါင်လန်ဖူးကြိုးပြင်တော | - | - | - | ၃၀၉၁၈ | - | ၃၀၉၁၈ |
| VI | ဆွမ်ပရာဘွမ်ကြိုးပြင်တော | - | - | - | ၅၉၅၇၁ | - | ၅၉၅၇၁ |
| VII | ရှန်ခကြိုးပြင်ကာကွယ်တော | - | - | ၆၅၀ | - | - | ၆၅၀ |
| VIII | နန်ထုံကြိုးဝိုင်း | - | - | ၁၉၀၀ | - | - | ၁၉၀၀ |
| IX | နန်ထုံကြိုးပြင် | - | ၈၆၀ | - | - | - | ၈၆၀ |
| | **အလုပ်တိုက်နယ်ပေါင်း** | - | ၈၆၀ | ၅၇၅၀ | ၄၁၀၆၅၅ | - | ၄၁၇၂၆၅ |

ဇစ်မြစ်– သစ်တောဦးစီးဌာန၊ပူတာအိုခရိုင်။

## ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ်

ဇယား (၉-၃-၂-၁-၁) ခ

| ခုတ်စဉ် | ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော အမည် | ကျေးရွာထောက်ပံ့ရေးအတွက် အသုံးပြုနိုင်သော ဧရိယာ (ဧက) | အနားပေးကွက် ဧရိယာ (ဧက) | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| I | နန့်ပလပ်ကြိုးပြင်ကာကွယ်တော | ၄၇၈၁၈ | ၂၅၁၇ | ၅၀၃၃၅ | |
| II | မူလာဒီးကြိုးပြင်ကာကွယ်တော | ၁၂၄၆၉၆ | ၁၀၂၅၁ | ၁၃၄၉၄၇ | |
| III | ထီခကြိုးပြင်ကာကွယ်တော | ၃၅၃၁၀ | ၄၃၁၀ | ၃၉၆၂၀ | |
| IV | နောင်မွန်းကြိုးပြင်တော | ၉၂၃၇၄ | ၂၈၉၀ | ၉၅၂၆၄ | |
| V | ခေါင်လံဖူးကြိုးပြင်တော | ၃၀၆၁၈ | ၃၀၀ | ၃၀၉၁၈ | |
| VI | ဆွမ်ပရာဘွမ်ကြိုးပြင်တော | ၅၄၂၂၁ | ၅၃၅၀ | ၅၉၅၇၁ | |
| | **စုစုပေါင်း** | **၃၈၅၀၃၇** | **၂၅၆၁၈** | **၄၁၀၆၅၅** | |

ဇစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်

## ခုတ်စဉ်များ၏ နှစ်စဉ်ထုတ်ယူရရှိမည့် ဧရိယာစာရင်း

(၉-၃-၂-၁-၁) ဂ

R= 20

| ခုတ်စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအမည် | ကျေးရွာထောက်ပံ့ရေးအတွက်အသုံးပြုနိုင်သောဧရိယာ စုစုပေါင်း(ဧက)A | ကျေးရွာထောက်ပံ့ရေးအတွက် နှစ်စဉ် ထုတ်ယူခွင့်ပြုနိုင် သော ဧရိယာစုစုပေါင်း (ဧက)A/R | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| I | နန့်ပလပ်ကြိုးပြင်ကာကွယ်တော | ၄၇၈၁၈ | ၂၃၉၀ | |
| II | မူလာဒီးကြိုးပြင်ကာကွယ်တော | ၁၂၄၆၉၆ | ၆၂၃၅ | |
| III | ထီခကြိုးပြင်ကာကွယ်တော | ၃၅၃၁၀ | ၁၇၆၆ | |
| IV | နောင်မွန်းကြိုးပြင်တော | ၉၂၃၇၄ | ၄၆၁၉ | |
| V | ခေါင်လန်ဖူးကြိုးပြင်တော | ၃၀၆၁၈ | ၁၅၃၁ | |
| VI | ဆွမ်ပရာဘွမ်ကြိုးပြင်တော | ၅၄၂၂၁ | ၂၇၁၁ | |
| | **စုစုပေါင်း** | **၃၈၅၀၃၇** | **၁၉၂၅၂** | |

ဇစ်မြစ်-သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်။

**ပူတာအိုခရိုင်၏ ထင်း/ ဝါး လိုအပ်ချက်စာရင်း**

| စဉ် | မြို့နယ် | အိမ်ထောင်စု | ထင်းလိုအပ်ချက် | ဝါးလိုအပ်ချက် | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ပူတာအို | ၁၀၇၄၃ | ၃၂၁၂၁ | ၂၀၄၁၁၇၀ | |
| ၂ | မချမ်းဘော | ၁၇၁၉ | ၅၁၄၀ | ၃၂၆၆၁၀ | |
| ၃ | နောင်မွန်း | ၁၂၁၂ | ၃၆၂၄ | ၂၃၀၂၈၀ | |
| ၄ | ခေါင်လံဖူး | ၁၇၁၁ | ၅၁၁၆ | ၃၂၅၀၉၀ | |
| ၅ | ဆွမ်ပရာဘွမ် | ၄၇၉ | ၁၄၃၂ | ၉၁၀၁၀ | |
| | **စုစုပေါင်း** | **၁၅၈၆၄** | **၃၈၄၃၃** | **၃၀၁၄၁၆၀** | |

ဇစ်မြစ်-သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်။

ပူတာအိုခရိုင်တွင် စီမံကိန်းကာလအတွင်း ထင်းနှင့်ဝါး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ခုတ်စဉ်( I ) နမ်ထုံကြိုးပြင်တော ဧက (၈၆၀)၊ ခုတ်စဉ် (II) နမ့်ပလပ် ကြိုးပြင်ကာကွယ်တော (၄၇၈၁၈)ဧက၊ ခုတ်စဉ် (III) မူလီဒီးကြိုးပြင်ကာကွယ်တော (၁၂၄၆၉၆)ဧက၊ ခုတ်စဉ် (IV) ထီခ ကြိုးပြင်ကာကွယ်တော (၃၅၃၁၀)ဧက၊ ခုတ်စဉ် (V) နောင်မွန်း ကြိုးပြင်တော (၉၂၃၇၄)ဧက၊ ခုတ်စဉ် (VI) ခေါင်လံဖူးကြိုးပြင်တော (၃၀၆၁၈) ဧက၊ ခုတ်စဉ် (VII) ဆွမ်ပရာဘွမ်ကြိုးပြင်တော (၅၄၂၂၁)ဧက တို့အား ဒေသခံပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဖွဲ့စည်းထားရှိပါသည်။ ခုတ်စဉ်ဟု ဆိုသော်လည်း ခုတ်လှဲ ထုတ်ယူရန် အတွက် သာမဟုတ်ဘဲ တောကို အနားပေးပြုစုရန်အတွက်သော်လည်းကောင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းဖြင့်သော်လည်းကောင်းစသည့် သစ်တောထိန်းသိမ်းပြုစုခြင်းတို့အား တစ်ဆက်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပူတာအိုခရိုင်တွင် ထင်း၊ ဝါး လိုအပ်ချက်တို့အတွက် သစ်တောဦးစီးဌာနမှ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောများ တည်ထောင်ခြင်း၊ အစဉ်အလာအရ ကျေးရွာများအနီးရှိ သဘာဝတောငယ်များအား ပြုစုထိန်းသိမ်း ဆောင်ရွက်ခြင်းတို့အား အသိပညာပေးဟောပြော၍ တောအား ရေရှည်တည်တံ့အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ဒေသထောက်ပံ့ရေးအစုအဖွဲ့ပိုင်စိုက်ခင်းများ၏ နှစ်စဉ်စိုက်ကွက်စဉ်ဇယား

ဇယား(၉.၃.၂.၁.၁)ဃ

| စဉ် | နှစ်စဉ်စိုက်ကွက် | တည်ထောင်သည့်ခုနှစ် | ဧရိယာ | စိုက်ခင်းတည်နေရာ | ပန္နက်အကွာအဝေး | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ၁ | ၂၀၁၁–၁၂ | ၁၉၀၀ | နန်ထုံကြိုးဝိုင်း | ၉'×၉' | ဒုတ္တန်ရွာ |
| | ၁ | ၂၀၁၁–၁၂ | ၇၄၆ | ပူတာအိုကြိုးပြင် | ၉'×၉' | ဆာရ်ခွမ်ဒမ် |
| | ၁ | ၂၀၁၁–၁၂ | ၇၀၀ | မူလာဒီးကြိုးပြင်ကာကွယ်တော | ၉'×၉' | လန်နို |
| | (၁)ပေါင်း | | ၃၃၄၆ | | | |
| ၂ | ၂ | ၂၀၁၄–၁၅ | ၅၆ | ပူတာအိုကြိုးပြင် | ၉'×၉' | နိနာဝါရီ |
| | ၂ | ၂၀၁၄–၁၅ | ၉ | ပူတာအိုကြိုးပြင် | ၉'×၉' | လုံဂါဝေါင် |
| | ၂ | ၂၀၁၄–၁၅ | ၁၀၀ | မူလာဒီးကြိုးပြင်ကာကွယ်တော | ၉'×၉' | လုံရှာယန် |
| | ၂ | ၂၀၁၄–၁၅ | ၆၅၀ | ရှန်ခကြိုးပြင်ကာကွယ်တော | ၉'×၉' | ဂလန်ဂီဘွမ် |
| | ၂ | ၂၀၁၄–၁၅ | ၂၀၀ | ထီခကြိုးပြင်ကာကွယ်တော | ၉'×၉' | မန်နို |
| | (၂)ပေါင်း | | ၁၀၁၅ | | | |
| | စိုက်ကွက်စဉ်ပေါင်း | | ၄၃၆၁ | | | |

ဖစ်မြစ်- သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်။

## ၂၀၁၆-၁၇ ခုနှစ်မှ ၂၀၂၅-၂၆ ခုနှစ်အထိ (၁၀)နှစ် စီမံကိန်းကာလတွင် ပူတာအိုခရိုင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်မည့်အစီအစဉ်

ဇယား(၉.၃.၂.၁.၁)င

| စဉ် | ခုနှစ် | ဧရိယာ(ဧက) | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂၀၁၆-၁၇ | ၂၀၀ | နန့်ပလပ်ကြိုးပြင်ကာကွယ်တော | |
| ၂ | ၂၀၁၇-၁၈ | ၂၀၀ | ။ | |
| ၃ | ၂၀၁၈-၁၉ | ၁၅၀ | နန့်ပလပ်/မူလာဒီးကြိုးပြင်ကာကွယ်တော | |
| ၄ | ၂၀၁၉-၂၀ | ၁၅၀ | မူလာဒီးကြိုးပြင်ကာကွယ်တော | |
| ၅ | ၂၀၂၀-၂၁ | ၁၅၀ | ။ | |
| ၆ | ၂၀၂၁-၂၂ | ၂၀၀ | ထီခကြိုးပြင်ကာကွယ်တော | |
| ၇ | ၂၀၂၂-၂၃ | ၁၅၀ | မူလာဒီးကြိုးပြင်ကာကွယ်တော | |
| ၈ | ၂၀၂၃-၂၄ | ၂၀၀ | ထီခကြိုးပြင်ကာကွယ်တော | |
| ၉ | ၂၀၂၄-၂၅ | ၁၅၀ | မူလာဒီးကြိုးပြင်ကာကွယ်တော | |
| ၁၀ | ၂၀၂၅-၂၆ | ၁၅၀ | ထီခ/မူလာဒီးကြိုးပြင်ကာကွယ်တော | |
| | စုစုပေါင်း | ၁၇၀၀ | | |

ဖစ်မြစ်- သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်။

### (၂၀၁၆-၂၀၁၇) ခုနှစ် မှ (၂၀၂၅-၂၀၂၆) ခုနှစ်အထိ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်စိုက်ခင်း တည်ထောင်မည့် အစီအစဉ် နှင့် ဆက်လက်ဆောင်ရွက်မည့် သစ်တောလုပ်ငန်းများ

(၂၀၁၆-၂၀၁၇) ခုနှစ် မှ (၂၀၂၅-၂၀၂၆) ခုနှစ်အထိ ဒေသခံပြည်သူများ၏ လောင်စာစွမ်းအင် လိုအပ်ချက် ဖြည့်ဆည်း ပေးနိုင်ရန်အတွက်နှင့် တောအတန်းအစား မြင့်တက်လာစေရန်အတွက် ရည်ရွယ်၍ အစဉ်အလာအရ ကျေးရွာအနီးဝန်းကျင်ရှိ သဘာဝတောငယ်လေးများအား စနစ်တကျ ပြုစုပျိုးထောင်စေပြီး၊ သုံးစွဲရာတွင်လည်း စနစ်တကျ သုံးစွဲတတ်လာစေရန် နည်းပညာပေးခြင်း၊ ဒေသခံပြည်သူတို့၏ နှစ်စဉ် ထင်း၊ တိုင်၊ မျောလိုအပ်ချက်များအား ဖြည့်ဆည်း ပေးနိုင်ရန်အတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် စိုက်ခင်း နှစ်စဉ်ဧက(၂၀၀)ကိုသော် လည်းကောင်း၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း (၁၄၃)မိုင်အား ညွှန်ကြားချက်နှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၉.၃.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ**

ပူတာအိုခရိုင်ရှိသဘာဝတောများတွင် စကားဝါ၊ ကညင်စသည့် သစ်များအနည်းငယ်သာပေါက်ရောက်ပြီး ကျီးလန်၊ စကတ်၊ သစ်အယ်၊ ကံ့ကော်၊ ရေသင်းဝင် စသည့်အပင်များပေါများစွာ ပေါက်ရောက်ပြီး ရာသီမရွေး မိုးရွာသွန်းခြင်းကြောင့် တောများ၏ ဂေဟစနစ်ကို တိုးတက်စေရန် ကာကွယ်ထိန်းသိမ်း ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

**၉.၃.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်**

ဒေသခံပြည်သူများ လိုအပ်သည့် အခြေခံလိုအပ်ချက်ဖြစ်သော သစ်နှင့်သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူရရှိရေးအတွက်ဖြစ်သော ငုတ်တက်ချန်ပင်စနစ်များဖြင့် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ညံ့ဖျင်းပါက သီးနှံသစ်တောရောနှောစိုက်ခင်းများအဖြစ် လည်းကောင်း၊ ကျေးရွာထင်းစိုက်ခင်းများအဖြစ် လည်းကောင်း စိုက်ပျိုး တည်ထောင်မည် ဖြစ်ပါသည်။ ထို့အပြင် ကျေးရွာပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ရန် ကျေးလက်ပြည်သူများအား စည်းရုံးခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်မည် ဖြစ်ပါသည်။

**၉.၃.၂.၁.၁.၃ သစ်ထုတ်မည့်နည်းစနစ်**

ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များမှ ဒေသခံပြည်သူများ လိုအပ်သည့် **သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ မျှောတိုင်** စသည့် သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ကြိုးပြင်ကာကွယ်တော၊ ကြိုးပြင်တောများမှ ရွေးချယ်ခုတ်လှဲခြင်းစနစ်ဖြင့် ထုတ်လုပ်စေမည် ဖြစ်ပါသည်။

**၉.၃.၂.၁.၁.၄ ခုတ်ပတ်**

ခရိုင်အတွင်း ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်ကို နှစ်(၂၀) ခုတ်ပတ် ဖြင့် ဖွဲ့စည်းထားပါသည်။

**၉.၃.၂.၁.၁.၅ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား**

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်တွင် သစ်မျိုးအလိုက် ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား အား ဒေသခံပြည်သူတို့၏ လိုအပ်ချက်ပေါ်မူတည်၍ သတ်မှတ် ထုတ်လုပ်ခွင့်ပြုပါမည်။

**၉.၃.၂.၁.၁.၆ တောထွက်တွက်ချက်ခြင်း**

ခန့်မှန်းတောထွက်များကို တွက်ချက်စာရင်း ပြုစုထားခြင်း မရှိသဖြင့် ဖော်ပြနိုင်ခြင်းမရှိပါ။

**၉.၃.၂.၁.၁.၇ သစ်မထုတ်မီသယံဇာတစာရင်းကောက်ယူခြင်း**

သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ မထုတ်မီ အမှန်တကယ် တောထွက်သိရှိနိုင်ရန်အတွက် (၁)နှစ်ကြိုတင်၍ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

**၉.၃.၂.၁.၁.၈ သစ်ထုတ်ပြီးသယံဇာတစာရင်းကောက်ယူခြင်း**

သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ပြီးနောက် တော၏ အခြေအနေကို သိရှိရန်နှင့် လိုအပ်သော သစ်တော စိုက်ပျိုးပြုစုခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သစ်ထုတ်ပြီး (၁)နှစ်အတွင်း စာရင်း ကောက်ပါမည်။

**၉.၃.၂.၁.၁.၉ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ**

ဒေသ ထောက်ပံ့ရေး/ ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ၊ အလုပ်တိုက်နယ်များတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်များ အရအောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၉.၃.၂.၂ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း**

ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များဆောင်ရွက်ရာ၌ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေမည့် အစီအစဉ်များကို သီးခြား စီမံချက် ရေးဆွဲပါ မည်။

**၉.၃.၂.၃ သစ်တောပညာပေးခြင်း**

ဒေသခံပြည်သူတို့၏ လူမှုအဆင့်အတန်းမြင့်မားရေး၊ ဝင်ငွေပိုမိုရရှိရေးနှင့် အလုပ် အကိုင်သစ်များ ပေါ်ထွန်းလာစေရေး စသည့် အကျိုးကျေးဇူးများ ရရှိရေးအတွက် သစ်တောပညာရပ်ဆိုင်ရာ အတတ်ပညာ၊ နည်းပညာ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အခြားအဖွဲ့အစည်းများဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

### ၉.၃.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်း စည်းကမ်းများ ဆိုင်ရာ စီစဉ်ခန့်ခွဲမှု

စိုက်ခင်းတည်ထောင်ခြင်းနှင့်ပတ်သက်၍ ပါဝင်ဆောင်ရွက်သည့်ဝန်ထမ်း၊ စိုက်ခင်း လုပ်သား၊ အဆောက်အဦ၊ စက်ကိရိယာပစ္စည်း၊ သစ်တောဥပဒေနှင့် မူဝါဒများ ဖြင့် စီစဉ်ခန့်ခွဲ အုပ်ချုပ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

### ၉.၃.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး

အထူးဖော်ပြရန်မရှိပါ။

## ၉.၄ ရေဝေရေလဲသစ်တောများ

### ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

ရေဝေရေလဲ သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

၁။ ဆည်၊ ကန်၊ ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများ၏ ရေဝေရေလဲ ဒေသများ ထိန်းသိမ်းရန်အတွက် သစ်တောများနှင့် အခြားမြေများကို စနစ်တကျ အုပ်ချုပ်ရာတွင် မူဝါဒစီမံချက်များ ချမှတ်ရေးဆွဲပြီး ပြည်သူလူထုနှင့် အဖွဲ့အစည်း အသီးသီး၏ အင်အားများကိုရယူ၍ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင် ရွက်သွားမည် ဖြစ်ပါသည်။

၂။ ဆည်၊ ကန်၊ ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများ၏ ရေဝေရေလဲ ဒေသ သစ်တောများ ထိန်းသိမ်းစီမံလုပ်ကိုင်ရာတွင် ဒေသခံပြည်သူများမှ အသိ စိတ်ဓါတ်ရှိရှိဖြင့် လက်တွဲပါဝင်စေရေးကို ဦးတည်စည်းရုံး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ရေဝေရေလဲသစ်တောများ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါ သည်။

(၁)ရေဝေရေလဲဒေသ ထိန်းသိမ်းရေးနယ်မြေများကို ဆည်မြောင်း တာတမံများ ၏ ပတ်ဝန်းကျင် ဒေသရှိ ရေဝေရေလဲဒေသများသာမက ဆည်နှင့် တာတမံများ၏ ရေဦးရေဖျား ဒေသအထိ တိုးချဲ့ထိန်းသိမ်း ကာကွယ် ပြုစုခြင်း နည်းလမ်းများ ဖြင့် ဆောင်ရွက်မည်ဖြစ် ပါသည်။

(၂)ရေဝေရေလဲဒေသများတွင် ပြည်သူလူထု ပါဝင်ပူးပေါင်းမှုဖြင့် ရေဝေ ရေလဲ ထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်းများ လိုအပ်သလို တည်ထောင်ခြင်း နှင့် စီမံ အုပ်ချုပ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၃)နန်ထုံကြိုးဝိုင်း အထက်နန်ထွမ် ရေးအားလျှပ်စစ်စီမံကိန်း ရေဝေရေလဲဧရိယာ အတွင်း နံ့တားတမံငယ်တည်ဆောက်ခြင်းလုပ်ငန်းအား (၁)နှစ်လျှင် (၃)ခုနှုန်း ဖြင့် စီမံကိန်းကာလအတွင်း (၃၀)ခု တည်ဆောက်ရေးနှင့် နန်ထုံချောင်း ရေဝေ

ရေလဲဧရိယာအတွင်း ကုန်းစောင်းနှင့် ရေစီးချောင်းများအတွင်း သစ်ကိုင်းစည်း၍ မြေတိုက်စားမှုထိန်းသိမ်းခြင်းလုပ်ငန်းအား တစ်နှစ်လျှင် ပေ (၁၀၀၀)နှုန်းဖြင့် (၁၀၀၀၀)ပေ လျာထားသတ်မှတ်ထား ဆောင်ရွက်သွားပါမည်။

**စီမံကိန်းကာလအတွင်း ရေဝေရေလဲဒေသထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်**

ဇယား (၉-၄-၂)

| စဉ် | လုပ်ငန်းအမျိုးအစား | ရေတွက်ပုံ | အထက်နန့်ထွမ်ရေအား လျှပ်စစ်စီမံကိန်း | | နန်ထုံချောင်း ရေဝေရေလဲဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ခုနှစ် | လျာထား | ခုနှစ် | လျာထား | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကွန်တိုကန်သင်းကန့်ပြုလုပ်ခြင်း | ပေ | | | | | |
| ၂ | ရေစိမ့်မြောင်းပြုလုပ်ခြင်း | ပေ | | | | | |
| ၃ | ရေလွှဲမြောင်းပြုလုပ်ခြင်း | ပေ | | | | | |
| ၄ | နံ့းတားတမံငယ်တည်ဆောက်ခြင်း | ခု | | ၃၀ | | | |
| ၅ | ကုန်စောင်းနှင့်ရေစီးကြောင်းများအတွင်းသစ်ကိုင်းစည်း၍ မြေတိုက်စား မှု ထိန်းသိမ်းခြင်း | ပေ | | | | ၁၀၀၀၀ | |
| ၆ | သက်ရှိးစည်းရိုးငယ်များပြုလုပ်ခြင်း | ပေ | | | | | |
| ၇ | ကွန်တိုစည်းရိုးတန်းပြုလုပ်ခြင်း | ပေ | | | | | |
| ၈ | ဝါးစိုက်ပျိုးခြင်း | ရုံ | | | | | |
| | **စုစုပေါင်း** | | | **၃၀** | | **၁၀၀၀၀** | |

ဇစ်မြစ် - ပူတာအိုခရိုင်၊ သစ်တောဦးစီးဌာန

မှတ်ချက်။ ။(၁) နံ့းတားတမံငယ်တည်ဆောက်လုပ်ငန်းအား တစ်နှစ်လျှင် (၃)ခုနှုန်းဖြင့် ဆောင်ရွက်သွားပါမည်။

(၂) ကုန်းစောင်းနှင့်ရေစီးကြောင်းများအတွင်း သစ်ကိုင်းစည်း၍ မြေတိုက်စားမှုထိန်းသိမ်းခြင်း လုပ်ငန်းအား တစ်နှစ်လျှင် (၁၀၀၀)ပေနှုန်းဖြင့် ဆောင်ရွက်သွားပါမည်။

## လုပ်ကွက်စဉ်အလိုက် ရေဝေရေလဲစိုက်ခင်းများစာရင်း
## လုပ်ကွက်စဉ်(၁) နမ့်ထုံရေအားလျှပ်စစ်စီမံကိန်း(၁)နှင့်(၂)

ဇယား (၉.၄.၂.၁.၁)ခ

| မြို့နယ် | သစ်မျိုး | ဧရိယာ (ဧက) | ပန္နက်အကွာအဝေး | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ပူတာအို | မယ်ဇလီ | ၁၀၀ | ၁၅ ' x ၁၅ ' | ၁၉၈၆ | |
| ॥ | ထင်းရှူး၊ မယ်ဇလီ | ၇၅ | ॥ | ॥ | |
| ॥ | ရေနံ၊ မယ်ဇလီ | ၂၅ | ॥ | ॥ | |
| **နှစ်စဉ်စိုက်ကွက် (၁) ပေါင်း** | | ၂၀၀ | | | |
| ပူတာအို | ထင်းရှူး၊ မယ်ဇလီ | ၁၁၀ | ၁၅ ' x ၁၅ ' | ၁၉၈၇ | |
| ॥ | မယ်ဇလီ | ၇၃.၅ | ॥ | ॥ | |
| ॥ | မယ်ဇလီ | ၂၇.၅ | ॥ | ॥ | |
| **နှစ်စဉ်စိုက်ကွက် (၂) ပေါင်း** | | ၂၁၁ | | | |
| ပူတာအို | ရေနံ၊ ရေပိတုံ | ၁၀၀ | ၁၅ ' x ၁၅ ' | ၁၉၈၈ | |
| ॥ | ॥ | ၁၀၀ | ॥ | ॥ | |
| **နှစ်စဉ်စိုက်ကွက် (၃) ပေါင်း** | | ၂၀၀ | | | |
| ပူတာအို | ရေနံ | ၁၀၀ | ၁၅ ' x ၁၅ ' | ၁၉၈၉ | |
| ॥ | မယ်ဇလီ | ၁၀၀ | ॥ | ॥ | |
| **နှစ်စဉ်စိုက်ကွက် (၄) ပေါင်း** | | ၂၀၀ | | | |
| ပူတာအို | ရေနံ | ၁၀၀ | ၁၅ ' x ၁၅ ' | ၁၉၉၀ | |
| ॥ | ॥ | ၁၀၀ | ॥ | ၁၉၉၂ | |
| ॥ | ॥ | ၁၀၀ | ॥ | ၁၉၉၃ | |
| ॥ | ॥ | ၁၀၀ | ॥ | ၁၉၉၄ | |
| **နှစ်စဉ်စိုက်ကွက် (၅) ပေါင်း** | | ၄၀၀ | | | |
| **စုစုပေါင်း** | | ၁၂၁၁ | | | |

**ဇစ်မြစ်-သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်။**

မှတ်ချက်။ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်၏ ၁၇.၂.၂၀၁၄ ရက်စွဲပါ စာအမှတ်၊ လငြ/ စခ/ ၀၀၄ (၁၅၀၂-၀၄/ ၂၀၁၄) ဖြင့် ပယ်ဖျက်ခွင့် ပေးပြီး ဖြစ်ပါသည်။

### ၉.၄.၂.၁ ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ်

#### ၉.၄.၂.၁.၁ အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း

ပူတာအိုခရိုင်အတွင်း **ဧရိယာ (၂၁၁၇၄၄၇)ဧက**အား ရေဝေရေလဲ အလုပ်တိုက်နယ်အဖြစ် ဖွဲ့စည်းတည်ထောင်ထားရှိပါသည်။ လုပ်ကွက်စဉ်(၁)အား နမ့်ထုံရေအားလျှပ်စစ်စီမံကိန်း အမှတ်(၁)နှင့်(၂)တို့အတွက် နမ့်ထုံချောင်း ရေဝေရေလဲဧရိယာ **(၁၅၉၀၄၉)ဧက** အား လည်းကောင်း၊ လုပ်ကွက်စဉ်(၂)အား **တဆန်ခ** ရေအားလျှပ်စစ် စီမံကိန်း(မချမ်းဘော) အတွက် နောင်မွန်းမြို့နယ်၊ **တဆန်ခ** ချောင်း ရေဝေရေလဲဧရိယာ

**(၂၆၄၃၀၀၀)ကေ** အား လည်းကောင်း၊ လုပ်ကွက်စဉ်(၃)အား မေခမြစ်ရေအားလျှပ်စစ်စီမံကိန်းအတွက် မေခမြစ်ရေ ဝေရေလဲဧရိယာ **(၃၅၃၇၄၀) ကေ**အား လည်းကောင်း၊ လုပ်ကွက်စဉ် (၄)အား မေခ၊ မလိခ မြစ်ရေဝေရေလဲ **ဧရိယာ(၆၈၉၀၀၅)ကေ** အား လည်းကောင်း၊ လုပ်ကွက်စဉ်(၅)အားအတွက် မလိခမြစ် ရေဝေရေလဲ **ဧရိယာ (၆၅၁၃၅၃)ကေ**အား လည်းကောင်း စသည်ဖြင့် ဖွဲ့စည်း တည်ထောင်ထားပါသည်။

ဇယား(၉.၄.၂.၁.၁)က

| လုပ်ကွက်စဉ် | အမည် | ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ ကြိုးပြင်တော | | | ဧရိယာ စုစုပေါင်း (ကေ) |
|---|---|---|---|---|---|
| | | အမည် | သဘာဝ တောကေ | စိုက်ခင်း ကေ | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| I | နမ့်ထုံရေအားလျှပ်စစ် စီမံကိန်းအမှတ်(၁)နှင့်(၂) | နမ့်ထုံကြိုးဝိုင်း၊ နမ့်ပလပ် ကြိုးပြင်ကာကွယ်တော၊ နမ့်ထုံကြိုးပြင်တော | ၁၅၉၀၄၉ | | ၁၅၉၀၄၉ |
| II | တခရေအားလျှပ်စစ်စီမံကိန်း (မချမ်းဘော) | နောင်မွန်းကြိုးပြင်တော | ၂၆၄၃၀၀ | - | ၂၆၄၃၀၀ |
| III | မေခမြစ်ရေအားလျှပ်စစ်စီမံကိန်း | ခေါင်လံဖူးကြိုးပြင်တော | ၃၅၃၇၄၀ | - | ၃၅၃၇၄၀ |
| IV | မေခ၊မလိခမြစ် ရေဝေရေလဲဧရိယာ | ထီခ/ရှန်ခ/ဂျိတ်ခ ကြိုးပြင်ကာကွယ်တော | ၆၈၉၀၀၅ | - | ၆၈၉၀၀၅ |
| V | မေခ၊မလိခမြစ် ရေဝေရေလဲဧရိယာ | ဆွမ်ပရာဘွမ်ကြိုးပြင်တော | ၆၅၁၃၅၃ | - | ၆၅၁၃၅၃ |
| | **စုစုပေါင်း** | | ၂၁၁၇၄၄၇ | | ၂၁၁၇၄၄၇ |

ဇစ်မြစ်- ခရိုင်သစ်တောဦးစီးဌာန၊ ပူတာအို။

## ၉.၄.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ပူတာအိုခရိုင်အတွင်းရှိ ရေဝေရေလဲသစ်တောစိုက်ခင်းများကို ၁၉၈၆-ခုနှစ်မှသာ စတင်တည်ထောင်ခဲ့သဖြင့် သစ်ပင်ကြီးများ၏ အကြီးဆုံး သက်တမ်းမှာ (၂၅)နှစ် ကျော်ကျော်သာ ဖြစ်ပါသည်။ အခြား(၄)မြို့နယ်တွင် စိုက်ခင်း မရှိပါ။

ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်အတွင်းမှ ရေဝေရေလဲသစ်တော စိုက်ခင်းများမှာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁၇-၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ လင/စခ/၀၀၄(၁၅၀၂-၅၀၄/ ၂၀၁၄) အရ ပယ်ဖျက်ထားပြီး ဖြစ်ပါသည်။

မှတ်ချက်။ တပ်ပိုင်မြေ၊ သီရိဘက်စုံစိုက်ပျိုးရေးခြံနှင့် ပူတာအိုမြို့နယ် အိမ်ယာသစ်တိုးချဲ့စီမံကိန်းများ ဆောင်ရွက်ခြင်း။

ပူတာအိုခရိုင်တွင် အမြဲစိမ်းတော အများဆုံးပေါက်ရောက်ပြီး သစ်မျိုးများအဖြစ် စကားဝါ၊ ကျီးလန်၊ သစ်အယ်၊ သစ်ဂျပိုး၊

စကပ်တို့ ပေါက်ရောက်ပြီး နွေရာသီဟူ၍ အနည်းငယ်သာ တွေ့ရှိရပြီး ဆောင်းရာသီနှင့်မိုးရာသီတို့မှာ အဆက်မပြတ် တွေ့ရှိရသောကြောင့် အပင်များရှင်သန်မှု ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။

**၉.၄.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်**

ရေဝေရေလဲ သစ်တောစိုက်ခင်းများအား ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်ခဲ့ပြီး စိုက်ခင်း (၅)နှစ်သားအထိ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်းများ စသည်ဖြင့် စနစ်တကျ ဆောင်ရွက်မည်ဖြစ်ပါသည်။

မှတ်ချက်။ ပူတာအိုခရိုင်အတွင်းရှိ ရေဝေရေလဲ သစ်တောများ အလုပ်တိုက်နယ်အတွင်း စီးပွားဖြစ်သစ် ထုတ်လုပ်ရန် မရှိသဖြင့် ခုတ်ပတ်ထုတ်လုပ်ခွင့်ပြု အရွယ်အစားနှင့် တောထွက်များကို ဖော်ပြခြင်း မပြုတော့ပါ။

**၉.၄.၂.၁.၁.၃ ခုတ်ပတ်**

ရေဝေရေလဲ အလုပ်တိုက်နယ်အတွင်းရှိ လုပ်ကွက်စဉ်များမှ အကြောင်း တစ်စုံတစ်ရာ၊ အခြေအနေ တစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန်လိုအပ်ပါက သင့်တော်သည့် ခုတ်ပတ်ကို သတ်မှတ်ဖော်ပြသွားမည်ဖြစ်ပါသည်။

**၉.၄.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား**

ရေဝေရေလဲ အလုပ်တိုက်နယ် အတွင်းရှိ လုပ်ကွက်စဉ်များမှ အကြောင်း တစ်စုံတစ်ရာ၊ အခြေအနေတစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန်လိုအပ်ပါက သင့်တော်သည့် ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားကို သတ်မှတ်ဖော်ပြ သွားမည် ဖြစ်ပါသည်။

**၉.၄.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်းနှင့်ထိန်းသိမ်းခြင်း**

ရေဝေရေလဲ အလုပ်တိုက်နယ်အတွင်းရှိ လုပ်ကွက်စဉ်များမှ အကြောင်း တစ်စုံတစ်ရာ၊ အခြေအနေ တစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန်လိုအပ်ပါက တောထွက်တွက်ချက်ခြင်းကို ရေဝေရေလဲ ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်တွက်ချက် ဖော်ပြသွားမည် ဖြစ်ပါသည်။

**၉.၄.၂.၁.၁.၆ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ**

ဆည်၊ ကန်၊ ရေလှောင်တမံများနှင့် သဘာဝရေထွက် ဒေသများ၏ ရေဝေရေလဲဒေသများရှိ သစ်တောများကို အဓွန့်ရှည်စွာ တည်တံ့စေရေးအတွက် ရေဝေရေလဲသစ်တောများ၏ အလုပ်

တိုက်နယ်များဖွဲ့စည်း၍ စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် အောက်ပါ အုပ်ချုပ် လုပ်ကိုင်မှု ဆိုင်ရာ ပြဋ္ဌာန်းချက်များရှိပါသည်။

(က) လိုအပ်သောနေရာများ၌ သစ်တောသစ်ပင် ထိန်းသိမ်း ကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ရပါ မည်။

(ခ) မြေစားမြေပြိုခြင်းကို ကာကွယ်သည့် ရေမြေထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရပါမည်။

(ဂ) နုံးပို့ချမှုကို လျော့နည်းစေမည့် နုံးစစ်ကန်များ၊ နုံးထိန်း ဆည်များကို လိုအပ်သလို တည်ဆောက်သွားရမည်။

(ဃ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ဆောက် သည့် အလုပ်တိုက်နယ်များတွင် အုပ်ချုပ် လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရပါ မည်။

(င) သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့် အလုပ်တိုက်နယ် များတွင် သီးနှံသစ်တောတည်ထောင်ခြင်းအတွက် ရေးဆွဲ ထားသည့် အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ရပါမည်။

(စ) ရေဝေရေလဲ ဒေသအလုပ်တိုက်နယ် ဖြစ်သည့်အတွက် ရေမြေ ထိန်းသိမ်းရေး၊ မြေတိုက်စားမှု မဖြစ်စေရေး၊ သက်ဆိုင်ရာ ဆည်၊ မြောင်း၊ တာတမံများတွင် ရေလုံ လောက်စွာ နှင့် ရေကောင်းရေသန့်ရရှိနိုင်စေရေး စသည့် အကျိုးပြုလုပ်ငန်း များကျ ဖြစ်ပေါ်စေရန် ( သို့မဟုတ် ) မထိခိုက်စေရန်အတွက် အထူးသတိပြု ဆောင်ရွက်မည် ဖြစ်ပါ သည်။

### ၉.၄.၂.၂ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

ရေဝေရေလဲဒေသ ထိန်းသိမ်းခြင်းနှင့် စနစ်တကျ စီမံအုပ်ချုပ် ဆောင်ရွက်ရာ တွင်ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်သစ်တော ပညာပေး ခြင်း လုပ်ငန်းများကို အခါအားလျှော်စွာ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

### ၉.၄.၂.၃ သစ်တောပညာပေးခြင်း

အလုပ်တိုက်နယ်၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ရေဝေရေလဲဒေသအတွင်း နေထိုင်သည့် ပြည်သူလူထုအား သစ်တော ပညာပေးရာတွင် အောက်ဖော်ပြပါနည်းလမ်းများဖြင့်သော်လည်းကောင်း၊လက်တွေ့ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ၊ ဒေသနှင့် ကိုက်ညီမည့် နည်းလမ်းများဖြင့် သော်လည်းကောင်း၊ အခြား သင့်တော်ရာ နည်းလမ်းဖြင့် သော်လည်းကောင်း ဖော်ပြရန်ဖြစ်ပါ သည်။

(က)ရေမြေ တိုက်စားပြိုပျက်မှု နည်းပါးစေခြင်းနှင့် နံ့ပို့ချမှုနည်းစေမည့် ခေတ်မီ စိုက်ပျိုးနည်းစနစ်များကို ဒေသခံပြည်သူများအား ပညာပေး၍ ဆောင်ရွက်စေခြင်း၊

(ခ)သစ်တောမြေများကို စနစ်တကျ အုပ်ချုပ်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေ တိုးတက် ရရှိစေရေးအတွက် နည်းစနစ်နှင့် သီးနှံ မှန်ကန်စွာ ရွေးချယ် စိုက်ပျိုးနိုင်ရေးကို ပညာပေး စည်းရုံးဆောင်ရွက်ခြင်း၊

(ဂ)ရေဝေရေလဲဒေသအတွင်း နေထိုင်သူများ၏ လူနေမှု အဆင့်အတန်းကို မြှင့်တင်၍ ရေဝေရေလဲဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်မှု လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက် စေရန်ပညာပေးခြင်း၊

(ဃ)ရေဝေရေလဲဒေသများကို စနစ်တကျစီမံအုပ်ချုပ်ပြီး အများပြည်သူ အကျိုးပြု လုပ်ငန်းများ လက်တွေ့ပြသခြင်းဖြင့် ပြည်သူလူထု တစ်ရပ် လုံးမှပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် ပညာပေးခြင်း၊

## ၉.၅ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ

### ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

ပူတာအိုခရိုင်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ် အသုံးချနိုင်ရေးအတွက် ကြိုးပြင်ကာကွယ်တောများ အတွင်း နှစ်စဉ် ထုတ်လုပ် အသုံးချနိုင်မည့် ပမဏအပေါ်မူတည်၍ ကြိမ် ထုတ်လုပ်မှုကို **ဇယား(၉.၅.၂.၁.၁)** တွင်ဖော်ပြထားပါသည်။

### ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ပူတာအိုခရိုင်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ လျော့ပါး ပြုန်းတီးခြင်း မရှိစေဘဲ စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် အလုပ်တိုက်နယ်များ၊ လုပ်ကွက်စဉ်များကို စနစ်တကျ ဖွဲ့စည်း၍ အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ် ပါသည်။

## ၉.၅.၂.၁ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ်

### ၉.၅.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း

ဤအလုပ်တိုက်နယ်အား မူလာဒီးကြိုးပြင်ကာကွယ်တောအတွင်း ဧရိယာ (၂၃၆၄၉၃) ဧက ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ကြိမ် အလုပ်တိုက်နယ်တစ်ခုတည်း ကိုသာ ဖွဲ့စည်းပါသည်။

#### ၉.၅.၂.၁.၁.၁ အပင်ပေါက်ရောက်မှု၊ ထွက်ရှိမှုအခြေအနေ

နှစ်အလိုက် ထွက်ရှိမည့် ပမာဏအား **ဇယား(၉.၅.၂.၁.၁.၁)** တွင် ဖော်ပြထားပါသည်။

**ကြိမ်အလုပ်တိုက်နယ်နှင့်နှစ်အလိုက်လျာထားသည့် ကြိမ်ထုတ်လုပ်မှု**

**ဇယား(၉.၅.၂.၁.၁.၁)**

| လုပ်ကွက်စဉ် | ခုနှစ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော | တစ်နှစ်လုံးတွင် ထုတ်လုပ်မည့် ကြိမ်လုံးရေ | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ၂၀၁၆-၁၇ | မူလာဒီးကြိုးပြင်ကာကွယ်တော | ၁၀၀၀၀၀ | နယ်မြေလုံခြုံရေး အခြေအနေအရ မထုတ်လုပ်နိုင် ခြင်းဖြစ်ပါသည်။ |
| ၂ | ၂၀၁၇-၁၈ | ။ | ၁၀၀၀၀၀ | |
| ၃ | ၂၀၁၈-၁၉ | ။ | ၁၀၀၀၀၀ | |
| ၄ | ၂၀၁၉-၂၀ | ။ | ၁၀၀၀၀၀ | |
| ၅ | ၂၀၂၀-၂၁ | ။ | ၁၀၀၀၀၀ | |
| ၆ | ၂၀၂၁-၂၂ | ။ | ၁၀၀၀၀၀ | |
| ၇ | ၂၀၂၂-၂၃ | ။ | ၁၀၀၀၀၀ | |
| ၈ | ၂၀၂၃-၂၄ | ။ | ၁၀၀၀၀၀ | |
| ၉ | ၂၀၂၄-၂၅ | ။ | ၁၀၀၀၀၀ | |
| ၁၀ | ၂၀၂၅-၂၆ | ။ | ၁၀၀၀၀၀ | |

**ဇစ်မြစ်-သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်။**

#### ၉.၅.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ပူတာအိုခရိုင်အတွင်း ၁၉၉၆-၉၇ ခုနှစ်မှစ၍ ကြိမ်ထုတ်လုပ်ခြင်းလုပ်ငန်းကို စတင်ခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၀၉-၂၀၁၀ ခုနှစ်နောက်ပိုင်းတွင်လည်း ယခင်စိုက်ပျိုး ပြုစုနည်းစနစ်ကဲ့သို့ပင် အောက်ပါ အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း ကြိမ်များ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက်သစ်တောစိုက်ပျိုးပြုစုနည်းအရ (၁၀)နှစ် စီမံကိန်းကာလအတွင်း ခုတ်ယူသော ကြိမ်များသည် တစ်နှစ်

အတွင်း (၁)ပင်မှ ကိုင်းတက်အညွန့် အနည်းဆုံး (၂)တက် ပေါက်ရောက်ပြီး (၁၀)ပေ မှ (၁၈)ပေအထိရှည်လာပါသည်။ (၃)နှစ်သားအရွယ်တွင် ပေ(၁၀၀)ကျော် ရှည်လျားပြီး ရောင်းတန်းဝင် အဖြစ်ပြန်လည်ခုတ်ယူနိုင်ပါသည်။ ကြိမ်ရင့်များမှ ကြိမ်သီးများ ရင့်မှည့်၍ မြေပြင်ပေါ် ရောက်ပြီး အညှောင့်ပေါက်ကာ ကြိမ်များပေါ်ပေါက်လာပါသည်။ ကြိမ်ပင်များကို အချိန်မီခုတ်ယူခြင်းကြောင့် ငုတ်တက်များ ပြန်ပေါက်လာသည့် သစ်တောစိုက်ပျိုးပြုစုခြင်း နည်း ဖြစ်ပါသည်။

**၉.၅.၂.၁.၁.၃ ခုတ်ပတ်**

ကြိမ်ထုတ်လုပ်သည့် ခုတ်ပတ်သည် (၃)နှစ်သတ်မှတ်ပါသည်။

**၉.၅.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားနှင့်ပမာဏ**

ပူတာအိုခရိုင်တွင် ကြိမ်ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားမှာ ရေကြိမ်၊ တောင်ကြိမ်တို့သည် လုံးပတ်(၁)လက်မအောက် ပမာဏမှာ နှစ်စဉ်စုစုပေါင်း **(၁၀၀၀၀၀)**လုံးရှိပါသည်။

**၉.၅.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း**

စီမံကိန်းကာလအတွင်း နှောင်တောထွက်ကို မထိခိုက်စေဘဲ နှစ်စဉ်ထုတ်လုပ်နိုင်သည့် တောထွက်ကို ဇယား(၉.၅.၂.၁.၁.၁)တွင် ဖော်ပြပြီး ဖြစ်ပါသည်။

**၉.၅.၂.၁.၁.၆ သက်ပတ်**

ကြိမ်၏သက်ပတ်သည် (၃)နှစ်သားအရွယ်တွင် ရောင်းတန်းဝင် သုံးစွဲနိုင်ပါ သည်။

**၉.၅.၂.၁.၁.၇ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ**

သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများထုတ်လုပ်ရာတွင် ယင်းပစ္စည်းများ မပျက်စီး၊ မပြုန်းတီးစေဘဲ အစဉ်ဖွံ့ဖြိုး တိုးတက်လာစေရန် အောက်ဖော်ပြပါ ဌာနဆိုင်ရာ ညွှန်ကြားချက်များ အတိုင်းလိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

(က) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အလုပ်တိုက်နယ်ကို သစ်တော ဖုံးလွှမ်း လျက်ရှိသော အစိုးရမြေ ကြိုးပြင် တောတွင် ဖွဲ့စည်းပါက ကြိုးပြင် ကာကွယ်တောအဖြစ် အမြန်ဆုံး ဖွဲ့စည်းရန်၊

(ခ) ဤအလုပ်တိုက်နယ်မှ ထုတ်လုပ်မည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ ပေါက်ရောက်/ ထွက်ရှိမှု စာရင်း များ ကောက်ယူရန်၊

(ဂ) ဤအလုပ်တိုက်နယ်မှ ထုတ်လုပ်မည့် သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းများ၏ စီမံကိန်း (၁၀)နှစ်တာ ကာလ အတွင်း ထုတ်လုပ်မှုအစီ အစဉ်ကို ခုတ်စဉ် အလိုက် ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက် ရန်၊

(ဃ) သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသည့် အရွယ်အစား၊ ထုတ်ယူခွင့်ပြုသည့် အချိန်ကာလ၊ ထုတ်ယူ ခွင့်ပြုသည့် နေရာဒေသ၊ ထုတ်ယူခွင့်ပြုမည့် နည်းစနစ်နှင့် အခွန်တော် နှုန်းထားများ ကို ပြဋ္ဌာန်းချက် များတွင် ထည့် သွင်းဖော်ပြပေးရန်ဖြစ်ပါသည်။

**၉.၅.၂.၂ သယံဇာတစာရင်းကောက်ယူခြင်း**

အလုပ်တိုက်နယ်တစ်ခုလုံးရှိ သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းများ နှင့် ပတ်သက်၍ ကိန်းဂဏန်းများကို စာရင်းဇယားဖော်ပြရန် ဖြစ်ပါသည်။ ထာဝစဉ် တိုးတက် ထုတ်လုပ်သွားနိုင်ရေးအတွက် နှစ်စဉ်တောထွက်ကို အခါအားလျော်စွာ ပြန်လည် သတ်မှတ်နိုင်ရန် စာရင်း ကောက်ယူရပါမည်။

## ၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ

### ၉.၆.၁ ဂေဟစနစ်များအုပ်ချုပ်လုပ်ကိုင်ခြင်း

သဘာဝနယ်မြေများ အုပ်ချုပ်လုပ်ကိုင်ရာတွင် မူလပတ်ဝန်းကျင် သဘာဝ အပင် များ နှင့် သတ္တလောကတို့အပြန်အလှန် အကျိုးပြုမြဲပြုနေစေရန်အတွက် ဖြစ်တည် လျှက်ရှိ သော ဂေဟစနစ်များကို ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဂေဟစနစ် အမျိုးမျိုးကွဲပြားတည်ရှိပြီး ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အပါအဝင် မြောက်ပိုင်းဒေသ သစ်တောအစုအဖွဲ့ (Nothern Mountain Forest Complex) တွင် သစ်တောဂေဟစနစ်အမျိုးမျိုးနှင့် ကုန်းတွင်း ရေချို ဂေဟစနစ် တောင်ပေါ် မြက်ခင်းပြင် ဂေဟစနစ်တို့ ပါဝင်တည်ရှိနေပါသည်။ ၎င်းဂေဟစနစ်များ အနက် သစ်တောများသည် မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင် တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်များ ဖြစ်ကြပါသည်။ ထိုသို့အရေးပါသော ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီ တောရိုင်း တိရစ္ဆာန် ဘေးမဲ့တောတို့တွင် ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အ ကူပြုရေးအဖွဲ့ (GEF) ရံပုံငွေဖြင့် သစ်တောဦးစီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် သားငှက်ထိန်းသိမ်း ရေးအဖွဲ့ (WCS) တို့ပူးပေါင်း၍ မြန်မာနိုင်ငံရှိ သဘာဝ နယ်မြေများ ရေရှည်တည်တံ

စေရေး စီမံအုပ်ချုပ်မှု မြှင့်တင်ခြင်းလုပ်ငန်းအား ဆက်စပ် ဌာနဆိုင်ရာအဖွဲ့အစည်းများ ဒေသခံများနှင့်ညှိနှိုင်းဆွေးနွေး၍ အလုပ်ရုံဆွေးနွေးပွဲများ မကြာခဏ ကျင်းပပြုလုပ်ပေးပြီး အုပ်ချုပ်လုပ်ကိုင်သွားရမည်ဖြစ် ပါသည်။

**၉.၆.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ**

(က) အစိုးရ၏တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖေါ်ရန်

(ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော ငှက်များကို ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်

(ဃ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝ အပင်များ၊ ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်နှင့် အခြားထူးခြားသည့် အသွင်အပြင်လက္ခဏာရှိသော နေရာဒေသများအား နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းရန်

(င) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူ ဖြစ်စေရန်

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်

(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်

(ဇ) ပြည်သူလူထုအတွက် အပန်းဖြေအနားယူမှု အခွင့်အလမ်းများ ဖော်ထုတ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်

(ဈ) ကမ္ဘာ့သဘာဝအမွေအနှစ်နေရာ (Natural World Heritage Site) အဖြစ် သတ်မှတ်မြှင့်တင်သွားနိုင်ရန်

**၉.၆.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ/အမျိုးအစားများ**

**၉.၆.၁.၂.၁ လုံးဝကာကွယ်ထိန်းသိမ်းထားသော သဘာဝကြိုးဝိုင်း**

မရှိပါ။

**၉.၆.၁.၂.၂ အမျိုးသားဥယျာဉ်**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်တွင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကို ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ(၁၀)ရက်နေ့တွင် သစ်တောရေးရာ ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇၉/၉၈ဖြင့် စတင် တည်ထောင်ထားပြီး ၂၀၀၃ခုနှစ်၊ ဒီဇင် ဘာလ(၁၈)ရက်နေ့တွင် ASEAN HERITAGE PARK အဖြစ် စတင် သတ်မှတ်ခဲ့ပါသည်။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် ဘူမိပထဝီဝင်အရ လည်းကောင်း၊ သဘာဝ အနေအထားများအရလည်းကောင်း၊ ဖြစ်ပေါ်တည်ရှိနေသည့် အမျိုးသား အဆင့် (သို့မဟုတ်) နိုင်ငံတကာအဆင့်မီ သဘာဝထိန်းသိမ်းရေး နယ်မြေ တစ်ခုဖြစ်ပါသည်။ ထိုသို့ ထူးခြားကောင်းမွန်လျှက်ရှိသော ဂေဟစနစ်များ ကို လုံဝကာကွယ်ထိန်းသိမ်းလျှက် သိပ္ပံပညာရပ်ဆိုင်ရာ သုတေသန ပြုလုပ်ရန်အတွက်လည်းကောင်း၊ ရှုခင်းပသာဒနှင့် ကိုယ်စိတ်အပန်း ဖြေရာဒေသအဖြစ်လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက်လည်းကောင်း၊ ဖွဲ့စည်း တည်ထောင်၍ အုပ်ချုပ်လုပ်ကိုင်ခြင်းဖြစ်ပါသည်။

**၉.၆.၁.၂.၃ သဘာဝထူးခြားသည့်မြေပြင်လက္ခဏာများ**

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၃၀၀၀)ခန့်တွင်တည်ရှိပြီး ခါကာဘိုရာဇီတောင်ထွဋ်သည် ပေပေါင်း (၁၉၂၉၆)ပေမြင့်၍ အရှေ့တောင်အာရှတွင် အမြင့်မားဆုံးတောင် ဖြစ်ပါသည်။ ဟိမဝန္တာအရှေ့ဖျားဒေသနှင့် ဆက်စပ်နေသည့် တောင်စဉ်တောင်တန်းများတွင် ကျောက်တောင်များပေါ်၌ တောင်ပေါ်မြက်ခင်းတောများ၊ လျှိုမြောင်ချိုင့်ဝှမ်းများ၊ ရေတံခွန်များတည်ရှိပြီး တစ်နှစ်ပတ်လုံးနီးပါး ရေခဲများဖြင့်ဖုံးအုပ်လျှက် တည်ရှိနေပါသည်။

**၉.၆.၁.၂.၄ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များဘေးမဲ့တော**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်တွင် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် ဘွမ်ဖာဘွမ်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတို့ တည်ရှိပါ သည်။

**၉.၆.၁.၂.၅ ကာကွယ်ထိန်းသိမ်းထားသောတောတောင်ရေမြေ ရှုခင်း**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

**၉.၆.၁.၂.၆ သဘာဝသယံဇာတအရင်းအမြစ်ကြိုးဝိုင်း**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

**၉.၆.၁.၂.၇ ဇီဝဆိုင်ရာသဘာဝနယ်မြေ**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

**၉.၆.၁.၂.၈ ဘက်စုံအသုံးချရေး အုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

**၉.၆.၁.၂.၉ ဇီဝဝန်းကျင်ကြိုးဝိုင်း**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

**၉.၆.၁.၂.၁၀ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးကြိုးဝိုင်း**

ဟိမဝန္တာအရှေ့ဖျားနှင့်ဆက်စပ်နေသော မြန်မာနိုင်ငံမြောက်ဘက်စွန်းဆီးနှင်းဖုံးဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့၏ဂေဟစနစ်များသည် မူလအတိုင်း တည်ရှိနေသဖြင့် ကမ္ဘာ့အအမွေ အနှစ်သဘာဝ ထိန်းသိမ်းရေး နယ်မြေအဖြစ် သတ်မှတ်နိုင်ရန်လိုအပ်ပါသည်။ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံ သစ်တောဦးစီးဌာန၊ (UNESCO)မှ ကိုယ်စားလှယ်များပူးပေါင်း၍ မြောက်ပိုင်းဒေသ သစ်တောအစုအဖွဲ့ (Northern Mountain Forest Complex) အား ကမ္ဘာ့အမွေအနှစ် သဘာဝ ထိန်းသိမ်းရေးနယ်မြေ စာရင်းဝင် နေရာအဖြစ် အဆိုပြုတင်သွင်းနိုင်ရန် ပညာရှင်များဖြင့် ကွင်းဆင်းလေ့လာခဲ့ကြပါသည်။ ထိုသို့ ကွင်းဆင်း လေ့လာတွေ့ရှိချက်များအရ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဆက်စပ် သစ်တောဧရိယာများတွင် သဘာဝတောကျန်များ ကောင်းမွန်စွာဖြင့် ကမ္ဘာပေါ်တွင် မျိုးသုန်းရန် အန္တရာယ်ရှိနေသော ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝ ပေါက်ပင် ပန်းမန်များကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ထိုပညာရှင်များ၏ အစီရင်ခံစာအရ ကမ္ဘာ့အမွေအနှစ် သဘာဝထိန်းသိမ်းရေးနယ်မြေ စာရင်းဝင်နေရာအဖြစ် အဆိုပြုလွှာပြုစုနိုင်ရေး လိုအပ်မည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်မည့်သူများ သတ်မှတ်ခြင်းဆိုင်ရာနည်းပညာအစည်းအဝေးကို (၇.၅.၂၀၁၅) ရက်နေ့နှင့် (၈.၅.၂၀၁၅) ရက်နေ့တို့တွင် ရန်ကုန်မြို့ရှိ Summit Park View ဟိုတယ်၌ သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ်များ NGO နှင့် INGO တို့မှ ကိုယ်စားလှယ်များ ဖိတ်ခေါ်၍ ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။ (၁၁.၅.၂၀၁၅) ရက်နေ့တွင်လည်း၊ မြစ်ကြီးနားမြို့ပေါ်ရှိ ဟိုတယ် မြစ်ကြီးနား၌ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် (UNESCO)မှ ကိုယ်စားလှယ်များ၊ ပညာရှင်များ ပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ သစ်တောဦးစီးဌာန နှင့် UNESCO တို့ ပူးပေါင်း၍ ကချင်ပြည်နယ် ခါကာဘို ရာဇီအမျိုးသား ဥယျာဉ်အပါအဝင် မြောက်ဖျား ဆက်စပ် သစ်တော ဒေသ (Northern Mountain Forest Complex) အား ကမ္ဘာ့ အမွေအနှစ်စာရင်းဝင်နေရာအဖြစ် သတ်မှတ်နိုင်ရေး အဆိုပြုလွှာ ရေးသားခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ အထမအကြိမ် အစည်းအဝေးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့မှ (၁၃) ရက်နေ့အထိ၊ ရန်ကုန်မြို့ Central Hotel၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ထိုအစည်းအဝေး၏ ဆုံးဖြတ်ချက်

အရ တိုးချဲ့သဘာဝ ထိန်းသိမ်းရေးနယ်မြေ လျာထားခြင်းနှင့် လုပ်ငန်း စီမံချက်များကို ရေးဆွဲနိုင်ခဲ့ပါသည်။ ထိုသို့ကွင်းဆင်းဆောင်ရွက်ချက် များကို ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာနများသို့ ဆက်လက် တင်ပြ၍ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ လုပ်ငန်း အဆင့်ဆင့် ပြီးဆုံးအောင် လုပ်ကိုင် ဆောင်ရွက်ကြပြီး၊ ကမ္ဘာ့သဘာဝ အမွေအနှစ် စာရင်းဝင် သတ်မှတ်နိုင်ရေး အဆိုပြုလွှာကို တင်ပြသွားမည်ဖြစ်ပါ သည်။

**၉.၆.၁.၂.၁၁ အခြားကြိုးဝိုင်းများ**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

**၉.၆.၁.၃ ဥယျာဉ်စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း**

သဘာဝထိန်းသိမ်းရေးနယ်မြေများသတ်မှတ်ရန် ဥယျာဉ်နယ်မြေအဖြစ် စီမံ လုပ်ကိုင်ရာတွင် ဥယျာဉ်နယ်မြေဇရိယာအတွင်း ဖြစ်တည်လျှက်ရှိသော ဂေဟစနစ်များကို ရေရှည်ကာကွယ်ထိန်းသိမ်းပြီး လူတို့၏ ဂင်ရောက် စွက်ဖက်မှုမှ ကင်းလွတ်စွာဖြင့် စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် အပန်းဖြေသည့် နေရာအဖြစ် လည်းကောင်း၊ပညာရေးနှင်သိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများ လုပ်ကိုင် ရန်အတွက် လည်းကောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် လည်းကောင်း၊ အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ခါတ်သတ္တု တူးဖော်ခြင်း၊ သစ်ဝါးထုတ်လုပ်ခြင်း၊ တောရိုင်းတိရစ္ဆာန်များအမဲလိုက်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ကာကွယ်တားမြစ်မည် ဖြစ်ပါသည်။ ဥယျာဉ်ဇရိယာအတွင်း တည်ရှိပြီး ကျေးရွာနှင့် လူနေအိမ်များ အတွက် ပင်လျှင် ၎င်းတို့၏ လူမှုစီးပွားရေးကို မထိခိုက်စေရန်အတွက် ချွင်းချက် ထားရှိ မည် ဖြစ်ပါသည်။

**၉.၆.၁.၄ တရားဥပဒေစိုးမိုးရေး**

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝ နယ်မြေ များ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)အရ တိကျစွာ အကောင်အထည်ဖော် မည် ဖြစ်ပါသည်။

**၉.၆.၁.၅ ကြားခံနယ်မြေအုပ်ချုပ်လုပ်ကိုင်ခြင်း**

သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ရာတွင် ဒေသခံပြည်သူ အစု အဖွဲ့များ၏ အခြေခံ လိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ ပျားရည်အစရှိသည့် သစ်တောထွက်ပစ္စည်းများကို ဆက်လက် ထုတ်ယူ ရရှိရေး အတွက် ကြားခံနယ်မြေ ဖွဲ့စည်းပြီး စီးပွားဖြစ် သစ်၊ ထင်းထုတ် ယူခြင်းကိုမူ တားဆီး ကန့်ကွက်သွားမည် ဖြစ်ပါသည်။

### ၄.၆.၁.၆ ပညာပေးအစီအစဉ်

သဘာဝထိန်းသိမ်းရေးနယ်မြေများရှိ ဂေဟစနစ်များကို အုပ်ချုပ်လုပ်ကိုင်ရာတွင် သက်ဆိုင်ရာတာဝန်ကျဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ဒေသပြည်သူများ၏အသိစိတ်ဓါတ်များ အတွေးအမြင်များ အရေးကြီးသည့်အလျောက် ၎င်းတို့အား သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများကျင်းပြပြု လုပ်ပေးပြီး၊ လုပ်ငန်း လက်တွေ့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဝန်ထမ်းများအား လုပ်ငန်းခွင်သင်တန်းများ၊ ပြည်တွင်း/ပြည်ပအဆင့်မြင့်သင်တန်းများ၊ ဆင့်ကဲဆင့်ကဲ ပို့ချသွားမည်ဖြစ်ပါသည်။ဒေသခံကျေးလက်ပြည်သူများအတွက်ဟောပြောပွဲများ၊အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲများ၊ သီးနှံသစ်ပင်စိုက်ပျိုးရေးလက်တွေ့ သင်တန်းများကိုလည်း လက်ကမ်းစာစောင်များ၊ ဗီဒီယိုများ၊ ရုပ်ရှင်များနှင့် တွဲဖက်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဆက်စပ်လျှက်ရှိသောကျေးရွာ(၁၇)ရွာရှိ တိုင်းရင်းသား လူငယ်လေးများ ပညာသင်ကြားရေးအတွက် ဆရာ/ဆရာမများအား ရိက္ခာဆန်ထောက်ပံ့၍ စည်းရုံးခြင်း၊ ဒေသခံကလေးများ၏ အထက်တန်း နှင့် အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေကြသော ကျောင်းသား/သူများအား ရိက္ခာဆန်ထောက်ပံ့၍ ပညာပေးစည်းရုံး ဟောပြောခြင်းများ ဆောင်ရွက်လျှက်ရှိ ပါသည်။

### ၄.၆.၁.၇ သဘာဝအခြေခံခရီးသွားလုပ်ငန်း

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တွင် အဓိကထား၍ ရှုခင်းသာများ၊ ရေခဲတောင်များကို အခြေခံသောသဘာဝခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် အထူးကောင်းမွန်ပါသည်။ သဘာဝအနေအထားလှပတင့်တယ်ပြီး ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝခြင်း တို့ကြောင့် သဘာဝကိုအခြေခံသောခရီးသွားလုပ်ငန်းမှာ ရေခဲတောင် တက်ခြင်းကို အဓိကစိတ်ဝင်စားလာကြောင်း သိရှိလာရပါသည်။ ဒေသခံပြည်သူ များ၏ ဗဟုသုတ နဲပါးမှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးနိုင်သော် လည်း ၎င်းတို့အား ပညာပေးစည်းရုံး၍ ဒေသခံပြည်သူများအား ထိုက်သင့်သော ဝင်ငွေများရရှိလာအောင် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် သဘာဝအခြေခံ ခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာပြီး သဘာဝဝန်းကျင်၏တန်ဘိုးကို သိရှိနားလည်လာသော ဒေသခံ ပြည်သူများ ဖြစ်လာစေရန် စီမံ ဆောင်ရွက် ကြမည်ဖြစ်ပါသည်။

**၉.၆.၁.၈ ဇီဝမျိုးစုံမျိုးကွဲစာရင်းကောက်ယူခြင်း**

ပူတာအိုခရိုင်အတွင်းရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် သဘာဝပေါက်ရောက်ပင်များနှင့် ဇီဝ မျိုးစုံမျိုးကွဲများကို သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် NGO အဖွဲ့အစည်း များပူးပေါင်း၍ စာရင်း ကောက်ယူ မှတ်တမ်းတင်လျှက်ရှိပါသည်။

- အမေရိကန်နိုင်ငံ အခြေစိုက် သားငှက်ထိန်းသိမ်းရေးအဖွဲ့ ့(Wildlife Conservation Society-WCS)နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း တောရိုင်း တိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းရေးစီမံကိန်း
- ဂျာမနီနိုင်ငံ၊ Marburg တက္ကသိုလ်၊ ပထဝီဝင်ဌာနနှင့် ပူးပေါင်း၍ မြန်မာ နိုင်ငံရှိမြင့်မားသော တောင်တန်းဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်း ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စစ်ဆောင်ပနား အပူပိုင်းရုက္ခဗေဒ ဥယျာဉ် (XTBG) နှင့် ပူးပေါင်း၍ အပင်မျိုးစိတ်များ သုတေသနဆိုင်ရာ ပူးပေါင်း ရေးစီမံကိန်း
- တရုတ်ပြည်သူသမ္မတနိုင်ငံ တရုတ်သိပ္ပံအကယ်ဒမီ ရုက္ခဗေဒဌာန(IBCAS) မှ ပညာရှင်များနှင့် ပူးပေါင်း၍ ဟိမဝန္တာတောင်တန်းဒေသရှိ သစ်ပင်ပန်းမန် များသုတေသနပြုလုပ်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ မှတ်တမ်းတင်ခြင်း စီမံကိန်း

**၉.၆.၁.၉ နေရင်းဒေသပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း**

ယိုယွင်းပျက်စီးလျှက်ရှိသော နေရင်းဒေသ သဘာဝတောများကိုပြန်လည်တည် ထောင်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။

**၉.၆.၁.၁၀ ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း**

စီမံကိန်းကာလအတွင်း လုပ်ဆောင်မည့်လုပ်ငန်းများ တစ်ခုစီအလိုက် ဆောင် ရွက် ပြီးစီးမှုအခြေအနေကို နှစ်ကာလအလိုက် ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲ ဖြတ်ခြင်း လုပ်ကိုင်ရန် အစီအစဉ်များချမှတ် ဆောင်ရွက်သွား မည် ဖြစ်ပါသည်။

**၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များအုပ်ချုပ်လုပ်ကိုင်ခြင်း**

(က) ခါကာဘိုရာဇီအမျိုးသားဥယျာဉ်

**၉.၆.၂.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်မှန်းချက်များ**

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်း သိမ်းရေး ဆိုင်ရာ မူဝါဒကိုအကောင်အထည်ဖော်ရန်

(ခ) မျိုးသုန်းမည်အန္တရာယ်ရှိနေသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝ အပင်များနှင့် ယင်းတို့၏နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရေး

နှင့် အခြားထူးခြားသော သွင်ပြင်လက္ခဏာရှိသည့် ဒေသများအား ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးနယ်မြေသတ်မှတ်သွားနိုင်ရန်

(ဂ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူ ဖြစ်လာစေရန်

(ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အသိပညာများ ဒေသခံပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့လာစေရန်

(င) ပြည်သူလူထုအတွက် အပန်းဖြေအနားယူမှု အခွင့်အလမ်းများ ဖော်ထုတ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးရန်

**၉.၆.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ**

**၉.၆.၂.၂.၁ နေရင်းဒေသအတွင်း/ပြင်ပကာကွယ်ထိန်းသိမ်းခြင်း**

မျိုးရိုးဗီဇအရင်းအမြစ်များနှင့် ထူးခြာသော သွင်ပြင်လက္ခဏာများကို မူရင်း ဂေဟစနစ်များနှင့် သဘာဝနေရင်ဒေသများအတွင်း ကာကွယ်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်း ဖြစ်တည်လျှက်ရှိသော ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းပြီး လူတို့၏ ဝင်ရောက်စွက်ဖက် နှောက်ယှက်မှုမှ ကင်းဝေးစေရန် စီမံအုပ်ချုပ်လုပ်ကိုင်ရမည်ဖြစ်ပါသည်။ ဥယျာဉ်ဧရိယာနယ်နိမိတ်အတွင်း ဓါတ်သတ္တုတူးဖော်ခြင်း၊ သစ်၊ ဝါးထုတ် လုပ်ခြင်း တောရိုင်း တိရစ္ဆာန်များအား အမဲလိုက်ခြင်း၊ ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းနှင့် လမ်း၊တံတားများဖောက်လုပ်ခြင်းတိုကို လုံးဝကာကွယ် တားမြစ်သွားမည်ဖြစ်ပါသည်။ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝ တောတောင်များကို စနစ်တကျ ကာကွယ်စောင်ရှောက်ထားပြီး နေရင်းဒေသ နှင့်ဆက်စပ်လျှက်ရှိသည့် တောရိုင်းတိရစ္ဆာန်များ ပျံ့နှံ့ကျက်စားသွားလာနိုင်သည့် နေရင်းဒေသ၏ ပြင်ပဧရိယာများကိုလည်း ထည့်သွင်း၍ စနစ်တကျ အုပ်ချုပ်သွားရန် လိုအပ်ပါသည်။ နေရင်းဒေသအတွင်းရှိ မျိုးသုန်း လုနီးပါ တောရိုင်း တိရစ္ဆာန်များကိုလည်း ခြံလှောင်စနစ်ဖြင့် မွေးမြူ စောင့်ရှောက်ထားပြီး အကောင်အရေအတွက် တိုးပွားလာပါက နေရင်းဒေသများ အတွင်းသို့ ပြန်လည် လွှတ်ပေးခြင်း လုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်သွား ကြရ မည်ဖြစ်ပါ သည်။

**၉.၆.၂.၂.၂ မျိုးစိတ်အလိုက်အုပ်ချုပ်လုပ်ကိုင်ခြင်း**

မျိုးသုန်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝ အပင်များနှင့် ၎င်းတို့၏နေရင်းဒေသများကို ကာကွန်ထိန်းသိမ်းထားရန် ဖြစ်ပါသည်။ ခါကာ ဘိုရာဇီအမျိုးသားဥယျာဉ်တွင် ခြိမ်းခြောက်မှုခံ နေရသော မျိုးစိတ်များဖြစ်သည့် သားမင်း၊ ပန်ဒါနီ၊ ကတိုးဂျီ၊ ရေခဲတောင်ဆိတ်၊ အင်းကျားစသည့်တိုကို မျိုးစိတ်တစ်ခုချင်းစီအလိုက် စီမံချက်များ

ရေးဆွဲကာ ထိန်းသိမ်း ကာကွယ်ထားရမည် ဖြစ်ပါသည်။ ထိုသို့ စီမံချက်များ ရေးဆွဲနိုင်ရန်အတွက် သုတေသန အဖွဲ့များဖွဲ့စည်းခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ မျိုးစိတ်တစ်ခုချင်းစီအလိုက် တန်ဘိုးများကို ဒေသခံပြည်သူများ သိရှိသဘောပေါက်လာစေရန် ပညာပေး စည်းရုံးခြင်း တရားမဝင် အမဲလိုက်မှုများ တွေ့ရှိလာပါက ထိရောက်သော ပြစ်ဒဏ်ပေးမှုများ ဆောင်ရွက်၍ စီမံအုပ်ချုပ်သွားမည်ဖြစ်ပါသည်။

**၉.၆.၂.၂.၃ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များစာရင်းကောက်ယူခြင်း**

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ စာရင်းကောက်ယူခြင်း လုပ်ငန်းကို မိုးတွင်းကာလ၌ သွားလာရေးခက်ခဲသဖြင့် ပွင့်လင်းရာသီကာလများတွင် ဆောင်ရွက်လျှက်ရှိပါသည်။ WCS အဖွဲ့များနှင့် ပူးပေါင်း၍ ကင်မရာထောင် ခြောက်များ တပ်ဆင်အသုံးပြုပြီး နှစ်စဉ် ဆောင်ရွက် လျှက်ရှိပါသည်။

(က) ငှက်စာရင်းကောက်ယူခြင်းလုပ်ငန်းအား လစဉ်ဆောင်ရွက်ခြင်း

(ခ) ဆောင်းခိုငှက်စာရင်းကောက်ယူခြင်းအား နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် နှစ်စဉ်ကောက်ယူခြင်း

(ဂ) နို့တိုက်သတ္တဝါစာရင်းများအား ဒီဇင်ဘာလမှ မတ်လအထိ ကင်မရာ ထောင်ခြောက်များ တပ်ဆင်၍နှစ်စဉ်ကောက်ယူခြင်း

(ဃ) တွားသွားသတ္တဝါစာရင်းများကို ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့တွင် နှစ်စဉ်ကောက်ယူခြင်း

(င) လိပ်ပြာစာရင်းကောက်ယူခြင်းကို ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လတို့တွင် နှစ်စဉ်စာရင်းကောက်ယူခြင်း

(စ) ပရဆေး၊ သစ်ခွနှင့် သဘာဝပေါက်ပင်စာရင်းကောက်ယူခြင်းကို ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ ကောက်ယူ သွားရပါမည်။ ထိုလုပ်ငန်းများ ဆောင်ရွက်သွားရာတွင်

NGO အဖွဲ့အစည်းများ၏ နည်းပညာငွေအင်အားတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွား မှသာလျှင် ပြည့်စုံကောင်းမွန်သော စာရင်း မှတ်တမ်းများရရှိနိုင်မည်ဖြစ် ပါသည်။

**၉.၆.၂.၂.၄ သုတေသနလုပ်ငန်းများ**

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲမှုများနှင့် ပတ်သက်သည့် သုတေသန လုပ်ငန်းများကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)နှင့် တရုတ်

ပြည်သူ့သမ္မတနိုင်ငံစစ်ဆောင်ပနားအပူပိုင်း၊ ရုက္ခဗေဒဥယျာဉ်(XTBG) မှ ပညာရှင်များနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ပေါက်ရောက်ပင်များအား သုတေသနပြုလုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မှတ်တမ်းတင်ခြင်းတို့ကို နှစ်စဉ် ဝင်ရောက်ဆောင်ရွက်လျှက်ရှိပါသည်။

(က) တောရိုင်းတိရစ္ဆာန်များအား ကင်မရာထောင်ခြောက်များ တပ်ဆင်၍ မှတ်တမ်းတင်ခြင်းနှင့်စာရင်းကောက်ယူခြင်း

(ခ) ငှက်စာရင်းများကောက်ယူမှတ်တမ်းတင်ခြင်း

(ဂ) ပရဆေးပင်များနှင့် သစ်ခွမျိုးစိတ်များမှတ်တမ်းတင်ခြင်း

(ဃ) သဘာဝပေါက်ရောက်ပင်များ စာရင်ကောက်ယူခြင်းနှင့် မျိုးစိတ် နမူနာ များစုဆောင်းခြင်း

(င) မျောက်လွှဲကျော်သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

**၉.၆.၃ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းနှင့်ဥပဒေစည်းမျဉ်း/စည်းကမ်းဆိုင်ရာ စီမံခန့်ခွဲမှု**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်မြို့နယ်အတွင်းရှိ သဘာဝ တောတောင်များကို ၁၉၉၈ခုနှစ်၊ နိုဝင်ဘာလ(၁၀)ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၇၉/၉၈ဖြင့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ် ကြေငြာခဲ့ပါသည်။ ပူတာအိုမြို့ပေါ်တွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့် အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်၍ ဝန်ထမ်း နေအိမ်များနှင့် ပညာပေး ပြခန်းအပါအဝင် စုစုပေါင်း အဆောက်အဦး(၆) လုံး တည်ဆောက်ထားပါသည်။ နောင်မွန်မြို့တွင်လည်း ရေ့တန်းစခန်း ဖွင့်လှစ်၍ စီမံအုပ်ချုပ်နိုင်ရန် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့(WCS)၏ အကူအညီဖြင့် အဆောက်အဦတစ်လုံး ဆောက်လုပ် ထားရှိပြီး အမျိုးသားဥယျာဉ်အတွင်း အချက်အချာကျသောနေရာများတွင် လုံခြုံရေးကင်း စခန်း(၅)လုံး ထားရှိ၍ ဥယျာဉ် ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံခန့်ခွဲအုပ်ချုပ်လျှက်ရှိ ပါသည်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၏ ဝန်ထမ်းဖွဲ့စည်းပုံမှာ အရာထမ်း(၂)ဦး၊ အမှုထမ်း (၆၁)ဦး၊ စုစုပေါင်း (၆၃)ဦး ခွင့်ပြုထားပြီး ဖြစ်သော်လည်း အရာထမ်း (၁)ဦး၊ အမှုထမ်း(၂၀)ဦး၊ စုစုပေါင်း(၂၁)ဦးသာ ခန့်ထားနိုင်ခဲ့ပါသည်။ စီမံကိန်း ကာလများတွင် ဖွဲ့စည်းပုံခွင့်ပြုအင်အားဖြင့် လစ်လပ်လျှက်ရှိနေသော ဝန်ထမ်း အင်အား(၄၂)ဦး၊ နေရာတို့တွင် ဒေသခံတိုင်းရင်းသားလူမျိုးများအား စည်းရုံး၍ တိုးချဲ့ခန့်ထားပေးနိုင်ရန် နှစ်စဉ်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၉.၆.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး**

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် ၂၀ဝ၃ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့တွင် ASEAN HERITAGE PARK အဖြစ် စတင်သတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင် နေရာသတ်မှတ်နိုင်ရေးအတွက် နော်ဝေ ကမ္ဘာ့အမွေအနှစ် ဖောင်ဒေးရှင်း၏ ရံပုံငွေအထောက်အပံ့ဖြင့် သစ်တောဦးစီးဌာနနှင့် ကုလသမဂ္ဂပညာရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESEO)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ သဘာဝအမွေအနှစ်ဒေသများ ထိန်းသိမ်း ကာကွယ်ရေး စီမံကိန်း (Safe Guarding Natural Heritagesite in Myanmar)ကို အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ မြန်မာနိုင်ငံတွင် သဘာဝနယ်မြေများ စဉ်ဆက်မပြတ်စီမံအုပ်ချုပ်နိုင်ရေးအတွက် လိုအပ်ချက်များ ထောက်ပံ့ဖြည့် ဆည်းခြင်း၊ စီမံကိန်းကိုလည်း ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP)နှင့် (GEF)ရံပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များအုပ်ချုပ်လုပ်ကိုင်ခြင်း**

(ခ) ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

**၉.၆.၂.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်မှန်းချက်များ**

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေး ဆိုင်ရာ မူဝါဒကိုအကောင်အထည်ဖော်ရန်

(ခ) ဟိမဝန္တာအရှေ့ဖျားဒေသနှင့်ဆက်စပ်နေသော မြန်မာနိုင်ငံ မြောက်ဘက်စွန်း ဆီးနှင်းဖုံးလွှမ်းနေသော ဒေသရှိ ဇီဝမျိုးစုံ မျိုးကွဲများကို ကာကွယ်ထားရန်

(ဂ) ဧရာဝတီမြစ်၏ မြစ်ဖျားဒေသနှင့်သဘာဝဝန်းကျင်ကို ထိန်းသိမ်းကာကွယ် ထားရန်

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ရန်

(င) သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ ဖြစ်ပါ သည်။

**၉.၆.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ**

**၉.၆.၂.၂.၁ နေရင်းဒေသအတွင်းနှင့်ပြင်ပကာကွယ်ထိန်းသိမ်းခြင်း**

ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာသည် အန္တိယနိုင်ငံနယ်နိမိတ်နှင့် ထိစပ်လျှက်တည်ရှိနေပြီး ထူးခြားသော သွင်ပြင်လက္ခဏာများနှင့် ဟိမဝန္တာတောင်တန်းဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများ

ကျက်စား နေထိုင်ကြပါသည်။ ထိုသို့ဖြစ်တည်လျှက်ရှိသော ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းပြီး လူတို့၏ဝင်ရောက် နှောက်ယှက်မှုမှ ကင်းဝေးအောင် စီမံအုပ်ချုပ်လုပ်ကိုင်ရမည် ဖြစ်ပါသည်။ ထိုသို့သော တောရိုင်း တိရစ္ဆာန်များ၏ နေရင်းဒေသများနှင့် ဆက်စပ်လျှက်ရှိသည့် ဒေသများကိုလည်း ကာကွယ်ထိန်းသိမ်းရမည် ဖြစ်ပါသည်။ နေရင်းဒေသအတွင်းရှိ မျိုးသုန်းလုနီးပါး တောရိုင်းတိရစ္ဆာန်များကိုလည်း ခြံလှောင် စနစ်ဖြင့် မွေးမြူစောင့်ရှောက်ထားပြီး အကောင်အရေအတွက်များ တိုးပွားလာပါက ၎င်းတို့၏နေရင်းဒေသသို့ ပြန်လည်လွှတ်ပေးခြင်းလုပ်ငန်းတို့ကို ပူးတွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**၉.၆.၂.၂.၂ မျိုးစိတ်အလိုက်အုပ်ချုပ်လုပ်ကိုင်ခြင်း**

မျိုးသုန်းမည့်အန္တရာယ်ရှိနေသည့် တောရိုင်းတိရစ္ဆာန်များနှင့်သဘာဝပေါက်ရောက်ပင်များကိုရွေးချယ်၍ အထူးအလေးထားကာကွယ် ထိန်းသိမ်းထားရန် ဖြစ်ပါသည်။ ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ခြိမ်းခြောက်ခံ နေရသော မျိုးစိတ်များမှာ ပန်ဒါနီ၊ သားမင်း၊ ကတိုးဂျီ၊ ရေခဲတောင်ဆိတ်တို့ဖြစ်ကြပါသည်။ ထိုသို့ရှားပါးမျိုးစိတ်တစ်ခုချင်းစီအလိုက် စီမံချက်များ ရေးဆွဲ၍ သုတေသနပြုလုပ်ခြင်း၊ မှတ်တမ်း တင်ထားရှိခြင်းတို့နှင့်အတူ ဒေသခံ တိုင်းရင်းသားများအား ပညာပေး စည်းရုံး၍ ကာကွယ်ထိန်းသိမ်း သွားရမည်ဖြစ်ပါသည်။

**၉.၆.၂.၂.၃ တောရိုင်းတိရစ္ဆာန်နှင့်အဘာဝအပင်များစာရင်းကောက်ယူခြင်း**

သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။ မိုးတွင်းကာလများတွင် သွားလာရေးအခက်အခဲရှိသဖြင့် ပွင့်လင်းရာသီကာလများတွင် ကင်မရာထောင်ခြောက်များ တပ်ဆင် အသုံးပြု၍ နှစ်စဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သဘာဝ ပေါက်ရောက်ပင်များ စာရင်းကောက်ယူ ခြင်းနှင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းများကိုလည်း ဂျာမနီနိုင်ငံ(Marburg) တက္ကသိုလ် ပထဝီဝင်ဌာနမှ ပညာရှင်များ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်သိပ္ပံအကယ်ဒမီ ရုက္ခဗေဒဌာန၊ (IBCAS)မှ ပညာရှင်များနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ဆောင်ရွက်ခဲ့ ကြပါသည်။

(က) ငှက်စာရင်းကောက်ယူခြင်းလုပ်ငန်း

(ခ) နို့တိုက်သတ္တဝါများမှတ်တမ်းတင်ခြင်းနှင့် စာရင်းကောက်ယူခြင်းလုပ်ငန်း

(ဂ) ပရဆေး၊ သစ်ခွနှင့်သဘာဝပေါက်ပင်များစာရင်း ကောက်ယူခြင်း နှင့် သစ်ရွက်နမူနာစုဆောင်ခြင်းလုပ်ငန်းများကို နှစ်စဉ်စံကွက်များ သတ် မှတ်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**၉.၆.၂.၂.၄ သုတေသနလုပ်ငန်းများ**

သစ်တောဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) နှင့်(UNDP) ပူးပေါင်းဖွဲ့စည်း၍ (GEF) ၏ ရံပုံငွေဖြင့် (၅)နှစ်စာ စီမံကိန်းရေးဆွဲပြီး အကောင် အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဂျာမနီနိုင်ငံ (Marburg) တက္ကသိုလ်ပထဝီဝင်ဌာနမှ ပညာရှင်များနှင့် သစ်တောဦးစီး ဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ရေးခဲတောင်အမြင့်ကွာခြားမှုအလိုက် ပေါက်ရောက်နေသော သဘာဝအပင်များအား မှတ်တမ်းတင်ခြင်းနှင့် သစ်ရွက်နမူနာ စုဆောင်းခြင်း တို့ကိုလည်း နှစ်စဉ်ဆောင် ရွက်ခဲ့ကြပါ သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊တရုတ်သိပ္ပံ အကယ်ဒမီ ရုက္ခဗေဒ ဌာန၊ (IBCAS)မှ ပညာရှင်များလဲ သဘာဝ ပေါက်ရောက်ပင်များ ရှာဖွေ စုဆောင်း၍ သုတေသနပြုလုပ်လျှက်ရှိပါသည်။ (GEF)၏ ရံပုံငွေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများမှာ-

- သစ်ပင်သစ်တောပေါက်ရောက်မှု ဆန်းစစ်လေ့လာမှတ်တမ်း တင်ခြင်း နှင့် အပင်မျိုးစိတ်များ၊ တောအမျိုးအစားများခွဲခြားခြင်း၊
- သားငှက်တိရစ္ဆာန်များပျံ့နှံ့ကျက်စားမှု ဆန်းစစ်လေ့လာ မှတ်တမ်း တင်ခြင်းနှင့် ယင်းတို့၏ဌာနေမျိုးစိတ်၊ ရွှေ့ပြောင်း မျိုးစိတ်များ ခွဲခြားခြင်း
- ဂေဟစနစ်အမျိုးအစားနှင့် မိုးလေဝသ၊ ရာသီဥတုအခြေနေတို့ကို မှတ်တမ်းတင်ခြင်း
- ဒေသခံများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များအား အမာခံ ထိန်းသိမ်းရေးနယ်မြေကို မထိခိုက်စေဘဲ ကြားခံနယ်မြေအတွင်းမှ ဖြည့်တင်းပေး နိုင်ရန်လေ့လာခြင်း
- သဘာဝအခြေခံခရီးသွား လုပ်ငန်းအခွင့်အလမ်းများ ဆန်းစစ် လေ့လာ ဖော်ထုတ်ပေးခြင်း

**၉.၆.၃ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းနှင့်ဥပဒေစည်းမျဉ်း/စည်းကမ်းဆိုင်ရာစီမံခန့်ခွဲမှု**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်၊ မချမ်းဘောမြို့နယ်နှင့် နောင်မွန် မြို့နယ်တို့တွင် ပါဝင်တည်ရှိနေသော သဘာဝတောတောင်များကို ၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ(၁) ရက်နေ့ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၀၃ ဖြင့် ဖုန်ကန်

ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် စတင်ကြေငြာခဲ့ပါသည်။ ဝန်ထမ်းဖွဲ့စည်း ပုံ(၂၆)ဦးဖြင့် နောင်မွန်မြို့တွင် အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်၍ စီမံအုပ်ချုပ်ရန် လျာထား သတ်မှတ်ခဲ့သဖြင့် ပူတာအိုမြို့ပေါ်တွင် အုပ်ချုပ်ရေးမှူး ရုံးပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုပါရန် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏(၂၇.၆.၂၀၀၃) ရက်စွဲပါစာအမှတ်-ဥယျာဉ်-သဘာဝ/ဖုန်ကန်၊ ၁၃၆၃/၂၀၀၃ဖြင့် တင်ပြထားသော်လည်း ဝန်ထမ်းအင်းအား ခွဲဝေချထားပေးခြင်းနှင့် အုပ်ချုပ်ရေးမှူးရုံး၊ ပြောင်းရွှေ့ဖွင့်လှစ်ခွင့်မပြုသဖြင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများ မှ တွဲဘက်တာဝန်ယူနေရပါ သည်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အပါအဝင် ဖုန်ကန်ရာဇီဘေးမဲ့တောနှင့် သဘာဝတောကျန်များကို တိုးချဲ့ဖွဲ့စည်း၍ (Northern Mountain Forest Complex) အား ကမ္ဘာ့အမွေအနှစ်သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် စာရင်းဝင် တင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဖုန်ကန်ရာဇီ ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးနှင့် စီမံခန့်ခွဲအုပ်ချုပ်ရမည့် ဝန်ထမ်းများလဲ လိုအပ်နေပြီဖြစ် ပါသည်။ သီးသန့်ဝန်ထမ်းများခန့်ထားဆောင်ရွက်မှသာလျှင် ဖုန်ကန်ရာဇီ ဘေးမဲ့တော ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်လာမည်ဖြစ်ပါသည်။

**၉.၆.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး**

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အပါအဝင် ဖုန်ကန်ရာဇီဘေးမဲ့တောနှင့် သဘာဝတောကျန်များကို တိုးချဲ့ဖွဲ့စည်း၍(Northern Mountain Forest Complex)အား ကမ္ဘာ့ အမွေအနှစ် ထိန်းသိမ်းရေးနယ်မြေအဖြစ် စာရင်းဝင် တင်ပြနိုင်ရန်အတွက် နော်ဝေ ကမ္ဘာ့အမွေအနှစ်ဖောင်ဒေးရှင်း၏ ရံပုံငွေ အထောက်အပံ့ဖြင့် သစ်တောဦးစီးဌာနနှင့် ကုလသမဂ္ဂပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO)တို့ ပူးပေါင်း ဆောင်ရွက်လျှက်ရှိပါသည်။ မြန်မာနိုင်ငံတွင် သဘာဝနယ်မြေများ စဉ်ဆက်မပြတ်စီမံ အုပ်ချုပ်နိုင်ရေးအတွက် လိုအပ်ချက်များ ထောက်ပံ့ဖြည့်ဆည်းခြင်း စီမံကိန်းကိုလည်း ကမ္ဘာ့ကုလ သမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP နှင့်(GEF)ရံပုံငွေဖြင့် စီမံကိန်းများကို သားငှက် ထိန်းသိမ်းရေး အဖွဲ့(WCS)နှင့်သစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များအုပ်ချုပ်လုပ်ကိုင်ခြင်း**

(ဂ)ဘွမ်ဖာဘွမ်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

**၉.၆.၂.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်မှန်းချက်များ**

(က) အစိုးရ၏တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေး ဆိုင်ရာ မူဝါဒများကိုအကောင်အထည်ဖော်ရန်

(ခ) မြန်မာနိုင်ငံမြောက်ဘက်စွန်း ဆီးနှင်းဖုံးလွှမ်းနေသည့်ဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများကိုကာကွယ်ထားရန်

(ဂ) ဧရာဝတီမြစ်၏ မြစ်ဖျားဒေသနှင့်သဘာဝဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ထားရန်

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ရန်

(င) သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝများကို မြှင့်တင်ပေးရန်

### ၉.၆.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

#### ၉.၆.၂.၂.၁ နေရင်းဒေသအတွင်း/အပြင် ကာကွယ်ထိန်းသိမ်းခြင်း

ဘွမ်ဖာဘွမ်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာသည် ဖုန်ကန်ရာဇီဘေးမဲ့တော၊ ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်တည်ရှိလျက်ရှိပါသည်။ ဟိမဝန္တာတောင်တန်းဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားနေထိုင်လျက်ရှိပြီး ထူးခြားသော သွင်ပြင်လက္ခဏာများဖြင့် ကောင်းမွန်သော ဂေဟစနစ်များ ဖြစ်တည်လျက် ရှိပါသည်။ ထိုသို့ကောင်းမွန်သော ဂေဟစနစ်များ ပျက်စီးမသွားစေရန် စီမံအုပ်ချုပ်သွားရပါမည်။ တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများနှင့် ဆက်စပ်လျက် တည်ရှိနေသော ဒေသများကိုလည်း ကာကွယ်ထိန်းသိမ်းရမည်ဖြစ်ပါသည်။ နေရင်းဒေသ အတွင်းရှိ မျိုးသုန်း လုနီးပါ တောရိုင်းတိရစ္ဆာန်များကိုလည်း ခြံလှောင် စနစ်ဖြင့် မွေးမြူ စောင့်ရှောက်ထားပြီး အကောင်အရေအတွက် တိုးပွားလာပါက နေရင်းဒေသများ အတွင်းသို့ ပြန်လည် လွှတ်ပေးခြင်း လုပ်ငန်းများ ကိုလည်း ပူးတွဲဆောင်ရွက်သွားကြရ မည်ဖြစ်ပါသည်။

#### ၉.၆.၂.၂.၂ မျိုးစိတ်အလိုက်အုပ်ချုပ်လုပ်ကိုင်ခြင်း

မျိုးသုန်းမည့်အန္တရာယ်ရှိနေသည့် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝပေါက်ရောက်ပင်များကို ရွေးချယ်၍ အထူးအလေးထား ကာကွယ်ထိန်းသိမ်းထားရန် ဖြစ်ပါသည်။ ဘွမ်ဖာဘွမ် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောတွင် ခြိမ်းခြောက်ခံ နေရသောမျိုးစိတ်များမှာ ပန်ဒါနီ၊ သားမင်း၊ ကတိုးဂျီ၊ ရေခဲတောင်ဆိတ်တို့ ဖြစ်ကြပါသည်။ ထိုသို့ ရှားပါးမျိုးစိတ် တစ်ခုချင်းစီအလိုက် စီမံချက်များ ရေးဆွဲ၍ သုတေသနပြုလုပ်ခြင်း၊မှတ်တမ်းတင်ထားရှိခြင်းတို့နှင့်အတူ ဒေသခံတိုင်းရင်းသားများအား ပညာပေးစည်းရုံး၍ ကာကွယ်ထိန်းသိမ်းသွားရမည် ဖြစ်ပါသည်။

### ၉.၆.၂.၃ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များစာရင်ကောက်ယူခြင်း

နယ်မြေလုံခြုံမှုမရှိသော နေရာဒေသများဖြစ်နေ၍ ဌာနဆိုင်ရာ ဝန်ထမ်းများ လုံးဝသွား၍ မရပါ။

### ၉.၆.၂.၄ သုတေသနလုပ်ငန်းများ

နယ်မြေဒေသအခြေအနေ ကောင်းမွန်လာပါက သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် သားငှက်ထိန်းသိမ်းရေး အဖွဲ့ (WCS) တို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံသွားမည် ဖြစ်ပါသည်။

## ၉.၆.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့်ဥပဒေစည်းမျည်း/စည်းကမ်းဆိုင်ရာစီမံခန့်ခွဲမှု

သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ရုံးမိန့်ဖြင့် ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ သဘာဝတောတောင်ဧရိယာ (၄၅၈၂၄၀) ဧကအား ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၀၄) တွင် ဘွမ်ဖာဘွမ်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော နယ်မြေအဖြစ် သတ်မှတ် ကြေငြာထားခဲ့ပါသည်။ သို့သော်လည်း နယ်မြေဒေသလုံခြုံမှုမရှိခြင်း၊ ဝန်ထမ်းအင်အား ခွင့်ပြုချက်ထားရှိမှုမရှိခြင်းတို့ကြောင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း မရှိပါ။ နယ်မြေဒေသ ငြိမ်းချမ်းလာပါက အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၉.၆.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

ဘွမ်ဖာဘွမ်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာသည် ငြိမ်းချမ်းမှုမရှိသောဧရိယာဖြစ်နေ၍ NGO အဖွဲ့အစည်းများလည်းဝင်ရောက်နိုင်ခြင်းမရှိပါ။

# ၉.၇ သစ်တောကာကွယ်ခြင်း

## ၉.၇.၁ နယ်နိမိတ်သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း

ကြိုးဝိုင်းနှင့် အကွက်နယ်နိမိတ်များကို ပြင်ဆင်ထိန်းသိမ်းရာတွင် လက်အောက်အမှုထမ်းများ အမြဲလိုက်နာရန် အမိန့်လက်စွဲအခန်း (၆)၊ စာမျက်နှာ ၅၀ မှ ၅၇ တွင် ဖော်ပြထားချက်အတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၇.၁.၁ ကြိုးဝိုင်းနယ်နိမိတ်

(က) ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ် အတွင်းရှိ နမ့်ထုံကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ခြင်းကို စီမံကိန်းကာလအတွင်း (၁၄၃)မိုင်အား အစီစဉ်ရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) နန်ထုံကြိုးဝိုင်း၏ နှောင့်ယှက် ဖျက်စီးလွယ်သည့် အပြင်နယ်နိမိတ်များကို နှစ်စဉ် စစ်ဆေး၍ လက်ထောက် ညွှန်ကြားရေးမှူးထံ အစီ ရင်ခံတင်ပြ ပါမည်။

(ဂ) လူသွားလမ်း၊ လှည်းလမ်းနှင့် ထိကပ်သော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနယ်နမိတ်အပေါ်တွင် ပညာပေး၊ သတိပေးနှင့် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူ ပြုလုပ်သွားပါမည်။

### ၉.၇.၁.၂ အကွက်နယ်နိမိတ်

အကွက်နယ်နိမိတ်များကို အောက်ပါအတိုင်း လုပ်ကိုင်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(က) သစ်တော လုပ်ငန်းများဖြစ်သည့် သစ်မာပင်ထောင်ရိုက်ခြင်း၊ကျွန်းသင်းသတ်ခြင်း၊ ပင်ကြပ်နှုတ်ခြင်း စသည့်လုပ်ငန်းများနှင့် အတူလုပ်ကိုင် ပြင်ဆင်ရန် ဖြစ်ပြီး သစ်တော လုပ်ငန်းမရှိသည့် နေရာ များကို (၅)နှစ် သို့မဟုတ် (၁၀)နှစ်တစ်ကြိမ် အကွက် နယ်နိမိတ် များကို ပြင်ဆင်ရန်။

(ခ) နန်ထုံကြိုးဝိုင်း၏အကွက်နယ်နိမိတ်များ အခြေအနေကို ကွင်းဆင်းစစ်ဆေးပြီး သက်ဆိုင်ရာ နယ်မြေ တာဝန်ခံမှ မှတ်တမ်းတင်၍ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်းအား ဆောင်ရွက်သွားပါမည်။

(ဂ) ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအတိုင်း ဖြတ်သန်းသွားသောမော်တော်ကားလမ်းများရှိပါက အကွက် နယ်နိမိတ်များတွင် သတိပေး၊ ပညာပေးနှင့် ကြော်ငြာ ဆိုင်းဘုတ် များစိုက်ထူခြင်း။

## ၉.၇.၂ မီးကာကွယ်ခြင်း

စိုက်ခင်းများတွင် မီးကြိုတင်ကာကွယ်ခြင်း၊ မီးငြိမ်းသတ်ခြင်း၊ မီးစောင့်အလုပ်သမား ဝန်ထမ်းများထား၍ ကာကွယ်ခြင်း၊ မီးတားလမ်းဖောက် လုပ်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းကောင်းသည့် သဘာဝတောများတွင် လိုအပ်ပါက မီးကာကွယ်တားဆီးခြင်း၊ သစ်နှင့်သစ် တောထွက်ပစ္စည်း ထုတ်လုပ်သည့် အဖွဲ့အစည်းများ၏ မီးကာကွယ်ခြင်းအစီအစဉ်ကို စီမံချက်ချ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၉.၇.၃ ပိုးမွှားနှင့် ရောဂါအန္တရာယ်ကာကွယ်ခြင်း

ပူတာအို ခရိုင်အတွင်းရှိ သစ်တောစိုက်ခင်းနှင့် သဘာဝတောများတွင် ပိုးမွှားအန္တရာယ်များ ကျရောက်လာပါက ကာကွယ်နှိမ်နင်းမှုများကို ပြုလုပ် ဆောင်ရွက်

ရမည်ဖြစ်ပါသည်။ ရောဂါပိုးအမျိုးမျိုးတို့၏ အလေ့အကျင့် သဘာဝများကို သုတေသနပြု၍ လေ့လာခြင်း၊ ကာကွယ်နှိမ်နင်းမှု ကြိုတင် စီစဉ်ခြင်း စသည် တို့ကို ပြုလုပ်ရမည် ဖြစ်ပါသည်။

**၉.၇.၄ လှည့်လည်စစ်ဆေးခြင်း**

ခရိုင်အတွင်းရှိ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများနှင့် သစ်တော စိုက်ခင်းများတွင် ဝန်ထမ်းများအား တာဝန်ခွဲဝေချထားခြင်း၊ အခါအားလျော်စွာ လှည့်လည်စစ်ဆေးခြင်း၊ စောင့်ကြပ် ကြည့်ရှုစေခြင်းနှင့် တွေ့ရှိချက်များကို ပြန်လည် အစီရင်ခံခြင်း၊ လိုအပ်သည်များညွှန်ကြား၍ ညွှန်ကြားချက် အတိုင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အချိန်ရာသီအမီ ပြန်လည်စစ်ဆေးခြင်း စသည်တို့ ဆောင်ရွက်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

**၉.၇.၅ ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း**

စီမံကိန်းကာလအတွင်း အောက်ဖော်ပြပါ ကြိုးပြင်ကာကွယ်တောများအား တိုးချဲ့ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။

**၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ခုနှစ်ထိ တိုးချဲ့ဖွဲ့စည်းမည့် ကြိုးပြင်ကာကွယ်တောများ**

**ဇယား (၉.၇.၅)**

| စဉ် | ဖွဲ့စည်းမည့် ခုနှစ် | ကြိုးပြင်ကာကွယ်တောအမည် | ဧရိယာ(ဧက) | မြို့နယ် |
|---|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | - | - | - |
| ၂ | ၂၀၁၇-၂၀၁၈ | ခါကာဘိုရာဇီ(တိုးချဲ့) | ၃၅၉၅၆၄ | နောင်မွန်းမြို့နယ် |
| ၃ | ၂၀၁၈-၂၀၁၉ | နမ်ထုံ | ၂၇၄၇၅ | ပူတာအို |
| ၄ | ၂၀၁၉-၂၀၂၀ | ခေါ်ဘူဒဲ (၁) | ၅၃၇၄၀ | ခေါင်လံဖူးမြို့နယ် |
| ၅ | ၂၀၂၀-၂၀၂၁ | ခေါ်ဘူဒဲ (၂) | ၁၃၀၉၃၈ | ခေါင်လံဖူးမြို့နယ် |
| ၆ | ၂၀၂၁-၂၀၂၂ | ခေါ်ဘူဒဲ (၃) | ၂၀၀၀၀၀ | ခေါင်လံဖူးမြို့နယ် |
| ၇ | ၂၀၂၂-၂၀၂၃ | - | - | - |
| ၈ | ၂၀၂၃-၂၀၂၄ | - | - | - |
| ၉ | ၂၀၂၄-၂၀၂၅ | - | - | - |
| ၁၀ | ၂၀၂၅-၂၀၂၆ | - | - | - |
| | | **စုစုပေါင်း** | **၇၇၁၆၉၇** | |

ဇစ်မြစ်၊ ပူတာအိုခရိုင်၊ သစ်တောဦးစီးဌာန

**၉.၈ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး**

**၉.၈.၁ လေ့ကျင့်ရေး**

ခရိုင်အတွင်းရှိ ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်အရည်အသွေး မြင့်မားတိုးတက်ရန်အတွက် သင်တန်းတက်ရောက်ပြီးစီးမှုကို **အတွဲ(၂) ဇယား(၄.၄)** တွင် ဖော်ပြထားပါသည်။ စီမံကိန်းကာလအတွင်း သင်တန်းပို့ချမည့် အစီအစဉ်များကို လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးနှင့် ဆက်သွယ် ညှိနှိုင်း၍ စာရင်း ပြုစုဖော်ပြပေးပါမည်။

### ၉.၈.၂ သုတေသန

ခရိုင်အတွင်းလုပ်ဆောင်မည့် သုတေသနလုပ်ငန်းများကို သစ်တောသုတေသန ဌာနခွဲ နှင့် ညှိနှိုင်း၍ နှစ်ကာလအလိုက် သုတေသနလုပ်ငန်း အမည်နှင့် အမျိုးအစားကို ရေးဆွဲဖော်ပြပေးရန် ဖြစ်ပါသည်။ ပူတာအိုခရိုင်အတွင်းရှိ သုတေသနလုပ်ငန်းများ အား အမျိုးသားဥယျာဉ်ရှိ ဝန်းထမ်းများနှင့် ပူးပေါင်း၍ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲမှုများ နှင့် ပတ်သက်သည့် သုတေသန လုပ်ငန်းများကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ စစ်ဆောင်ပနား အပူပိုင်း ရုက္ခဗေဒ ဥယျာဉ် (XTBG)တို့ပညာရှင်များနှင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဝန်ထမ်း များ ပူးပေါင်း၍ ပေါက်ရောက်ပင်များအား သုတေသနပြုလုပ်ခြင်း ဇီဝမျိုးစုံမျိုးကွဲများ မှတ်တမ်း တင်ခြင်းတို့ကို ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဝင်ရောက်လေ့လာ ဆောင်ရွက်လျက်ရှိပါသည်။ ဖုန်ကန်ရာဇီ ဘေးမဲ့တောတွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်သိပ္ပံ အကယ်ဒမီရုက္ခဗေဒ ဌာန (IBCAS) မှ ပညာရှင်များနှင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ဝန်ထမ်းများ ပူပေါင်း၍ ဟိမဝန္တာတောင်တန်းဒေသရှိ သစ်ပင်ပန်းမန်များ သုတေသန ပြုလုပ် ခြင်းနှင့် ဇီဝမျိုးစုံ မျိုးကွဲများ မှတ်တမ်းတင်ခြင်းကိုလည်း ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ MoU ထိုး၍ ဆောင်ရွက်လျှက်ရှိပါသည်။

ဂျာမဏီနိုင်ငံ Marburg တက္ကသိုလ်ပထဝီဝင်ဌာနမှ ပညာရှင်များ နှင့် ခါကာဘိုရာဇီ အမျိုးသားဥယျဉ်ဝန်ထမ်းများ ပူးပေါင်း၍ မြင့်မားသော တောင် တန်းဒေသများတွင် ပေါက်ရောက်သော သစ်ပင်ပန်းမန်များ သုတေသန ပြုလုပ် မှတ်တမ်းတင်ခြင်းကို ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ် အထိ MoU ထိုး၍ ဆောင်ရွက် လျှက်ရှိပါသည်။

### ၉.၈.၃ ဖွံ့ဖြိုးရေး

ခရိုင်အတွင်းလုပ်ဆောင်မည့် လေ့ကျင့်ရေးနှင့်သုတေသနလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ခြင်းကြောင့် ဂန်ထမ်းများနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ကြောင့် သဘာဂတော များ၊ စိုက်ခင်းများ တိုးတက်လာပြီးလောင်စာစွမ်းအင် သုံးစွဲမှု များ လျော့နည်း လာခြင်း၊ မိုးလေဂသမှန်ကန်မှု၊ တောရိုင်းတိရစ္ဆာန်များ ဖွံ့ဖြိုး တိုးတက် လာမှု၊ ဇလဗေဒ၊ ရေစီးရေလာနှင့် ရေရရှိမှု၊ ဇီဂမျိုးစုံမျိုးကွဲများနှင့် သဘာဂဂန်းကျင် ထိန်းသိမ်း မှုတို့တွင် ဂန်ထမ်းများနှင့် ပြည်သူများ အသိပညာကို ပိုမိုနားလည်မှု ရှိလာနိုင် မည်ဖြစ်ပါသည်။

## ၉.၉ သစ်တောအခြေခံလုပ်ငန်း

### ၉.၉.၁ ပြည်သူပိုင်ကဏ္ဍ

ဖော်ပြရန်မရှိပါ။

### ၉.၉.၂ သမဝါယမပိုင်ကဏ္ဍ

ဖော်ပြရန်မရှိပါ။

## ၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ

ဖော်ပြရန်မရှိပါ။

## ၉.၉.၄ ပုဂ္ဂလိကပိုင်ကဏ္ဍ

ခရိုင်အတွင်း သစ်အခြေခံစက်မှုလုပ်ငန်းများဖြစ်သော ပရိဘောဂလုပ်ငန်းများ၊ သစ်ဆိုင်များ၊ သစ်တောထွက်ပစ္စည်းများ အရောင်းဆိုင်များကို ပုဂ္ဂလိကများက လုပ်ကိုင် ဆောင်ရွက်နေကြပြီဖြစ်ရာ ဖွံ့ဖြိုးတိုးတက်စွာ လုပ်ကိုင်နိုင်ရေးအတွက် စီမံကိန်းကာလအတွင်း ကုန်ကြမ်းပစ္စည်းဖြစ်သော သစ်နှင့်သစ်တောထွက်ပစ္စည်းများကို စနစ်တကျ ဆက်လက်ထုတ်လုပ် ဖြန့်ဖြူးရောင်းချပေးရေးကို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ကုန်ကြမ်း ရရှိနိုင်မှုနှင့် အာမခံချက် ပေးနိုင်မှု အပေါ်မူတည်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများကို ရင်းနှီး လုပ်ကိုင် သွားကြမည်သာ ဖြစ်ပါသည်။

## ၉.၁၀ သဘာဝဝန်းကျင်နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့်အချက်များ

လက်ရှိကျင့်သုံးလုပ်ကိုင်နေသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနည်းစနစ်နှင့် သစ်ထုတ်ရေးနည်းစနစ်ကြောင့်သဘာဂဂန်းကျင်အပေါ် ဖြစ်ပေါ်လာနိုင်သည့်အကျိုးသက်ရောက်မှုများ (ကောင်းကျိုး/ ဆိုးကျိုး) များသည်အောက်ပါ အတိုင်းဖြစ် ပါသည်-

## ၉.၁၀.၁ သစ်တောစိုက်ခင်းများ

ပူတာအိုခရိုင်အတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင်လည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရာတွင် လည်းကောင်း၊ ဖုန်းဆိုးတောများ၊ ကွက်လပ်များတွင်စိုက်ခင်းများအဖြစ် တည်ထောင် ဆောင်ရွက်စေခြင်းဖြင့် ရေ၊ မြေသဘာဝဝန်းကျင် ကောင်းမွန်လာစေမည် ဖြစ်ပါသည်။

## ၉.၁၀.၂ သစ်ထုတ်လုပ်ခြင်း

ဖော်ပြရန်မရှိသေးပါ ။

## ၉.၁၀.၃ အပန်းဖြေခြင်းနှင့်သဘာဝအခြေခံခရီးသွားလုပ်ငန်း

ဖော်ပြရန်မရှိသေးပါ ။

## ၉.၁၀.၄ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များထိန်းသိမ်းခြင်းကြောင့် သဘာဂ ဝန်းကျင်များပိုမိုကောင်းမွန်တိုးတက်လာပြီး ဇီဂမျိုးစုံမျိုးကွဲများ သဟဇာတဖြစ်၍ တိရစ္ဆာန်များ ပေါ်များလာ ခြင်း၊ သဘာဂအပင်များ လှပလာခြင်း စသော အကျိုးတရားများ ဖြစ်ပေါ်လာနိုင်ပါသည်။

### ၉.၁၀.၅ သဘာဝဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်း

Environmental impact assessment (EIA)သည် သဘာဝနှင့် လူမှုစီးပွား ရေးဆိုင်ရာ ပတ်ဝန်းကျင်တို့အပေါ် အုပ်ချုပ်လုပ်ကိုင်မှုများ၏ အကျိုးသက် ရောက်မှုအပေါ် အကဲဖြတ်ပြီး အပြုသဘောမဆောင်သည့် အကျိုးသက် ရောက်မှု များ(negative impacts) ကို လျှော့နည်းစေမည့် လုပ်ဆောင်ချက် များကို ပြဋ္ဌာန်းသတ်မှတ်ပေးမည် ဖြစ်ပါသည်။

## ၉.၁၁ အခြေခံအဆောက်အဦး

### ၉.၁၁.၁ အဆောက်အအုံ၊ လမ်းနှင့်တံတားများ

ပူတာအိုခရိုင်အတွင်း ပူတာအိုမြို့နယ် ဦးစီးဌာနမှူးရုံး တစ်ရုံးသာရှိသဖြင့် ခရိုင်ဦးစီးဌာနမှူး တစ်ရုံးကို စီမံကိန်းကာလအတွင်း တည်ဆောက်နိုင်ပါက ပိုမို ကောင်းမွန် မည်ဖြစ်ပြီး ခရိုင်တည်ဆောက်ရာတွင် ကုန်ကျမည့် ခန့်မှန်းငွေစာ ရင်းအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

**ပူတာအိုခရိုင်၊သစ်တောဦးစီးဌာန ခရိုင်ရုံး (၁)ရုံး တည်ဆောက်ရာတွင် ခန့်မှန်းကုန် ကျငွေစာရင်း**

ဇယား (၉-၁၁-၁)

| မြို့နယ် | အဆောက်အဦအမည် | အမျိုးအစား | အရေအတွက် | ဆောက်လုပ်ရန်ရည်ရွယ်သည့်နှစ် | ဆောက်လုပ်မည့်နေရာ | ခန့်မှန်းကုန်ကျမည့်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ပူတာအို | ခရိုင်ရုံး | နံကပ် (၁)ထပ် 37' x 42' | ၁ | ၂၀၁၇ | သစ်တောရုံးဝင်း | ၄၃၃၀၀၀၀၀ | |

ဇစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ ပူတာအို

### ၉.၁၁.၂ ဆက်သွယ်ရေး

### ၉.၁၁.၃ စက်နှင့်စက်ကိရိယာများ

စီမံကိန်းကာလအတွင်း ပူတာအိုခရိုင်၌ အောက်ပါစက်နှင့် စက်ကိရိယာများ လိုအပ်ပါသည်။

**စီမံကိန်းကာလအတွင်း လိုအပ်သော ယာဉ်ယန္တရားများ၊ စက်ကိရိယာများစာရင်း**

**ဇယား(၉-၁၁-၃)**

| စဉ် | နှစ်ကာလ | အမျိုးအစား | အရေအတွက် | ခန့်မှန်းတန်ဘိုး |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ၂၀၁၅ မှ ၂၀၂၀ အထိ | သုံးဘီးဆိုင်ကယ် | ၁ စီး | ၂၀ သိန်းခန့် |
| ၂။ | ။ | မော်တော်ဆိုင်ကယ် | ၁ စီး | ၃ သိန်းခွဲခန့် |

ဇစ်မြစ်- ခရိုင်သစ်တောဦးစီးဌာန၊ ပူတာအို။

## ၉.၁၂ ဝန်ထမ်းအင်အားနှင့်ဘတ်ဂျက်

### ၉.၁၂.၁ ဝန်ထမ်းအင်အား

စီမံကိန်းကာလအတွင်း ဆောင်ရွက်မည့် သစ်တောလုပ်ငန်းများအတွက် လုပ်သား လိုအပ်ချက်များကို အဆင့်ဆင့် တင်ပြ သွားပါမည်။

စီမံကိန်းကာလအတွင်းလိုအပ်သောလုပ်သားစာရင်းကို **ဇယား(၉-၁၂-၁)** တွင် ဖော်ပြ ထား ပါသည်။

## စီမံကိန်းကာလအတွင်း ပူတာအိုခရိုင်၌ လိုအပ်သော လုပ်သားစာရင်း

ဇယား ( ၉-၁၂-၁)

| စဉ် | လုပ်ငန်းအမည် | ၂၀၁၆ မှ ၂၀၁၇ | ၂၀၁၇ မှ ၂၀၁၈ | ၂၀၁၈ မှ ၂၀၁၉ | ၂၀၁၉ မှ ၂၀၂၀ | ၂၀၂၀ မှ ၂၀၂၁ | ၂၀၂၁ မှ ၂၀၂၂ | ၂၀၂၂ မှ ၂၀၂၃ | ၂၀၂၃ မှ ၂၀၂၄ | ၂၀၂၄ မှ ၂၀၂၅ | ၂၀၂၅ မှ ၂၀၂၆ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁<br>၂<br>၃<br>၄<br>၅<br>၆ | ပဝတ္တိမျိုးဆက်ခြင်း<br>ပေါင်းရှင်းလင်းခြင်း<br>သစ်တောလမ်းပြင်ဆင်ခြင်း<br>ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း<br>မီးကာကွယ်ခြင်း | ၅၀ | ၁၅၀ | ၁၅၀ | ၂၀၀ | ၂၅၀ | ၁၅၀ | ၁၀၀ | ၁၅၀ | ၁၅၀ | ၈၀ | ၁ မိုင်လျှင် ၁၀ဦးနှုန်း |
| | **စုစုပေါင်း** | ၅၀ | ၁၅၀ | ၁၅၀ | ၂၀၀ | ၂၅၀ | ၁၅၀ | ၁၀၀ | ၁၅၀ | ၁၅၀ | ၈၀ | |

ဇစ်မြစ် - သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်

## ၉.၁၂.၂ ဘတ်ဂျက်

စီမံကိန်းကာလအတွင်း သစ်တောလုပ်ငန်းအမျိုးအစားအလိုက် ဘတ်ဂျက်လိုအပ်မှုကို ငွေလုံးငွေရင်း အသုံးစရိတ်နှင့် သာမန်အသုံးစရိတ်ဟူ၍ သီးခြားဖော်ပြပါသည်။

**စီမံကိန်းကာလအတွင်း ပူတာအိုခရိုင်တွင် သစ်တောလုပ်ငန်း အမျိုးအစားအလိုက် နှစ်စဉ်ဘတ်ဂျက်လိုအပ်မှု (ငွေလုံးငွေရင်း အသုံးစရိတ်)**

**ဇယား (၉-၁၂-၂)က**

| စဉ် | လုပ်ငန်းအမျိုးအစား | ရေတွက်ပုံ | ပမာဏ | ခွင့်ပြုနှုန်း | လိုအပ်သည့် ရန်ပုံငွေ | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၂၀၁၆-၂၀၁၇ | | | | | | |
| ၂၀၁၇-၂၀၁၈ | | | | | | |
| ၂၀၁၈-၂၀၁၉ | | | | | | |
| ၂၀၁၉-၂၀၂၀ | | | | | | |
| ၂၀၂၀-၂၀၂၁ | | | | | | |
| ၂၀၂၁-၂၀၂၂ | | ---မရှိပါ--- | | | | |
| ၂၀၂၂-၂၀၂၃ | | | | | | |
| ၂၀၂၃-၂၀၂၄ | | | | | | |
| ၂၀၂၄-၂၀၂၅ | | | | | | |
| ၂၀၂၅-၂၀၂၆ | | | | | | |
| **စုစုပေါင်း** | | | | | | |

ဇစ်မြစ် - ပူတာအိုခရိုင်၊ သစ်တောဦးစီးဌာန

**စီမံကိန်းကာလအတွင်း ပူတာအိုခရိုင်တွင် သစ်တောလုပ်ငန်း အမျိုးအစားအလိုက် နှစ်စဉ်ဘတ်ဂျက်လိုအပ်မှု**
**(သာမန် အသုံးစရိတ်)**

ဇယား (၉-၁၂-၂)ခ

| စဉ် | လုပ်ငန်း အမျိုးအစား | ရေတွက်ပုံ | ပမာဏ | ခွင့်ပြုနှုန်း | လိုအပ်သည့် ရန်ပုံငွေ | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၂၀၁၆-၁၇ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>သစ်ပင်ပွဲတော်ပျိုးထောင်ခြင်း | မိုင်<br>ပင် | ၅<br>၁၃၅၀၀ | ၃၆၀၀<br>၁၀ | ၁၈၀၀၀၀<br>၁၃၅၀၀၀ | တစ်မိုင်လျှင် (၁၀)ဦးနှုန်း |
| ၂၀၁၇-၁၈ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>သစ်ပင်ပွဲတော်ပျိုးထောင်ခြင်း | မိုင်<br>ပင် | ၁၅<br>၁၃၅၀၀ | ၃၆၀၀<br>၁၀ | ၅၄၀၀၀၀<br>၁၃၅၀၀၀ | |
| ၂၀၁၈-၁၉ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>သစ်ပင်ပွဲတော်ပျိုးထောင်ခြင်း | မိုင်<br>ပင် | ၁၅<br>၁၃၅၀၀ | ၃၆၀၀<br>၁၀ | ၅၄၀၀၀၀<br>၁၃၅၀၀၀ | |
| ၂၀၁၉-၂၀ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>သစ်ပင်ပွဲတော်ပျိုးထောင်ခြင်း | မိုင်<br>ပင် | ၂၀<br>၁၃၅၀၀ | ၃၆၀၀<br>၁၀ | ၇၂၀၀၀၀<br>၁၃၅၀၀၀ | |
| ၂၀၂၀-၂၁ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>သစ်ပင်ပွဲတော်ပျိုးထောင်ခြင်း | မိုင်<br>ပင် | ၂၅<br>၁၃၅၀၀ | ၃၆၀၀<br>၁၀ | ၅၄၀၀၀၀<br>၁၃၅၀၀၀ | |
| ၂၀၂၁-၂၂ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>သစ်ပင်ပွဲတော်ပျိုးထောင်ခြင်း | မိုင်<br>ပင် | ၁၅<br>၁၃၅၀၀ | ၃၆၀၀<br>၁၀ | ၅၄၀၀၀၀<br>၁၃၅၀၀၀ | |
| ၂၀၂၂-၂၃ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>သစ်ပင်ပွဲတော်ပျိုးထောင်ခြင်း | မိုင်<br>ပင် | ၁၀<br>၁၃၅၀၀ | ၃၆၀၀<br>၁၀ | ၃၆၀၀၀၀<br>၁၃၅၀၀၀ | |
| ၂၀၂၃-၂၄ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>သစ်ပင်ပွဲတော်ပျိုးထောင်ခြင်း | မိုင်<br>ပင် | ၁၅<br>၁၃၅၀၀ | ၃၆၀၀<br>၁၀ | ၅၄၀၀၀၀<br>၁၃၅၀၀၀ | |
| ၂၀၂၄-၂၅ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>သစ်ပင်ပွဲတော်ပျိုးထောင်ခြင်း | မိုင်<br>ပင် | ၁၅<br>၁၃၅၀၀ | ၃၆၀၀<br>၁၀ | ၅၄၀၀၀၀<br>၁၃၅၀၀၀ | |
| ၂၀၂၅-၂၆ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း<br>သစ်ပင်ပွဲတော်ပျိုးထောင်ခြင်း | မိုင်<br>ပင် | ၈<br>၁၃၅၀၀ | ၃၆၀၀<br>၁၀ | ၂၈၈၀၀၀<br>၁၃၅၀၀၀ | |

ဇစ်မြစ်- သစ်တောဦးစီးဌာန၊ ပူတာအိုခရိုင်။

## ၉.၁၂.၃ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ဆန်းစစ်ခြင်း

ဓမ္မတာမျိုးဆက်ခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်း၊ မီးကာကွယ်ခြင်း လုပ်ငန်းများတွင် ခွဲဝေချထားငွေ လွန်စွာပင်နည်းပါးသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ရန်ပုံငွေလုံလောက်မှု မရှိသဖြင့် လုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲ ကြုံတွေ့ရပါသည်။

သို့ပါ၍ သစ်တောလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေကို ဒေသ ပေါက်ဈေးနှုန်းဖြင့် ချိန်ကိုက်ပြီးခွင့်ပြုပေးပါက ပိုမိုအဆင်ပြေမည်ဟုထင်မြင်ပါ သည်။

သစ်တောလမ်းပြင်ဆင်ခြင်းလုပ်ငန်းတွင် သစ်တောဦးစီးဌာနမှ ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ရသောလမ်းများကိုပြင်ဆင်ခြင်းမဟုတ်ဘဲ၊ စိုက်ခင်းဧရိယာအတွင်း အကြီးအကဲများလာရောက် စစ်ဆေးရာတွင် သွားလာမှု လွယ်ကူစေရန် စစ်ဆေးလမ်း ဖောက်လုပ်ခြင်းသာ လုပ်ကိုင်ရပါသည်။ သို့ပါ၍ ကောင်းမွန်သော လမ်းများ ဖောက်လုပ်ရန် ရန်ပုံငွေ အလုံအလောက်ချထား ပေးရန်သာ ဖြစ်ပါ သည်။

ကြိုးဝိုင်းနယ်နိမိတ်နှင့် အကွက်နယ်နိမိတ်များမှာ နှစ်စဉ် ပြုပြင် သင့်သော လုပ်ငန်းဖြစ်ပြီး နယ်နိမိတ်များ ထင်ရှားပြတ်သားစွာ မရှိခြင်းသည် သစ်တောဧရိယာများ ကျူးကျော်ခံရခြင်း၊ လယ်ယာမြေများ ချဲ့ထွင်လာပါက ပြောဆိုနိုင်ရန် အခွင့်အလမ်းနည်းပါးခြင်းများကိုတွေ့လာနိုင်စေပါသည်။ သို့ဖြစ်ပါ၍ ယင်းလုပ်ငန်းအတွက်ရန်ပုံငွေအလုံအလောက် ချထားပေးပြီး ဆောင်ရွက်စေသင့်ပါသည်။

မီးကာကွယ်ခြင်းမှာ အလွန်အရေးကြီးသော လုပ်ငန်းဖြစ်၍ မီးအန္တရာယ်ကို ထိထိရောက်ရောက် ကြိုတင်ကာကွယ်ထားနိုင်ပါက အကျိုးအမြတ်များစွာ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် မီးကာကွယ်ခြင်းလုပ်ငန်းများအတွက်ရန်ပုံငွေ လုံလောက်စွာချထားပေးသင့်ပါသည်။ ထို့အပြင် မီးစောင့်များ လုံလောက်စွာ ခန့်ထားခြင်း၊ မီးငြိမ်းသတ်ဂတ်စုံနှင့် ကိရိယာများလုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ပါက ပိုမို ကောင်းမွန်ပါသည်။

## ၉.၁၃ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

ကြီးကြပ် စစ်ဆေးခြင်းသည် လုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်နေစဉ် ကာလအတွင်းဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပြီး အကဲဖြတ်ခြင်းမှာ စီမံကိန်းအစီအစဉ်တစ်ခုကို အကောင်အထည် ဖော်ဆောင်ရွက်သဖြင့် ထွက်ပေါ်လာသည့် ရလဒ်များကို တန်ဖိုးဖြတ်သည့် လုပ်ဆောင်မှု တစ်ခုဖြစ်ပါသည်။

### ၉.၁၃.၁ ရည်ရွယ်ချက်များ

ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာရည်ရွယ်ချက်များ

၁။ တိုးတက်မှုနှင့်ရလဒ်များကို ခန့်မှန်းအကဲဖြတ်ရန်၊

၂။ အခက်အခဲများကြုံတွေ့ဖွယ်ရှိသည့်နယ်မြေ(Potential Problem Areas) များကို မီးမောင်းထိုးပြရန်၊

၃။ ကုန်ကျစရိတ်သက်သာသည့် လုပ်ကိုင်နည်းစနစ်များ တိုးတက် ဖြစ်ပေါ်လာစေရန်၊

၄။ပိုမိုထိရောက်မှုရှိပြီးစနစ်ကျသည့် လုပ်နည်းကိုင်နည်းများကို ကျင့်သုံးရာတွင် စီမံကိန်းအကောင်အထည်ဖော်သူ မန်နေဂျာများကို ပံ့ပိုးကူညီရန် တို့ဖြစ်ပါသည်။

**အကဲဖြတ်ခြင်းဆိုင်ရာရည်ရွယ်ချက်များ**

၁။ စီမံကိန်း/ လုပ်ငန်းအစီအစဉ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှ ရရှိလာသည့် ကျိုးကြောင်းဆီလျော်မှု/ အခြေခိုင်ခြင်း (Validity) ၊ထိရောက်မှု (Effectiveness)နှင့် လျော်ကန်သင့်မြတ်မှု (Worthiness)စသည့် အချက်များ အပေါ် အခြေခံသော လက်တွေ့ သင်ခန်းစာများကို နောင်လုပ်ကိုင်မည့် အလားတူ လုပ်ငန်းများ အတွက် ထုတ်ဖော် အသုံးချ သွားနိုင်ရန်၊

၂။ လုပ်ဆောင်မှုများနှင့် ဆက်နွယ်နေသည့် အကြောင်းအရာများ၊ အကျိုး သက်ရောက်မှုများနှင့် လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှု များကို ဓမ္မဓိဋ္ဌာန်ကျကျ စီစစ်ရန်တို့ဖြစ်ပါသည်။

## ၉.၁၃.၂ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းနည်းစနစ်/ နည်းလမ်း

သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ရာတွင် လုပ်ငန်း တိုးတက်မှုကို ကြီးကြပ်သည့်စနစ် (Monitoring System) သည် အောက်ပါ အချက်အလက်များကို သုံးသပ်သွားမည်ဖြစ်ပါသည်-

၁။ ရေးဆွဲချမှတ်ထားသည့် စီမံကိန်းပါအချက်အလက်များကို အကောင် အထည် ဖော်ဆောင်ရွက်ရာတွင် ရရှိသည့်အောင်မြင်မှုများနှင့် တွေ့ကြုံ ရသည့် အခက် အခဲ အတားအဆီးများ၊

၂။ တာဝန်ယူဆောင်ရွက်မှုများ၏ အရည်အသွေး၊

၃။ ကုန်ကျမှုနှင့် အကျိုးရှိမှု၊

၄။ ဝင်ငွေနှင့်သုံးငွေ၊

၅။ သွင်းအားစုများ (ငွေကြေး၊ လူအင်အားနှင့် လုပ်ငန်းသုံးပစ္စည်းများ စသည့်) ရရှိနိုင် မှုနှင့် အသုံးပြုမှု

ထို့အတူအကဲဖြတ်သည့်စနစ် (Evaluation System) သည်လည်း စီမံကိန်း ကာလ တစ်လျှောက်လုံးတွင် အကဲဖြတ်ခြင်း (၄)မျိုးကို ဆောင်ရွက်မည် ဖြစ်ပါ သည်။

၁။ စဉ်ဆက်မပြတ်အကဲဖြတ်ခြင်း

၂။ စီမံကိန်းအလယ်အကဲဖြတ်ခြင်း

၃။ စီမံကိန်းအဆုံးအကဲဖြတ်ခြင်း

၄။ လုပ်ငန်းပြီးဆုံးပြီးနောက်အကဲဖြတ်ခြင်း

## ၉.၁၃.၃ စီမံကိန်းအလယ်/ စီမံကိန်းအဆုံးတွင်အကဲဖြတ်ခြင်း

စီမံကိန်းအလယ် (၅)နှစ်တွင် တစ်ကြိမ်အကဲဖြတ်ခြင်းနှင့် ချမှတ်ထားသော မူဝါဒများကို ပြန်လည်သုံးသပ်နိုင်ပြီး ဖွံ့ဖြိုးမှုလမ်းကြောင်းကိုလည်း လိုအပ်ပါက ပြန်လည်တည့်မတ်ပေးနိုင်မည်ဖြစ်ပါသည်။ အကဲဖြတ်ခြင်းကြောင့် ချမှတ်ထား သောရည်မှန်းချက်များကို ပြန်လည်ပြင်ဆင်နိုင်ပြီး စီမံကိန်းဆိုင်ရာ လုပ်ဆောင် ချက်များကိုလည်း ပိုမိုတိုးတက် ကောင်းမွန် စေ နိုင်ပါသည်။ စီမံကိန်းအဆုံးတွင်

အကဲဖြတ်ခြင်းဖြင့် စီမံကိန်းအတွက် ချမှတ်ထားသော ရည်ရွယ်ချက်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ၊ စီမံကိန်းကိုရေးဆွဲ အကောင် အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှုများ ( ကောင်းကျိုး/ ဆိုးကျိုး ) ကို ပြန်လည် သုံးသပ်ရန်ဖြစ်ပါ သည်။

**၉.၁၄ အထွေထွေ**

ပူတာအိုမြို့မှ မချမ်းဘောမြို့သို့ ရာသီမရွေးကားလမ်းရှိ (၁၄) မိုင်၊ မချမ်းဘောမှ နောင်မွန်သို့ နွေရာသီလမ်းရှိ(၆၀)မိုင်၊ နောင်မွန်မှ ခေါင်လန်ဖူးသို့ ခြေလျှင် လူသွားလမ်း(၅၄)မိုင်၊ ပူတာအိုမြို့ မှ ဆွမ်ပရာဘွမ်မြို့သို့ နွေရာသီလမ်းရှိ (၈၆)မိုင်၊ ဆွမ်ပရာဘွမ်မြို့မှ မြစ်ကြီးနားသို့ (၁၃၂)မိုင် နွေရာသီ ကားလမ်း ဖြစ်ပါသည်။ ပူတာအိုမြို့မှ မြစ်ကြီးနားမြို့သို့ တစ်ပတ်လျှင်(၁)ရက်ခြားလေယာဉ် ပြေးဆွဲနေပါ သည်။

## ၁၀။ မြေပုံနှင့်နောက်ဆက်တွဲများ

ပူတာအိုခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတွင်အောက်ပါမြေပုံများပါဝင်သည်-

၁။ အုပ်ချုပ်မှုပြမြေပုံ။

၂။ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေ နယ်နိမိတ် များပြမြေပုံ၊

၃။ အလုပ်တိုက်နယ်နှင့် ခုတ်စဉ် နယ်နိမိတ်များ ပြမြေပုံ။

၄။ သစ်တောဖုံးလွှမ်းမှုနှင့် မြေအသုံးချမှုပြမြေပုံ။

၅။ သစ်တောဘိနယ်အုပ်ချုပ်မှုပြမြေပုံ။

၆။ သစ်တောဦးစီးဌာန၊ စိုက်ခင်းများ တည်နေရာပြမြေပုံ။

၇။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းနှင့် ပုဂ္ဂလိကစိုက်ခင်း တည်နေရာပြမြေပုံ။

၈။ မြေအသုံးချဖုံနယ်မြေခွဲခြားခြင်းပြမြေပုံ